# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၀၇]


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊

လိုက်နာကျင့်သုံးခြင်းသည်

ကောင်းမြတ်သော မင်္ဂလာမည်၏။

# အာဆီယံအနေဖြင့် ပြည်တွင်းကိစ္စများကို ငြိမ်းချမ်းသည့်စေ့စပ်ဆွေးနွေးမှုများဖြင့် အဖြေရှာလျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင်ကျရောက်သည့် (၄၈)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် သဝဏ်လွှာ
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား။**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)တည်ထောင်ခြင်း၏ (၄၈)နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပါသည်။ ယခုကဲ့သို့ ထူးမြတ်သည့်အခါသမယတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့်တကွ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့အား ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရသေ့တောင်မြို့ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း၊ စာမျက်နှာ-၈) (ဓာတ်ပုံ-ပြန်/ဆက်)





DISTRIBUTED BY - FARMER PHOYARZAR CO., LTD.

FOUR "S" GROUP " CO., LTD.

www.mecwebsite.com

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## လူကုန်ကူးမှု သတိပြု

လူကုန်ကူးသူများသည် လူတို့၏ အခက်အခဲအကျပ်အတည်းများကို အမြဲမပြတ် စောင့်ကြည့်ပြီး အခွင့်အရေးကို အမိအရ အသုံးချလေ့ရှိပါသည်။ လူတို့၏ အားနည်းချက်များကို အခွင့်ကောင်းယူကာ လူမှောင်ခိုလုပ်ငန်းများ လုပ်ကိုင်တတ်ကြပါသည်။ လူတို့၏ စီးပွားရေးအကျပ်အတည်း၊ အသိဉာဏ်နည်းပါးမှု၊ ဘေးဒုက္ခတို့ ရင်ဆိုင်နေရချိန် မက်လုံးများပေးကာ လူမှောင်ခိုအဖြစ် စည်းရုံးသိမ်းသွင်းလေ့ရှိပါသည်။

မြန်မာနိုင်ငံတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုတို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၁)ခုတို့၌ ရေကြီးရေလျှံမှုများဖြစ်ကာ လူပေါင်း ၂၇၀၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပါသည်။ အိမ်ထောင်စုအများအပြား အိမ်တွင်းအိမ်ပြင် ပစ္စည်းများ၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ဤအခက်အခဲအကျပ်အတည်းများကို အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချကာ လူမှောင်ခိုများကို မျက်ခြည်မပြတ် လေ့လာသတိပြုရန် လိုအပ်လိမ့်မည်ဖြစ်ပါသည်။ အားနည်းချက်ကို အသုံးချပြီး လူမှောင်ခိုများ ဖြစ်ပွားလာနိုင်ပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကျေးလက်ဒေသများအထိ ဖြန့်ကြက်ကာ လူမှောင်ခိုကူးမှုတားဆီးရေး အသိပညာပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပါသည်။ မကြာသေးမီက နိုင်ငံတကာ သတင်းတစ်ရပ်တွင် ငလျင်သဘာဝဘေးဒဏ် အကြီးအကျယ်ခံရသည့် နီပေါနိုင်ငံမှ အမျိုးသမီး ၂၇ ဦးကို လူမှောင်ခိုကူးရန် ကြိုးပမ်းခဲ့ရာ အိန္ဒိယရဲတပ်ဖွဲ့က ကယ်တင်ပြီး နေရင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း ငလျင်ဒဏ်ခံဒေသမှ နီပေါအမျိုးသမီးအချို့သည် အရှေ့အလယ်ပိုင်းဒေသနှင့် ကင်ညာ၊ တန်ဇန်းနီးယားတို့၌ လူမှောင်ခိုကူးခံနေရသည်ဟု ဆိုထားပါသည်။ ဤသည်ကို ထောက်ရှုလျက် လူမှောင်ခိုများသည် လူတို့၏ အခက်အခဲ အကျပ်အတည်းကို အခွင့်ကောင်းယူကာ လူမှောင်ခိုကူးလေ့ရှိကြောင်းကို အသိပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

"တောမီးလောင် တောကြောင် လက်ခမောင်းခတ်" ဆိုသည့် စကားအတိုင်း လူမှောင်ခိုကူးသူများ၊ မသမာမှုလုပ်ငန်းများ လုပ်ကိုင်သူများသည် လူတို့၏ အခက်အခဲကို အခွင့်အလမ်းအဖြစ် အသုံးချတတ်ပါသည်။ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများတွင် လူမှောင်ခိုကူးမှုများ မပေါ်ပေါက်ရေးအတွက် ဆင်ခြင်တုံတရားလက်ကိုင်ပြုကာ အသိ၊ သတိရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## တိုင်းဒေသကြီးဝန်ကြီးချုပ် ကလေးခရိုင်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေး

**မုံရွာ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးသည် ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက မုံရွာမြို့မှ ရဟတ်ယာဉ်ဖြင့် ကလေးခရိုင် မင်းကင်းမြို့သို့ ရောက်ရှိရာ စက်လှေများဖြင့် မင်းကင်းမြို့အတွင်း ရေဝင်ရောက်မှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၃)ရပ်ကွက် ယွန်းကျောင်းတိုက် ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက မင်းကင်းမြို့နယ်အတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေဝင်ရောက်မှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ရေဘေးသင့်ပြည်သူများအတွက် ခေါက်ဆွဲခြောက်ထုပ်များ၊ ကြက်ဥများ၊ ရေသန့်ဆေးများနှင့် ဆေးအမျိုးမျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ရွှေတောင်ကုမ္ပဏီမှ CEO ဦးအောင်ဇော်နိုင်က မင်းကင်းမြို့ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ ပြည်ထောင်စုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အလှူငွေကျပ် တစ်သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကလေးမြို့နယ် ကလေး-ဂန့်ဂေါကားလမ်းပေါ်ရှိ မိုးရေကြီးမှုကြောင့် ကမ္ဘာနီတံတားရေတိုက်စား၍ ထိခိုက်ပျက်စီးသွားမှုနှင့် မြောင်းချောင်းတံတားချဉ်းကပ်လမ်း ပျက်စီးသွားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် ကလေးမြို့သို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်ရုံးဝင်းအတွင်း ရေဝင်ရောက်မှုကြောင့် ဒီဇယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပျက်စီးမှုအခြေအနေ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရေများကျဆင်း၍ နုန်းမြေများ ပြန်လည်ထူထောင်ရေးလုပ်ငန်း အမြန်ပြီးစီးရေးနှင့် နေသာကျောင်းတိုက် ရေကျဆင်းမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံများအတွင်း နုန်းမြေများ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ မြို့တော်ခန်းမ ရေကျဆင်းမှုနှင့် ကလေးမြို့အတွင်း လမ်းဘေးဝဲယာရေများကျဆင်း၍ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ကလေးတပ်နယ် အောင်ဆန်းခန်းမတွင် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများရောက်ရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ကြံခင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်တွင် ရောက်ရှိနေဆဲ

**ကြံခင်း ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့တွင် ဩဂုတ် ၅ ရက်အထိ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၇၄ လက်မထက်ကျော်လွန်၍ ရေကြီးနစ်မြုပ်နေသည့် အိမ်ထောင်စု ၅၀၀ ကျော်ခန့်မှ လူဦးရေ ၂၂၃၀ ကျော်ကို ကယ်ဆယ်ရေးစခန်းခုနစ်ခုတွင် ဆက်လက်ထားရှိ၍ ထမင်းထုပ်၊ ရေဆန်နှင့်ဆီများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့ခံစေတနာရှင်များနှင့် ဆက်စပ်ညှိနှိုင်း၍ ထောက်ပံ့ပေးဝေလျက်ရှိသည်။

ဩဂုတ် ၄ ရက် ညက ရောက်ရှိလာသော တပ်မတော်နယ်လှည့်ဆေးကုသရေး မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်မြင့် ဦးဆောင်သော တပ်မတော်အထူးကုဆရာဝန်ကြီး ၁၁ ဦးနှင့် ဆေးအဖွဲ့သားများကလည်း ဩဂုတ် ၅ ရက်မှစ၍ ရေဘေးကယ်ဆယ်ရေးစခန်းခုနစ်ခုမှ ဒေသခံများအား ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

**ဌေးမင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၂၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄ |
| ဥရောပ | တစ်ယူရို | ၁၃၄၂.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၃.၀၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၁၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၂၃ |
| တရုတ် | တစ်ယွမ် | ၁၉၈.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈.၆၂ |

ခင်ရတနာ-စုစည်းသည်။

❖ *ရှေ့ဖုံးမှ*

ယခုနှစ် အာဆီယံ၏ထူးခြားမှုမှာ ယခုနှစ်ကုန်တွင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုများအရ ပေါင်းစည်းထားသည့် အာဆီယံအသိုက်အဝန်းကြီး ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ အာဆီယံအဖွဲ့အနေဖြင့် ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေးပေါင်းစည်းမှုနှင့် ရေရှည်တည်တံ့မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစရှိသည့် ရည်မှန်းချက်များအတွက် ဦးတည်ဆောင်ရွက်ရာတွင် အရေးပါသည့်အောင်မြင်မှုများ ရရှိထားပြီး လက်ရှိတိုးတက်ဖြစ်ပေါ်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့အလယ်တွင် အာဆီယံအသိုက်အဝန်းကြီးကို စုပေါင်းကြိုးပမ်းမှုများနှင့် ထည်ထည်ဝါဝါဖြစ်ပေါ်လာစေနိုင်မည် ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း တည်ဆောက်ရှင်သန်ရေးသည် အာဆီယံ၏ အန္တိမရည်မှန်းချက်ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်ကိုဦးတည်ပြီး ၂၀၀၃ ခုနှစ်၊ ဘာလီသဘောတူညီချက်အပေါ်အခြေခံသည့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးကို သဘောတူညီခဲ့ကြပါသည်။ အဆိုပါရည်မှန်းချက်ကို ၂၀၀၈ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းတွင် ထပ်လောင်းအတည်ပြုဖော်ပြခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုကိုအခြေပြုပြီး တည်ဆောက်သည့် အာဆီယံအသိုက်အဝန်းသည် "ပြည်သူ့ဗဟိုပြု၊ ပြည်သူ့အခြေပြု" သည့် အသိုက်အဝန်းဖြစ်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအချက်ကို ၂၀၁၅ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံမှ အာဆီယံ၏ဆောင်ပုဒ်ကို "Our People, Our Community, Our Vision" ဟု သတ်မှတ်ထားခြင်းသည် များစွာ လျော်ကန်မှုရှိပါသည်။ အဆိုပါဆောင်ပုဒ်သည် အာဆီယံ၏ ဖြတ်သန်းခဲ့သော (၄၈)နှစ်အတွင်း ဒေသတွင်းပေါင်းစည်းမှုနှင့် ပြည်သူ့ဗဟိုပြုဆောင်ရွက်မှုများကို ထင်ဟပ်စေမည်ဖြစ်ပါသည်။ ယခုအခါ အာဆီယံခေါင်းဆောင်များအနေဖြင့် အာဆီယံပါလီမန်များညီလာခံ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုများပြုလုပ်လျက်ရှိပါသည်။

အာဆီယံအသိုက်အဝန်းတွင် အဓိကမဏ္ဍိုင်များအဖြစ် ပါဝင်ကြသည့် နိုင်ငံရေး၊ လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နှင့် လူမှုရေးယဉ်ကျေးမှု မဏ္ဍိုင်များ၏ ရည်မှန်းချက်များသည် ပြည်သူများ၏ ငြိမ်းချမ်းမှုနှင့် လုံခြုံမှု မြှင့်တင်ပေးရန်၊ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းမြင့်မားစေရန်၊ ဒေသတွင်း ပြည်သူများအကြား နားလည်မှုပိုမိုတည်ဆောက်နိုင်ရန်နှင့် အပြန်အလှန် ဆက်ဆံမှုများ မြှင့်တင်ပေးရန် ဖြစ်ပါသည်။

နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်အရ အာဆီယံအသိုက်အဝန်းအတွင်း ပဋိပက္ခများအားကာကွယ်ခြင်း၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာစေ့စပ်ဆွေးနွေး အဖြေရှာခြင်း၊ ပဋိပက္ခအလွန် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် တည်ဆောက်ခြင်း၊ နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာ အာဆီယံ၏တန်ဖိုးနှင့် စံချိန်စံညွှန်းတို့ကို မြှင့်တင်ထိန်းသိမ်းခြင်း စသည့်အခြေခံကောင်းများ တည်ဆောက်ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

စီးပွားရေးမဏ္ဍိုင်အနေဖြင့် အာဆီယံဒေသကို စီးပွားရေးအရတည်ငြိမ်မှု၊ တိုးတက်ဖွံ့ဖြိုးမှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်မားမှုတို့ရရှိရန် မြှင့်တင်ပေးခြင်း၊ ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေပင်ငွေရင်းတို့အား ဒေသတွင်းလွတ်လပ်စွာ လည်ပတ်စီးဆင်းနိုင်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျှော့နည်းစေကာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း၏ လူမှုရေးအသိုက်အဝန်း မဏ္ဍိုင်အောက်တွင် ကရုဏာတရားထွန်းကားပြီး အချင်းချင်းစောင့်ရှောက်မှုနှင့် မျှဝေခံစားမှုရှိသည့် အသိုက်အဝန်းဖြစ်စေရေး၊ ပြည်သူများ၏ ဘဝအဆင့်အတန်း ခိုင်မာစေရေး၊ အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များ၏ အခွင့်အရေးခိုင်မာစေရေး၊ သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်စွမ်းရှိစေသောဒေသအဖြစ် ဖန်တီးဖော်ဆောင်နိုင်ရန် မျှော်မှန်းထားရှိပါသည်။

ထို့အပြင် အာဆီယံနိုင်ငံများအနေဖြင့် မိမိတို့၏ ပြည်တွင်းကိစ္စများကိုလည်း ငြိမ်းချမ်းသည့် စေ့စပ်ဆွေးနွေးမှုများဖြင့် အဖြေရှာလျက်ရှိပါသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အရေးအကြီးဆုံး ဦးစားပေးကိစ္စအဖြစ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကျိုးပြုလျက်ရှိပါသည်။ ထို့အပြင် အာဆီယံအဖွဲ့အစည်းကထားရှိသည့် စံနှင့်တန်ဖိုးများဖြစ်ကြသော ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သောစီမံခန့်ခွဲအုပ်ချုပ်မှုတို့တွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့်တန်းတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံအသိုက်အဝန်း တည်ထောင်မှုတွင် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ထွန်းလာသည့်အတွက် အာဆီယံနိုင်ငံတိုင်း အကျိုးခံစားရမည်ဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းသည် တရားမျှတသည့် ယှဉ်ပြိုင်မှုမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံအသိုက်အဝန်းတွင် အခွင့်အလမ်းများ ပေးအပ်လျက်ရှိသကဲ့သို့ တရားမျှတသည့် စီးပွားရေးလုပ်ငန်းများ ထိန်းသိမ်းမြှင့်တင်ရန်လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကိုလည်း ချမှတ်ပေးမည် ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း တည်ထောင်ပြီးနောက် မိမိတို့နိုင်ငံအနေဖြင့် မိမိတို့အားထားရသည့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ သားငါးထုတ်လုပ်ရေးနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများကိုလည်း ဆက်လက်ဦးစားပေးသွားရမည်ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားစေရေး၊ ပြည်ပသို့တိုးတက်ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းသည် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြှင့်တင်ခြင်းဖြင့်လည်း ပြည်သူတို့၏ လူမှုရေးအကျိုးစီးပွားကို တိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို မျှော်မှန်းချက်အဖြစ် ထားရှိပါသည်။ ယနေ့ ကမ္ဘာတွင် တွေ့ကြုံခံစားနေကြရသည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများ၊ ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်မည်ကို ကြိုတင်သိရှိ အကာအကွယ်ယူနိုင်ရေး၊ အချိန်မီတုံ့ပြန်ကာကွယ်နိုင်ရေး၊ လူသားချင်းစာနာမှု အကူအညီများကို ထိရောက်စွာဖြန့်ဖြူး ကူညီနိုင်ရေးအစရှိသည့် အရေးပေါ်ကိစ္စရပ်များ၊ စားနပ်ရိက္ခာဖူလုံစေရေး၊ စွမ်းအင်ဖူလုံစေရေးစသည့် ဒေသတွင်းအရေးကိစ္စရပ်များကို အာဆီယံအနေဖြင့် အာဆီယံနိုင်ငံအချင်းချင်း လည်းကောင်း၊ ဆွေးနွေးဖက်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား။**

ယခုတင်ပြခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုအားလုံးသည် အာဆီယံပြည်သူတို့အတွက်ရည်ရွယ်၍ လုပ်ဆောင်ခြင်း၏ အကျိုးတို့ဖြစ်ပါသည်။ ပေါ်ထွန်းလာမည့် အာဆီယံအသိုက်အဝန်းသည် အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများကို အကျိုးရှိစေမည်ဖြစ်သကဲ့သို့ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ရမည်မှာမုချဖြစ်ပါသည်။ အခြေခံအားဖြင့် မတူညီကွဲပြားသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ ကိုးကွယ်မှုဘာသာများ၊ ကွာခြားသောဖွံ့ဖြိုးတိုးတက်မှု အစရှိသည့် မတူကွဲပြားမှုများရှိသည့် အာဆီယံအနေဖြင့် မတူညီမှုများကို စည်းလုံးညီညွတ်သော အင်အားအဖြစ် ပြောင်းလဲရန် အစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အာဆီယံအနေဖြင့် ပြီးခဲ့သည့် (၄၈)နှစ်တာ ကာလအတွင်းက ရရှိခဲ့သည့် တိုးတက်မှုများကိုအခြေခံပြီး အာဆီယံ၏ အောင်မြင်မှု၊ မတူကွဲပြားခြင်းနှင့် စည်းလုံးမှုတို့ကို ဂုဏ်ယူလျက် မကြာမီပေါ်ထွန်းလာမည့် အာဆီယံအသိုက်အဝန်းကိုကြိုဆိုကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံအသိုက်အဝန်းကြီး အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပါသည်။ ထို့ပြင် တာဝန်သိသော အာဆီယံပြည်သူများအဖြစ် အာဆီယံအသိုက်အဝန်းနှင့် အတူရရှိခံစားမည့် အခွင့်အလမ်းများကိုလည်း အကောင်းဆုံးအသုံးချနိုင်ကြပါစေရန် အာဆီယံနေ့ အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အာဆီယံအသိုက်အဝန်းတွင် အဓိကမဏ္ဍိုင်များအဖြစ် ပါဝင်ကြသည့် နိုင်ငံရေး၊ လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နှင့် လူမှုရေးယဉ်ကျေးမှု မဏ္ဍိုင်များ၏ ရည်မှန်းချက်များသည် ပြည်သူများ၏ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုမြှင့်တင်ပေးရန်၊ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းမြင့်မားစေရန်၊ ဒေသတွင်း ပြည်သူများအကြား နားလည်မှု ပိုမိုတည်ဆောက်နိုင်ရန်နှင့် အပြန်အလှန်ဆက်ဆံမှုများ မြှင့်တင်ပေးရန်ဖြစ်**

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၁၃ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ကိုးဦးတို့ တင်သွင်းခဲ့ပါသည်။

ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၇ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၂၅ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၅၀၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၈၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၀၄ ဦး၊ စုစုပေါင်း ၃၄၂၂ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၆၈ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၁၅ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www. uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အိန္ဒိယတပ်မတော်မှ ကလေးဒေသ ရေဘေးသင့်ကျေးရွာများအတွက် ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်း

**ကလေး ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် အိန္ဒိယတပ်မတော်မှ C-130 ကုန်တင်လေယာဉ်သည် ကလေးမြို့ လေဆိပ်သို့ ယနေ့ နံနက် ၈ နာရီက ဒုတိယအကြိမ် ရောက်ရှိလာပြီး ဆန်အိတ် ၂၈၀၊ ခေါက်ဆွဲခြောက် ၃၅ ဖာ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးနှင့် တာဝန်ရှိသူများက လက်ခံသည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် တတိယအကြိမ်အဖြစ် ဆန်အိတ် ၃၀၀ ကို ထပ်မံလာရောက်လှူဒါန်းခဲ့ရာ ချင်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က လက်ခံရယူခဲ့သည်။ **(သတင်းစဉ်)**




## ရထားလမ်းတံတား ရေတိုက်စားမှုကြောင့် လက်ပံတန်း-သာရဝေါလမ်းပိုင်း ခေတ္တရပ်ဆိုင်းထားရ

**လက်ပံတန်း ဩဂုတ် ၇** ပဲခူးတိုင်းဒေသကြီး လက်ပံတန်း-သာရဝေါလမ်းပိုင်း ကျောက်အိုင်ကျေးရွာနှင့် ခမုံကျေးရွာကြား မီးရထားလမ်းတံတားအမှတ် ၁၅-အေ မှာ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က မြစ်ရေတိုက်စားမှုကြောင့် ခမုံဘက်ခြမ်း အုတ်ခုံချဉ်းကပ်လမ်းမြေပြိုခဲ့မှုကြောင့် ရထားများခေတ္တရပ်ဆိုင်းထားရသည်။

ဖြစ်ပွားရာသို့ တိုင်းဒေသကြီးတာဝန်ခံ ဦးသက်ထွန်းနှင့် ဝန်ထမ်းများက ရထားများ ပုံမှန်ပြေးဆွဲနိုင်ရေးအတွက် နေ့/ညဆောင်ရွက်နေကြသည်။ လက်ပံတန်းမြို့တွင် ကယ်ဆယ်ရေးစခန်း ရှစ်ခု ဖွင့်လှစ်ထားပြီး ရေဘေးသင့်ကျေးရွာများမှ ပြည်သူများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၉၈)

# မြန်မာနိုင်ငံရေဘေးသင့်ဒေသများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရယာဉ်တန်းဖြင့် ပေးပို့လှူဒါန်း

**မန္တလေး ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရက လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ် ၁၄ စီးပါ ယာဉ်တန်းသည် မန္တလေးမြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဗဟိုကုန်သိုလှောင်ရုံသို့ ယနေ့ ညနေ ၄ နာရီတွင် ရောက်ရှိလာခဲ့သည်။

ထို့နောက် ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးဦးအောင်ဇံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျံတို့က အမှာစကားပြောကြားပြီး ယူနန်ပြည်နယ်အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူး Mr.Pu Jianhui က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက လှူဒါန်းရာတွင် ဆန်တန် ချိန် ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀၀၀၊ မိုးကာတဲ ၁၀၀၀ နှင့်နို့မှုန့်ဖာ ၅၀၀ စုစုပေါင်း ယွမ် ၂၄၁၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို ယူနန်ပြည်နယ်အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူး Mr. Pu Jianhui က ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်က လက်ခံရယူသည်။



အဆိုပါယာဉ်ကြီး ၁၁ စီးဖြင့် တင်ဆောင်လာသော ဆန်၊ ခေါက်ဆွဲခြောက်၊ နို့မှုန့်တို့ကို မန္တလေးမြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ဗဟိုကုန်သိုလှောင်ရုံ(မြို့ဟောင်း)တွင် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကုန်သိုလှောင်ရုံဂိုဒေါင်အတွင်းသို့ ချပေးပြီး ယာဉ်သုံးစီးဖြင့် တင်ဆောင်လာသော မိုးကာတဲ ၁၀၀၀ ကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်ထွက်ခွာပြီး ကလေးဒေသသို့ လေယာဉ်ဖြင့် ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**ထွန်းထွန်းနိုင်**

ဖောင်ပိတ်သတင်း

## ညောင်တုန်းတာ စိုးရိမ်ရေမှတ်ကျော်နေ၍ ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် တာဝန်ရှိသူများ ညပိုင်းတွင်လိုက်လံကြေညာ

**ညောင်တုန်း ဩဂုတ် ၇**

ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်သည် ၂၂ ဒသမ ၅ ပေဖြစ်ပြီး ယမန်နေ့က ရေအမှတ် ၂၅ ဒသမ ၆ ပေရှိကာ ဩဂုတ် ၇ ရက်တွင် စိုးရိမ်ရေမှတ် ၂၅ ဒသမ ၈ ပေသို့ ရောက်ရှိနေသောကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ကွပ်ကဲရေးရုံး၌ ယနေ့ည ၈ နာရီက အရေးပေါ်အစည်းအဝေးထိုင်၍ ရေအနည်းငယ်ကျော်နေသောနေရာနှင့် တာပေါင်အတွင်း ချစားပေါက်များမှ ရေစိမ့်ဝင်နေမှုကာကွယ်ရန် ပုသိမ်မြို့ ဆည်မြောင်းဦးစီးဌာနမှ ပညာရှင်များ၏ အကူအညီဖြင့် ညောင်တုန်းတာ ရေမကျော်ရန် အရေးပေါ်အစည်းအဝေးလုပ်ဆောင်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက် ၁၀ ခုအား ည ၁၀ နာရီ မိနစ် ၂၀ တွင် တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားကြရန် လိုက်လံကြေညာလျက်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့ တာပေါင်၏ ခံနိုင်ရည်အမြင့်မှာ ၂၆ ပေရှိပြီး ရပ်ကွက် (၄) (၁၂)လမ်းရှိ တာမှာ လက်လေးလုံးခန့် ရေလျှံနေပြီး အမှတ်(၁)ရပ်ကွက် စံအောင်ကျောင်းကွေ့တာမှ ရေစိမ့်ဝင်နေကာ အဆိုပါရပ်ကွက် ကျောင်းဦးကျောင်းတာပေါင်မှာလည်း ရေစိမ့်ဝင်နေသည့်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ ခုမှ ပြည်သူများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ရန် မြို့နယ်တာဝန်ရှိသူများက လိုက်လံကြေညာလျက်ရှိကြောင်းနှင့် လိုအပ်သောနေရာများကို အရေးပေါ်ဆောင်ရွက်ရန် တပ်မတော်အင်အားကိုလည်း ထပ်မံဖြည့်ဆည်းထားကြောင်း သက်ဆိုင်ရာပညာရှင်များနှင့် ညတွင်းချင်း တိုင်ပင်စီမံလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## နားမကြားမသန်စွမ်းသူများအတွက် ရွေးကောက်ပွဲ အသိပညာပေးဟောပြောချက်များ ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူအားလုံး မဲပေးရန်လိုအပ်ကြောင်း ထင်ရှားစွာဖော်ပြနိုင်ရန် သတင်းနှင့်အစီအစဉ်များ ထုတ်လွှင့်လျက်ရှိပါသည်။

မဲဆန္ဒရှင်ပြည်သူများ၊ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများရရှိကာ မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးနှင့် တာဝန်များ၊ မဲစာရင်းတွင် မိမိအမည်ပါရှိရေးနှင့် မိမိဆန္ဒမဲကိုခိုင်လုံမဲဖြစ်ရေး သိရှိနိုင်ရန်နှင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်များ၊ သတင်းထုတ်ပြန်ချက်များ၊ မဲစာရင်းပြုစုမှုသတင်းများ၊ မဲရုံမှူးသင်တန်းပေးမှုသတင်းများ၊ မသန်စွမ်းသူများအား မဲဆန္ဒပေးရေးပညာပေးသင်တန်းများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်သတင်းများကို နာရီစဉ်အလိုက် သတင်းများတွင် ထည့်သွင်းထုတ်လွှင့်လျက်ရှိပါသည်။

ထို့အပြင် မသန်စွမ်းသူများမဲပေးခွင့် အခွင့်အရေးမဆုံးရှုံးစေရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသင်တန်းကျောင်းမှ ကျွမ်းကျင်သူဝန်ထမ်းနှစ်ဦးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ လက်သင်္ကေတပြသင်တန်း (၁)နှစ်ခွဲကြာ တက်ရောက်ခဲ့သည့် သင်တန်းသူသုံးဦး ပေါင်းငါးဦးတို့က ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်(မောင်စာဂ)နှင့်ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ တွေ့ဆုံဆွေးနွေးခန်းအစီအစဉ်၊ အားလုံးတူညီဆန္ဒမဲပေးကြ မည့်အစီအစဉ်၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (TV Spot) ရွေးကောက်ပွဲဆိုင်ရာ ဟောပြောချက်များကို မသန်စွမ်းသူများ သိရှိနိုင်စေရန် ရည်ရွယ်၍ လက်သင်္ကေတပြဘာသာဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မြန်မာ့ရုပ်မြင်သံကြား၏ News Channel တွင် ထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

နိုင်ငံတကာသတင်း

# အီဂျစ်စူးအက်တူးမြောင်းသစ် ဖွင့်လှစ်

**အစ္စမေးလ်လီးယား(အီဂျစ်) ဩဂုတ် ၇**

နိုင်ငံ၏ စီးပွားရေးဦးမော့လာစေရန် ရည်ရွယ်ချက်ဖြင့် စူးအက်တူးမြောင်းသစ်ကို ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် အီဂျစ်သမ္မတ အဗ္ဗဒဲလ် ဖာတက်အယ်လ်စီစီက တရားဝင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

အဆိုပါ စူးအက်တူးမြောင်း ရေလမ်းကြောင်းသစ်ကို သင်္ဘောများဖြတ်သန်းခွင့်ပြုရန် စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့က တင်ပြသော တရားဝင်မှတ်တမ်းကို အီဂျစ်သမ္မတက လက်မှတ်ရေးထိုးပေးလိုက်သည်။

ယင်းစူးအက်တူးမြောင်းသစ်ကို ဖွင့်လှစ်လိုက်ခြင်းဖြင့် မတူညီသော ရေလမ်းကြောင်း နှစ်ခုအတွင်း သင်္ဘောကြီးနှစ်စင်း ခုတ်မောင်းနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါ တူးမြောင်းဖွင့်ပွဲသမ္မတမိန့်ခွန်းတွင် ဖော်ပြထားသည်။

အဆိုပါ စူးအက်တူးမြောင်းသစ် စီမံကိန်းကို ယမန်နှစ် ဩဂုတ် ၆ ရက်က စတင်ခဲ့ပြီး တစ်နှစ်အကြာတွင် ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ စူးအက်တူးမြောင်း စီမံကိန်းတွင် ကီလိုမီတာ ၁၉၀ ရှိ မူလ စူးအက်တူးမြောင်းနှင့်အပြိုင် ၃၅ ကီလိုမီတာရှိ ရေလမ်းကြောင်းသစ်အပါအဝင် ၃၇ ကီလိုမီတာ တိုးချဲ့မှုနှင့် အချို့နေရာများတွင် အနက်တူးဖော်ခြင်းတို့ ပါဝင်သည်။

ယင်းစူးအက်တူးမြောင်း ဖွင့်ပွဲ အခမ်းအနားသို့ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်၊ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ၊ ဘာရိန်းဘုရင် အယ်လ်ဒါလီဖာတို့အပါအဝင် နိုင်ငံပေါင်း ၁၂၀မှ ကမ္ဘာ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ ၈၀၀ နီးပါး တက်ရောက်ခဲ့သည်။



အဆိုပါ စူးအက်တူးမြောင်း ရေလမ်းကြောင်းသစ်မှ နှစ်စဉ် သင်္ဘောများ ဖြတ်သန်းခဝင်ငွေ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံရရှိကာ ၂၀၂၃ ခုနှစ်တွင် ၁၃ ဒသမ ၄ ဘီလီယံအထိ ရရှိရန် မျှော်မှန်းထားကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောသည်။

**(ဆင်ဟွာ)**

## အမ်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများဆက်သွယ်လှူဒါန်းနိုင်

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း ဇွန်လ(၂၅၊ ၂၆၊ ၂၇)ရက်များနှင့် ဇူလိုင်လ(၂၄ မှ ၃၁)ရက်ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်များရေထဲမျောပါပျက်စီးခြင်း၊ နေအိမ်နှင့်လမ်း၊ တံတားများ၊ လယ်သမားကာရီများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများ ရေနစ်မြုပ်ပျက်စီးမှုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်စေတနာရှင်ပရဟိတလူငယ်များက ကျေးရွာများလက်ဝယ်သို့အရောက် ကိုယ်တိုင်လက်ရောက်သွားရောက်လှူဒါန်းလျက်ရှိပါသည်။ စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း အလှူငွေ၊ ဆန်နှင့်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ဖော်ပြပါလိပ်စာများသို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

**အလှူငွေများလှူဒါန်းရန်**

၁။ ရန်ကုန်
ဦးမောင်မောင်အေး - 01-8500750၊ 09-6500058
ကမ္ဘောဇဘဏ်(တ/ဥ) A/C 06911100044000

၂။ အမ်း
ဦးကျော်သိန်း
စေတနာရှင်ရေဘေးကူညီကယ်ဆယ်ရေးအဖွဲ့၊ အမ်းမြို့
09-421722109၊ အင်းဝဘဏ်(အမ်းမြို့) A/C 8100223

**ပစ္စည်းများလှူဒါန်းရန်**

၁။ ရန်ကုန်
ဦးမောင်မောင်ထူး (လ/ထအထွေထွေမန်နေဂျာ)
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ 01-533047၊ 09-5040802

၂။ အမ်း
ရေဘေးကယ်ဆယ်ရေးပရဟိတအဖွဲ့ရုံး
ဝေဇယန္တာလမ်း၊ ဈေးရပ်ကွက်၊ အမ်းမြို့

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ ပူးတွဲသတင်းထုတ်ပြန်ချက်

**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၇) ရက်**
**ရန်ကုန်မြို့**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်းအပေါ် (၉)ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၆) ရက်မှ (၇) ရက်နေ့အထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ပါရှိသည့် အချက်အလက်များအနက် ပါဝင်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိစ္စမှအပ စာချုပ်ပါ အချက်အလက်အားလုံးကို ညှိနှိုင်းသဘောတူညီမှုရရှိခဲ့သည်။

၃။ နှစ်ဖက်သဘောတူညီမှုရရှိထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ပါ အချက်အလက်များကို ပြည်သူအားလုံးသိရှိနိုင်ရေးအတွက် ထုတ်ပြန်ရန် နှစ်ဖက်သဘောတူသည်။

၄။ ဤဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အမြန်ဆုံးချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုးနိုင်ရန် နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ နေပြည်တော်တွင်တွေ့ဆုံမည်

**သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီမှု စာချုပ်မူကြမ်း (NCA) အတွက် (၉)ကြိမ်မြောက်အစည်းအဝေးအဖြစ် ဩဂုတ်လ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) တွင် ကျင်းပခဲ့ကြသည်။

UPWC နှင့် SD တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတွက် (၉)ကြိမ်မြောက် ကျင်းပသော ဆွေးနွေးပွဲအပြီးတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ SD မှ ဒုတိယအဖွဲ့ခေါင်းဆောင်(၂)ဖြစ်သူ ပူးဇင်ကျိုးနှင့် အဖွဲ့ဝင်ဖြစ်သူ ဦးနိုင်ဟံသာတို့က နှစ်ရက်တာ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲရလဒ်များအား မီဒီယာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပြီး ပြည်တွင်း၊ ပြည်ပမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ **(ယာပုံ)**



NCA စာချုပ်အား ပါဝင်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိစ္စရပ်များနှင့်ပတ်သက်၍ **နိုင်ငံတော်အဆင့် ခေါင်းဆောင်များနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ်လတွင်ကျင်းပရန် အစီအစဉ်ရှိကြောင်း** သိရသည်။

သတင်းစာရှင်းလင်းပွဲ၌ မြန်မာ့သတင်းစဉ် အပါအဝင် မီဒီယာများ၏ မေးမြန်းမှုအချို့အား နှစ်ဖက်ကိုယ်စားလှယ်များ၏ ဖြေကြားမှုများအား ဖော်ပြအပ်ပါသည်။

**ဦးလှမောင်ရွှေ အထူးအကြံပေး (မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန - MPC)**

NCA စာချုပ်က အခန်း (၇)ခန်းနဲ့ အပိုဒ်(၃၃) ပိုဒ်ပါပါတယ်။ (၃၃) ပိုဒ်လုံးကို တိုင်းရင်းသားတွေဘက်က ပါဝင်လက်မှတ်ရေးထိုးမယ့် ကိစ္စကလွဲလို့ ကျန်တဲ့အချက်တွေကို သဘောတူညီနိုင်ခဲ့ပါတယ်။ အစိုးရဘက်ကတော့ ဒီစာချုပ် ပြီးသွားတဲ့အခါမှာ အားလုံးအဆင်သင့်ဖြစ်တဲ့အတွက် ၁၅ ဖွဲ့ကို လက်မှတ်ရေးထိုးဖို့ အဆင်သင့်ဖြစ်ပြီ။ အဆင်သင့်ဖြစ်တဲ့ အကြောင်းကိုလည်း ဝန်ကြီးဦးအောင်မင်းတို့ဘက်က လက်မှတ်ထိုးဖို့ ဖိတ်ခေါ်ဖို့ ရှိပါတယ်။ မီဒီယာတွေကတစ်ဆင့် နှစ်ဖက်အဖွဲ့အစည်းဆွေးနွေးထားတဲ့ NCA မူကြမ်းတစ်ခုလုံးကို ထုတ်ပြန်ကြေညာဖို့ အစီအစဉ်ရှိပါတယ်။

UPCC နဲ့ UPWC ရဲ့ မူဝါဒကတော့ ၁၅ ဖွဲ့နဲ့ လက်မှတ်ရေးထိုးဖို့ပါ။ အစိုးရဘက်က ဒီ ၁၅ ဖွဲ့နဲ့ပဲ လက်မှတ်စထိုးနိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ပေးတယ်။ ဒါပေမယ့် တိုင်းရင်းသားခေါင်းဆောင်တွေဘက်က ထိပ်သီးအဖွဲ့ ငါးဖွဲ့နဲ့ SD ခေါင်းဆောင်တွေက နိုင်ငံတော် အမြင့်ဆုံးတာဝန်ရှိသူတွေကို လာရောက်တွေ့ဆုံပြီး ဆွေးနွေးဖို့ဆိုတဲ့ အဆိုပြုချက်ကို UPWC က လက်ခံပြီး ယူသွားပါတယ်။ အသေးစိတ်ကိုတော့ မကြာမီရက်အတွင်းမှာ ညှိနှိုင်းကြပါလိမ့်မယ်။ UPCC ကပေးထားတဲ့မူဝါဒ ထပ်ပြီးတော့ ပြောင်းမပြောင်းဆိုတာက တိုင်းရင်းသားထိပ်သီးခေါင်းဆောင်တွေနဲ့ နိုင်ငံတော်အဆင့်တွေ တွေ့ဆုံတဲ့အခါကျရင် သိနိုင်ပါလိမ့်မယ်။ အခု အဆိုပြုချက်အသစ်ဖြစ်လို့ ဝန်ကြီး ဦးအောင်မင်းက အတတ်နိုင်ဆုံး ကြိုးစားပါမယ်ဆိုပြီး ယူသွားပါတယ်။

ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ အများကြီးရှိခဲ့ပါတယ်။ အားလုံးပါဝင်ရေးဆိုတဲ့ ကိစ္စကို ကျွန်တော်တို့ MPC မှာလည်းရှိပါတယ်။ အောင်မြင်သွားတဲ့ All Inclusive တွေအားလုံးကို ကြည့်လိုက်ရင် ဒီအယူအဆကို နှစ်ဖက်ကလက်ခံဖို့ လိုပါတယ်။ တိုင်းရင်းသားတွေဘက်က လက်ခံသလို ကျွန်တော်တို့ အစိုးရဘက်ကလည်း ဒါကိုလက်မခံတာမဟုတ်ပါဘူး။ ဒါပေမယ့် All Inclusive ဆိုတာ တစ်ကြိမ်တည်းကို တစ်ခါတည်းနဲ့ လက်မှတ်ထိုးတာ မဟုတ်ပါဘူး။

အစိုးရအဖွဲ့အနေနဲ့ ၂၀၁၁ ဩဂုတ်လ ၁၈ ရက်နေ့မှာ ဖိတ်ခေါ်လာခဲ့တာက တစ်ဖွဲ့ချင်းဆွေးနွေးတယ်။ အစုအဖွဲ့ဆွေးနွေးတာကိုလည်း ကျွန်တော်တို့ သဘောတူခဲ့တယ်။ NCCT ၊ SD နဲ့ အားလုံးကို စုဖွဲ့ဆွေးနွေးတာကိုလည်း သဘောတူခဲ့တယ်။ မူကြမ်းကို အရင်ဆုံးလက်မှတ်ထိုးဖို့ နံပါတ်(၁)ဦးစားပေးပြီး အစိုးရဘက်က ချဉ်းကပ်ခဲ့တယ်။ နံပါတ် (၂) လက်မှတ်ရေးထိုးတဲ့ အဖွဲ့အစည်းဆိုတာ NCA လက်မှတ်ရေးထိုးတာထက် အရေးကြီးတယ်ဆိုပေမယ့် NCA လက်မှတ်ရေးထိုးပြီးရင် ဆက်သွားမယ့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေမှာ ဆွေးနွေးပြီး အဖြေထွက် အကောင်ထည်ဖော်နိုင်မှ ဒီပဋိပက္ခတွေက ချုပ်ငြိမ်းမှာပါ။ ဒါကြောင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာ ဘယ်သူ့ကိုမှ မပါဖို့ UPWC ဘက်က ပိတ်ထားတာ မရှိသေးပါဘူး။ ပထမဆင့်မှာ တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့လောက်ရှိနေတဲ့အထဲက ၁၅ ဖွဲ့ကို လက်မှတ်ရေးထိုးဖို့ အဆိုပြုခဲ့တာ ဖြစ်ပါတယ်။

ပဋိပက္ခဖြစ်မနေဘူး၊ ထိန်းချုပ်ဧရိယာ အတိအကျသတ်မှတ်ထားတာမရှိတဲ့ အဖွဲ့တွေကို နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်နိုင်ဖို့ ကမ်းလှမ်းထားတာရှိပါတယ်။ All Inclusive ကို တွေးရာမှာ အစိုးရဘက်က နှစ်ပိုင်းခွဲပြီး စဉ်းစားတယ်။ NCA နဲ့ နိုင်ငံရေး ဆွေးနွေးပွဲဆိုပြီး။ NCA မှာက လက်မှတ်ရေးထိုးပြီးတာနဲ့ ၂၄ နာရီအတွင်း၊ တစ်ပတ်အတွင်းမှာ ဆောင်ရွက်ရမယ့်အချိန်တွေကို NCA မူကြမ်းထဲမှာကို ထည့်ရေးဆွဲထားတယ်။

ကျန်တာကတော့ နေပြည်တော်မှာ နှစ်ဖက်ထိပ်သီးခေါင်းဆောင်တွေ တွေ့ဖြစ်တဲ့ အခါကျရင် နောက်ဆုံးဆွေးနွေးမယ့်သဘောရှိပါတယ်။ စာချုပ်ကို ညှိနှိုင်းတဲ့အဆင့်ကတော့ ပြီးမြောက်သွားပါပြီ။ နောက်ဆက်လုပ်မယ့် နိုင်ငံရေးမူဘောင်နဲ့ ရှေ့ဆက်သွားမယ့် လမ်းစဉ်တွေမှာ လူထုလူတန်းစားတွေရဲ့ သဘောထားတွေက ပါလာမှာပါ။

**ပူးဇင်ကျိုး (ဒုတိယအဖွဲ့ခေါင်းဆောင် - ၂)**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ**
**အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)**

အင်မတန်မှ အောင်မြင်ခဲ့တဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ ကျွန်တော်တို့ ရှုမြင်ပါတယ်။ အားလုံးပါဝင်ရေးမူကလွဲလို့ ကျန်တဲ့ ဆွေးနွေးစရာ (၅) ချက်ကို အပြီးသတ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီငါးချက်ဟာ (၈)ကြိမ်မြောက် ဆွေးနွေးပွဲမှာ အခက်အခဲတွေ့နေခဲ့တဲ့ အချက်တွေ ဖြစ်ပါတယ်။ NCCT သက်တမ်းကာလ တစ်လျှောက်လုံးမှာ ဆွေးနွေးဖို့ ကျန်ခဲ့တဲ့ အချက်တွေလည်း ဖြစ်ပါတယ်။ ဒါတွေကို အပြီးသတ်ဆွေးနွေးနိုင်ခဲ့လို့လည်း အောင်မြင်တဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ ကျွန်တော် ပြောနိုင်တာပါ။

အားလုံးပါဝင်ရေးကိစ္စကိုတော့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းဘက်ကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၂၁ ဖွဲ့ရှိတဲ့ အခါမှာ အခုအဆင့်မြင့် SD အဖွဲ့မှာပါဝင်နေတဲ့ ၁၇ ဖွဲ့လုံးက NCA စာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးဖို့ သဘောထားဆန္ဒရှိပါတယ်ဆိုတာကို တင်ပြကြတယ်။ SD အဖွဲ့ရဲ့ ပြင်ပမှာ ရှိနေတဲ့ လေးဖွဲ့ကလည်း သဘောဆန္ဒရှိရင် ပါဝင်ရေးထိုးလို့ရတယ်။ ဒါမှမဟုတ်ရင်လည်း နိုင်ငံရေးဆွေးနွေးပွဲမှာမှ ပါဝင်မယ်ဆိုရင်လည်း သူတို့ရဲ့ သဘောထားဖြစ်ပါတယ်။

အစိုးရဘက်ကတော့ ၂၁ ဖွဲ့ထဲက ၁၅ ဖွဲ့ပဲ လက်မှတ်ရေးထိုးမယ်ဆိုတဲ့ အခြေခံမူမှာ ရပ်နေတာကြောင့် နှစ်ဖက်ညှိနှိုင်းလို့မရတဲ့အနေအထား ဖြစ်နေတယ်။ SD အဖွဲ့အနေနဲ့ အဖွဲ့ဝင် ၁၇ ဖွဲ့လုံး NCA မှာ ပါဝင်လက်မှတ်ရေးထိုးဖို့ ကိစ္စအတွက် ကျွန်တော်တို့လာတာ ဖြစ်တယ်။ ဒါကို အလျှော့အတင်း ပြုလုပ်နိုင်တဲ့ အနေအထားမျိုး ကျွန်တော်တို့မှာ မရှိပါဘူး။ လော်ခီးလာနဲ့ လိုင်ဇာမှာလုပ်ခဲ့တဲ့ ညီလာခံ လေးကြိမ်စလုံးမှာ အားလုံးပါဝင်ရေးမူကိုသာ ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ ဒါကို လက်ကိုင်ပြီး နိုင်ငံရေးဆွေးနွေးပွဲကို သွားဖို့အတွက် ဆုံးဖြတ်ထားတဲ့အတွက်ကြောင့် ဒါကိုကျော်ပြီး ကျွန်တော်တို့ လုပ်ဆောင်လို့ မရပါဘူး။

ဇူလိုင်လ ၂၆ ရက်နေ့နဲ့ ၂၉ ရက်နေ့တို့မှာ လုပ်ခဲ့တဲ့ ထိပ်သီးအစည်းဝေးတွေမှာ အားလုံးပါဝင်တဲ့ မူကိုပဲ UPWC နဲ့ တွေ့ဆုံရာမှာ ဆွေးနွေးဖို့ ဆုံးဖြတ်ချက်ချပေးတယ်။ နှစ်ဖက်ညှိနှိုင်းလို့မရတဲ့ အနေအထားမျိုးမှာ ဒီတစ်ခုကျန်တာ ဖြစ်ပါတယ်။

အခန်း (၇) ခန်း၊ အပိုဒ်(၃၃) မှာ ခေါင်းစဉ်ခွဲအနေနဲ့ ကျန်တဲ့ အချက်တစ်ချက်ပဲ ကျန်ပါတော့တယ်။ ကျန်တာအားလုံးကိုတော့ ညှိနှိုင်းသဘောတူမှုရခဲ့ပြီလို့ ပြောလို့ရတယ်။ အားလုံးပါဝင်ရေးနဲ့ပတ်သက်တဲ့ကိစ္စကို နိုင်ငံတော်က သမ္မတအစ ထိပ်ပိုင်းတာဝန်ရှိတဲ့ ခေါင်းဆောင်တွေနဲ့ မကြာခင်မှာ တွေ့ပြီး အဖြေရှာကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဖြေရှာနိုင်မယ်လို့ ယူဆတယ်။

နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးမတည်ဆောက်လို့ မရဘူး။ ငြိမ်းချမ်းရေးတည်ဆောက်မှ နိုင်ငံတော်ကို တည်ဆောက်မယ်ဆိုတဲ့ အခြေခံစဉ်းစားချက် နှစ်ဖက်စလုံးမှာ ရှိနေတာကြောင့် မကြာခင်မှာ အောင်မြင်လိမ့်မယ်လို့ ကျွန်တော် ယူဆတယ်။

ကျွန်တော်တို့အနေနဲ့ စဉ်းစားတာက NCA မူကြမ်းထဲမှာ နိုင်ငံရေး၊ စစ်ရေးအရ အာမခံချက်တွေပါတယ်။ ဒီအာမခံချက်တွေဟာ NCA ကို လက်မှတ်ထိုးတဲ့ အဖွဲ့အစည်းတွေနဲ့သာအကျုံးဝင်မှာပါ။ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့အစည်းတွေက အကျုံးဝင်မှာ မဟုတ်ပါဘူး။ တကယ်လို့ အဲ့လိုအကျုံးမဝင်တဲ့ အဖွဲ့တွေက ပစ်ခတ်တိုက်ခိုက်တာတွေ ပြန်ဖြစ်မလားဆိုတဲ့ စိုးရိမ်တာရှိတယ်။ ပိုပြီးပြင်းထန်တဲ့တိုက်ပွဲတွေ ဖြစ်လာမှာ စိုးရိမ်တယ်။ အားလုံးကို ခြုံပြီးတော့မှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်လိုက်ရင် ခြုံပြီးတော့ ပြီးသွားတယ်။ နိုင်ငံရေး၊ စစ်ရေးအရ အာမခံချက်တွေ တစ်ခါတည်း ရသွားတယ်ဆိုတဲ့ အနေအထားမျိုးဖြစ်မှ ရမှာမို့ ကျွန်တော်တို့မရမက ညှိနှိုင်းနေတာ ဖြစ်ပါတယ်။

**ဦးနိုင်ဟံသာ (အဖွဲ့ဝင်)**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ**
**အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)**

ဒီနေ့ ဆွေးနွေးပွဲမှာ UPWC ရော၊ SD ရောက ကိုယ်စားလှယ်တွေက ဆုံးဖြတ်ချက် မပေးနိုင်ဘူး။ ဒါကြောင့် သက်ဆိုင်ရာ ထိပ်သီးခေါင်းဆောင် အချင်းချင်းတွေ့ဆုံပြီး နည်းလမ်းရှာပါမယ်။ အန်ကယ်တို့ ရည်မှန်းတာက အဖွဲ့တချို့ရဲ့ ထိပ်သီးခေါင်းဆောင်တွေ၊ SD ကခေါင်းဆောင် သုံးဦးပါဝင်ပြီး သမ္မတ အစရှိတဲ့ အစိုးရဘက်က ထိပ်သီးခေါင်းဆောင်တွေနဲ့ တွေ့မယ်။ အစိုးရဘက်က ၁၅ ဖွဲ့၊ တိုင်းရင်းသားဘက်က ၁၇ ဖွဲ့ အဆိုပြုချက်က အရေအတွက်အရတော့ မကွာပါဘူး။ SD ၁၇ ဖွဲ့ထဲမှာ အစိုးရဘက်က လက်မခံတာက ခြောက်ဖွဲ့ပါတယ်။ အစိုးရဘက်က ၁၅ ဖွဲ့ထဲမှာ ပြင်ပလေးဖွဲ့ပါတယ် အဲ့လိုဖြစ်နေပါတယ်။

ကျွန်တော်တို့ဘက်က အားလုံးပါဝင်ဖို့ တောင်းဆိုတယ်။ အားလုံးပါဝင်မှုလည်း တစ်ခါတည်းပြီးသွားမှာပေါ့။ တစ်နိုင်ငံလုံးအေးချမ်းသွားမယ်။ နိုင်ငံရေးဆွေးနွေးတော့ အားလုံးပါဝင်ခြင်းအားဖြင့် တစ်ခါတည်း ပြီးသွားမယ်။ NCCT ၁၆ ဖွဲ့ကနေ အခု SD ၁၇ ဖွဲ့ ဖြစ်လာတဲ့အထိ တစ်လျှောက်လုံး အတူတူဆွေးနွေးလာကြတယ်။ အန်ကယ်တို့ရဲ့ အဖော်တွေကို ချန်ထားပြီး လက်မှတ်ထိုးဖို့မဖြစ်နိုင်ဘူး။ ကျန်နေတဲ့အဖွဲ့တွေ မတိုက်ပါဘူးဆိုတဲ့ အာမခံချက် ဒီနေ့အထိ မရှိသေးဘူး။ သဘောထားကြီးဖို့လိုတယ်။ တိုက်ပွဲကာလမှာ သူ့ဘက် ကိုယ့်ဘက် နာကျင်ခဲ့ကြတာရှိမယ်။ ဒါတွေကို မေ့ပစ်ပြီး အားလုံးပါဝင်ရေးကို လုပ်ဆောင်နိုင်မှသာ ကျွန်တော်တို့နိုင်ငံက စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရနိုင်မှာပါ။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါအချက်များအား ပြည်သူအားလုံးသိရှိနိုင်ရေးအတွက် ထုတ်ပြန်ရန်နှစ်ဖက်အဖွဲ့ သဘောတူညီ

ရန်ကုန် ဩဂုတ် ၇

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ (၉)ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ဆက်လက်ကျင်းပခဲ့သည်။** (ယာပုံ)



ယနေ့ကျင်းပသည့်အစည်းအဝေး မစတင်မီ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက UPWC နှင့် SD တို့၏ ပထမနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် NCA စာချုပ်ပါအချက်များအား ပြီးပြတ်အောင် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးသည့်အချက်ဖြစ်သော လက်နက်ကိုင်အဖွဲ့များ ပါဝင်လက်မှတ်ရေးထိုးမည့် All Inclusive ကိစ္စသည် အရေးကြီးကြောင်း၊ မိမိတို့ ဖိတ်ခေါ်ခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့နှင့် Bilateral ဆွေးနွေးပွဲများ ဆက်တိုက်ဆောင်ရွက်ခဲ့ကြပြီး သဘောတူညီမှု စာချုပ်ပေါင်း ၃၉ ခုကို လက်မှတ်ရေးထိုးထားနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါအဖွဲ့များသည် လက်တွေ့ဆန်ပြီး NCAကို ချက်ချင်း လိုက်နာဆောင်ရွက်နိုင်မည့် အဖွဲ့များဖြစ်ကြောင်း၊ မြန်မာပြည်၏ လက်နက်ကိုင် ပဋိပက္ခများအား ဖြေရှင်းရမည့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်သင့် ပါဝင်ထိုက်သူ အင်အားစုပေါင်းစုံပါဝင်ရန် လိုပါကြောင်း၊ အစိုးရအနေဖြင့် အားလုံးပါဝင်ရေး (All Inclusive)ကို လက်တွေ့ကျသည့် နည်းလမ်းများနှင့် အဖြေရှာ ချဉ်းကပ်စေလိုကြောင်း၊ မည်သည့်အဆင့်တွင် မည်ကဲ့သို့ ပါဝင်လာနိုင်စေမည် ဆိုသည့်အချက်အား ထည့်သွင်းစဉ်းစားချဉ်းကပ်မှုဖြင့် သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ သွားရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ခရီးရှည်ကြီးတွင် နှစ်ဖက်၏ ယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် သဘောတူညီချက်များကို ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်မလဲဆိုသည့် အပေါ်တွင် မူတည်နေကြောင်း၊ ယနေ့အစည်းအဝေးမှနေ၍ အားလုံးပါဝင်ရေးဆိုသည့်အချက်အား နည်းလမ်းရှာဖွေကာ ရလဒ်ကောင်းတွေထွက်လာစေရန်၊ NCA ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးစားကြပါဟု ပြောကြားလိုကြောင်း၊ မကြာမီကာလအတွင်း နေပြည်တော်၌ ကျင်းပရန်ရည်မှန်းထားသည့် NCA စာချုပ် လက်မှတ်ရေးထိုးပွဲတွင် ပြန်လည်ဆုံတွေ့လက်မှတ်ထိုးနိုင်ကြရေး ဆန္ဒပြုပါကြောင်း အဖွင့်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်က ပြောကြားရာတွင် ယနေ့အစည်းအဝေး၏ ဒုတိယနေ့အဖြစ် မိမိတို့ ဆွေးနွေးရမည့် နောက်ဆုံးအချက်အလက်သည် NCA ကို အချောသပ်ဖြစ်နိုင်ရန်အတွက် အရေးကြီးဆုံးသော အချက်အလက်တစ်ခုဖြစ်သည့် အားလုံးပါဝင်ရေးကိစ္စ၊ NCA လက်မှတ်ထိုးနိုင်ရန် အရေးကြီးဆုံးသောအခန်းဖြစ်သည့် အခန်း(၃၃)ကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ အဆိုပါအချက်အား အကောင်းဆုံး ရလဒ်တစ်ခုထွက်ပြီး အကောင်းဆုံး ဆွေးနွေးညှိနှိုင်းမှုရနိုင်ရန် တိုင်းရင်းသားညီလာခံက ဆုံးဖြတ်ထားသည့် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်ရေးကိစ္စနှင့် အတူတကွ NCA ကိုလက်မှတ်ထိုးနိုင်ရန် ဆုံးဖြတ်ချက်ရှိကြောင်း၊ ကျန်ရှိနေသည့် အခန်း(၃၃) ရှေ့ဆက်လက်သွားနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်များဘက်က တာဝန်ရှိသလို အစိုးရဘက်ကသာမကဘဲ တပ်မတော်ဘက်ကလည်း တာဝန်ရှိပါကြောင်း၊ ယနေ့သည် နောက်ဆုံး အရေးကြီးသည့်ကဏ္ဍဖြစ်ပြီး ယခုအခန်းကဏ္ဍပြီးစီးပါက NCA တစ်ခုလုံးကို အဆုံးသတ်မည်ဖြစ်ကြောင်း၊ မိမိတို့ဆွေးနွေးရမည့် အဆိုပါအချက်များအား အဖြေရှာဆွေးနွေးပြီးပါက NCA တစ်ခုလုံးကို အဆုံးသတ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသော အစည်းအဝေးသည် မွန်းလွဲ ၂ နာရီခွဲတွင် ပြီးဆုံးခဲ့ပြီး အစည်းအဝေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့မှ ပူးတွဲသတင်း ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲထုတ်ပြန်ချက်အား ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝ မြှင့်တင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ နှစ်ဖက်ခေါင်းဆောင်များ ဖြစ်ကြသည့် UPWC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် SD ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဖြစ်သူ ဒေါက်တာလဂျာတို့က နိဂုံးချုပ်စကား ပြောကြားခဲ့ကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ (NCA) စာချုပ်အချောသပ်နိုင်ရေးအတွက် ယနေ့ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အစည်းအဝေး၌ NCA စာချုပ်တွင် ပါရှိသည့် အချက်အလက်များအနက် ***ပါဝင်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ကိစ္စ***မှအပ NCA စာချုပ်ပါအချက်အလက်အားလုံးကို သဘောတူညီနိုင်ခဲ့ကြသည်။ သဘောတူညီမှုရရှိထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အချက်များအား ပြည်သူများသိရှိနိုင်ရေးအတွက် ထုတ်ပြန်သွားရန် နှစ်ဖက်ကိုယ်စားလှယ်များ သဘောတူညီကြသည်။

ပါဝင်လက်မှတ် ရေးထိုးမည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိစ္စနှင့်စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ယခုဩဂုတ်လအတွင်း နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း အစည်းအဝေးပွဲအပြီးတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များက ထည့်သွင်းပြောကြားခဲ့ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးအား ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာနမ်ဘီယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာ စန်ဂေါင်ဇင်းတို့က လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။ ယင်းအပြင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီလည်း လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မစ္စရန်ဟီလီ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၇**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) သို့ သွားရောက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) အချောသပ်နိုင်ရေးအတွက် (၉)ကြိမ်မြောက် အစည်းအဝေး ကျင်းပနေမှုကို သွားရောက်လေ့လာခဲ့သည်။

ထို့နောက် မစ္စရန်ဟီလီသည် မွန်းလွဲပိုင်းတွင် သိမ်ဖြူလမ်းရှိ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကျောင်းတိုက်၌ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ဖြစ်သူ ကာဒီနယ်ချားလ်ဘိုကို သွားရောက် ဂါရဝပြုတွေ့ဆုံ နှုတ်ဆက်သည်။



ညနေပိုင်းတွင် မစ္စ ရန်ဟီလီသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံး၌ နိုင်ငံခြား သံတမန်များနှင့် တွေ့ဆုံခဲ့ပြီး ည ၈ နာရီတွင် ယင်းရုံး၌ ပြည်တွင်း ပြည်ပသတင်းသမားများနှင့်တွေ့ဆုံကာ ၎င်း၏ မြန်မာနိုင်ငံ ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီး သတင်းထောက်များ၏ သိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မစ္စ ရန်ဟီလီသည် သတင်းစာရှင်းလင်းပွဲ အပြီးတွင် လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီသည် မြန်မာနိုင်ငံသို့ တတိယအကြိမ်မြောက်အဖြစ် ဩဂုတ် ၃ ရက်မှ ၇ ရက် အထိ လာရောက်ခဲ့ခြင်းဖြစ် သည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံအစိုးရက မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ဘတ်ငွေ ငါးသန်းလှူဒါန်း

**နေပြည်တော် ဩဂုတ် ၇**

ယနေ့နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ ပတ်တရားမြို့၌ ကျင်းပသည့် (၄၈)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့် ဘတ်ငွေ ငါးသန်းကို ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆပ်ပါတီမာပါရဂွန်က ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါလှူဒါန်းငွေများကို မြန်မာနိုင်ငံ ရေဘေးကယ်ဆယ်ရေးအတွက် သီးခြားဖွင့်လှစ်ထားသည့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ငွေစာရင်းအမှတ် DA-0300086 သို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးကြီးနိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်

**နေပြည်တော် ဩဂုတ် ၇**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များလှူဒါန်းထားသည့် ရေဘေးကယ်ဆယ်ရေး ပစ္စည်းများအား တပ်မတော်စစ်ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိ

သတင်းနှင့်ဓာတ်ပုံ
ဇော်ကြီး(ပဏီတ)

ရန်ကုန် ဩဂုတ် ၇

**ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များလှူဒါန်းထားသည့် ရေဘေးကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်စစ်ရေယာဉ်များဖြင့် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း မြန်မာ့တပ်မတော်(ရေ)မှ သိရသည်။**

"ကျွန်တော်တို့တပ်မတော် (ရေ) ကနေပြီး လူမှုကယ်ဆယ်ရေးက တစ်ဆင့် လွှဲပြောင်းပေးအပ်တဲ့ ပစ္စည်းတွေအပြင် တခြားအလှူရှင်တွေ လှူဒါန်းလိုက်တဲ့ ပစ္စည်းတွေကို အခမဲ့ ပို့ဆောင်ပေးနေပါတယ်။ တပ်မတော် (ရေ)က လှူတဲ့ ပစ္စည်းတွေလည်းပါတယ်။ စစ်တွေရောက်ရင်တော့ အလှူရှင်တွေ ပို့ပေးလာတဲ့ ပစ္စည်းတွေကို ရခိုင်ပြည်နယ်အစိုးရထံ လွှဲပြောင်းပေးအပ်သွားမှာပါ"ဟု အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စု၊ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ) ရှိ တပ်မတော် စစ်ရေယာဉ် အောင်ဇေယျမှ အရာရှိတစ်ဦးက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ရန်အတွက် အလှူရှင်များ လှူဒါန်းထားသော ထောက်ပံ့ပစ္စည်းများအား တပ်မတော်(ရေ) စစ်ရေယာဉ်အမှတ်



၁၆၁၁၊ ၇၇၁၊ ၁၆၁၂ တို့ဖြင့် ဩဂုတ် ၅ ရက်မှ ယနေ့အထိ သုံးကြိမ် ပို့ဆောင်ပေးထားကြောင်း တပ်မတော် (ရေ)မှသိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံကုန်သည် စက်မှုအသင်းချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဆန်းလင်းက "ရခိုင်ပြည်နယ်က သွားလာမှုခက်ခဲတဲ့အတွက် မြန်မာ့တပ်မတော်(ရေ) စစ်သင်္ဘော အကူအညီနဲ့ လှူဒါန်းမှုတွေ ပြုလုပ်သွားမှာပါ။ အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေအတွက် တကယ်လိုအပ်နေတဲ့ ရေနဲ့စားသောက်ကုန်အပြင် ကယ်ဆယ်ရေးပစ္စည်းတွေကို ထောက်ပံ့ပေးသွားမယ်။အခြားဒေသတွေမှာရှိတဲ့ ရေဘေးသင့်ပြည်သူတွေကိုလည်း ထောက်ပံ့မှုတွေ လုပ်ပေးနေပါတယ်။ နောက်ပိုင်းမှာလည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ လုပ်သွားဖို့ရှိပါတယ်။ ညီနောင်အသင်းတွေရဲ့ လှူဒါန်းငွေ အပါအဝင် ရရှိထားတဲ့ ကျပ်သိန်းပေါင်း ၁၃၀၀၀ လောက်ကို ကယ်ဆယ်ရေးနဲ့ ထောက်ပံ့မှုလုပ်တဲ့နေရာတွေမှာ ဆက်လက်အသုံးပြုသွားမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများနှင့် လုပ်ငန်းရှင်များ၏ ငွေကျပ် ၇၀၇ သိန်းတန်ဖိုးရှိ စားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများအပြင် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းနှင့် တက်လမ်းကုမ္ပဏီက ကျပ်သိန်း၁၅၀၀ ကျော်နှင့် အေးမြစိုးဖောင်ဒေးရှင်းက ကျပ်သိန်း ၄၀ကျော်ရှိ စားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)ရှိ တပ်မတော် စစ်ရေယာဉ် အောင်ဇေယျပေါ်သို့ ဩဂုတ် ၇ ရက်က တင်ဆောင်နေကြောင်း တွေ့ရသည်။ အဆိုပါရေယာဉ်သည် ဩဂုတ် ၈ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

# ရေဘေးသင့်ပြည်သူများအတွက်အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၇

**၂၀၁၅ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင်ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-**

| စဉ် | ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးရုံး | ဖုန်း | လိပ်စာ |
|---|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၄၀၄၅၄၀<br>၀၉-၈၆၀၀၀၂၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ရုံးအမှတ်(၂၃)၊နေပြည်တော် |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၄၀၄၀၄၈<br>၀၉-၈၆၀၁၁၆၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ရုံးအမှတ်(၂၃)၊နေပြည်တော် |
| ၃ | ညွှန်ကြားရေးမှူး(စီမံ-ဘဏ္ဍာ) | ၀၆၇-၄၀၄၃၁၆<br>၀၉-၂၀၂၁၄၉၁ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ရုံးအမှတ်(၂၃)၊နေပြည်တော် |
| ၄ | ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေး) | ၀၆၇-၄၀၄၃၁၈<br>၀၆၇-၄၀၄၄၂၀<br>၀၉-၄၃၁၂၀၈၆၅<br>၀၉-၄၂၈၁၂၅၀၂၇ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ရုံးအမှတ်(၂၃)၊နေပြည်တော် |
| ၅ | နေပြည်တော်ကောင်စီနယ်မြေတိုင်းဦးစီးမှူးရုံး | ၀၆၇-၅၅၀၂၈၄<br>၀၉-၂၆၂၆၉၀၀၃၃ | နေပြည်တော်ကောင်စီနယ်မြေ၊ဇမ္ဗူသီရိမြို့နယ်ကွင်းအမှတ်(၁၂)၊နေပြည်တော် |
| ၆ | ကချင်ပြည်နယ်ဦးစီးမှူးရုံး | ၀၇၄-၂၄၀၁၅<br>၀၇၄-၂၁၈၂၂<br>၀၉-၄၇၀၂၄၁၄၂ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊တပ်ကုန်း၊ ဇေဒင်ရပ်ကွက်၊မြစ်ကြီးနားမြို့၊ |
| ၇ | ကယားပြည်နယ်ဦးစီးမှူးရုံး | ၀၈၃-၂၂၀၇၉<br>၀၈၃-၂၃၁၃၀<br>၀၉-၄၉၄၀၀၉၅၃ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၁၄/ခ)သမိန်ထောလမ်း၊ မင်းစုရပ်ကွက်၊ပြည်နယ်တရားရုံးကျောဘက်၊လွိုင်ကော်မြို့၊ |
| ၈ | ကရင်ပြည်နယ်ဦးစီးမှူးရုံး | ၀၅၈-၂၂၄၅၁<br>၀၅၈-၂၃၃၉၈<br>၀၉-၄၉၇၇၁၄၁၄ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊လုပ်သားလမ်း၊အမှတ်(၆)ရပ်ကွက်၊ဘားအံမြို့၊ |
| ၉ | ချင်းပြည်နယ်ဦးစီးမှူးရုံး | ၀၇၀-၂၁၇၆၈<br>၀၉-၃၃၃၄၇၈၄၀<br>၀၉-၄၇၁၇၂၂၉၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၁)၊ဂေါက်ကွင်းလမ်း၊မြို့သစ်ရပ်၊ ဟားခါးမြို့၊ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၇၁-၂၃၂၂၁<br>၀၇၁-၂၆၅၀၈<br>၀၉-၄၇၀၉၃၄၈၀ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နန္ဒဝန်ရပ်ကွက်၊တိုင်းရုံးပေါင်းစုံ၊မုံရွာတက္ကသိုလ်အနီး၊မုံရွာမြို့ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၅၉-၂၄၀၂၀<br>၀၅၉-၂၃၅၇၆<br>၀၉-၄၉၈၅၂၈၀၈ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊အာဇာနည်လမ်း၊ဗျောတော၀ရပ်ကွက်၊(ရယကရုံးရှေ့)၊ထားဝယ်မြို့ |
| ၁၂ | ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၅၂-၂၂၃၀၃၆၁<br>၀၅၂-၂၂၃၀၁၉၃<br>၀၉-၄၃၀၅၄၂၆၁ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊သမိန်ဗရမ်းလမ်းမကြီး၊အမှတ်(၇)ဂိုဒေါင်၊ဥဿာမြို့သစ်၊ရပ်ကွက်ကြီး(၆)၊နှစ်ရှည်ရုံးဘေး၊ပဲခူးမြို့ |
| ၁၃ | မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၆၃-၂၅၉၅၀<br>၀၆၃-၂၈၆၀၁<br>၀၉-၄၇၂၀၂၉၂၉ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမှတ်(၉၄၈)၊ဘိုးရတနာရေသန့်စက်ရုံလမ်း၊ဇက်ဆိပ်လမ်းနှင့်(၁၆) လမ်းကြား၊အောင်မေတ္တာ(က)ရပ်ကွက်၊မကွေးမြို့ |
| ၁၄ | မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၂-၃၉၄၅၇<br>၀၂-၆၇၄၇၀<br>၀၉-၄၃၁၂၀၈၆၇ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမှတ်(၆၄×၆၅)၊ (၃၄×၃၅)ကြား၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ချမ်းအေးသာစံမြို့နယ်၊ |
| ၁၅ | မွန်ပြည်နယ်ဦးစီးမှူးရုံး | ၀၅၇-၂၄၈၂၅<br>၀၅၇-၂၄၂၉၆<br>၀၉-၄၉၈၀၅၁၉၉ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၇၂)၊တောင်ပေါ်လမ်းနှင့်ဆည်မြောင်းလမ်းထောင့်၊မောင်ငံရပ်ကွက်၊မော်လမြိုင် |
| ၁၆ | ရခိုင်ပြည်နယ်ဦးစီးမှူးရုံး | ၀၄၃-၂၃၀၆၉<br>၀၄၃-၂၂၉၀၃<br>၀၉-၄၉၆၅၀၉၁၀<br>၀၉-၅၆၈၀၄၆၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊တက္ကသိုလ်လမ်း၊တက္ကသိုလ်ဆရာ၊ ဆရာမများ အဆောင်ရှေ့၊မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၁-၅၂၁၉၆၇<br>၀၁-၆၆၁၈၁၂<br>၀၁-၆၅၁၀၈၉<br>၀၁-၅၆၄၆၈၉<br>(တောင်ဥက္ကလာပရုံး)<br>၀၉-၇၃၁၀၄၆၉၃ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ကုန်သွယ်လယ်ယာ ဂိုဒေါင်ဝင်းအတွင်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၈ | ရှမ်းပြည်နယ်ဦးစီးမှူးရုံး | ၀၈၁-၂၀၈၃၂၂<br>၀၉-၅၂၁၄၃၉၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊အကွက်အမှတ်(၅၄)၊စုပေါင်းရုံးရပ်၊ရပ်ကွက်(၃)၊နယ်မြေ(၁)အေးသာယာ၊ တောင်ကြီးမြို့ |
| ၁၉ | ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၄၂-၂၁၀၆၁<br>၀၄၂-၂၅၀၁၄<br>၀၉-၄၉၀၀၀၂၉၀ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဘန့်ဘွေးကုန်းသိုလှောင်ရုံဝင်းအတွင်း၊ ဘန့်ဘွေးကုန်းရပ်၊ပုသိမ်မြို့ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ ရေဘေးသင့်ဒေသခံပြည်သူများအား တွေ့ဆုံအားပေး


ဓာတ်ပုံ-(မြန်/ဆက်)

နေပြည်တော် ဩဂုတ် ၇

**ရခိုင်ပြည်နယ်တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဘူးသီးတောင်မြို့သို့ ရောက်ရှိပြီး အောင်မြေဗောဓိသာသနာ့ရိပ်သာအလိုတော်ပြည့်ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နယ်မြေခံတပ်ရင်းခန်းမ၌ ဘူးသီးတောင်မြို့နယ်မှ မြို့မိ မြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူသားချင်း စာနာထောက်ထားမှု၊ မျိုးချစ်စိတ်၊ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ရသေ့တောင်မြို့သို့ ရောက်ရှိပြီး မြို့တွင်းသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရသေ့တောင်မြို့နယ် မေယုခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီနေမှု အခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး **(ဝဲပုံနှင့်အောက်ပုံ)** နိုင်ငံတော်သမ္မတက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**


ဓာတ်ပုံ-(မြန်/ဆက်)

## ○ ကျောဖုံးမှ

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး၊
ရွှေရည်မြင့်မော်

လွန်ခဲ့သည့် ရက်သတ္တပတ် ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းအချိန်က သူကြုံတွေ့ရသည့် အနေအထားသည် ယနေ့ပျံသန်းဖြစ်ခဲ့သည့် ခရီးစဉ်နှင့် အများကြီးကွဲပြားခြားနားနေသည်မှာ ရာသီဥတုကြောင့်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့ မိုးရွာသွန်းမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ပုံမှန်ပျံသန်းနေကျ ခရီးစဉ်တွေအပြင် ကယ်ဆယ်ရေးပစ္စည်းများကိုလည်း ရေဘေးသင့်ဒေသ ကုန်းလမ်း၊ ရေလမ်းအဆင်မပြေသည့် နေရာအနှံ့အပြားသို့ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ကိုစိုင်းနောင်လတ်ကဲ့သို့သော လေယာဉ်မှူးများအဖို့ တာဝန်ကြီးမားလွန်းလှသည်။

“ကျွန်တော်တို့ရဲ့ တာဝန်က ခရီးသည် သို့မဟုတ် ကုန်ပစ္စည်းတွေကို အန္တရာယ်ကင်းစွာနဲ့ လိုရာခရီးအမြန်ဆုံးရောက်ဖို့ ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေ အများကြီးပါ။ လေကြောင်းညွှန်ကြားမှု တာဝါရဲ့ ထိန်းညှိမှုကို အဓိကထားရပြီး ကွင်းပိတ်သွားပြီဆိုရင် လမ်းခရီးမှာ မိမိရဲ့အတွေ့အကြုံတွေကို မျက်မြင်အနေအထားနဲ့ ထိန်းညှိရတာမျိုးတွေလည်း ရှိပါတယ်”ဟု ပြောသည်။

ယခုရက်ပိုင်းအတွင်း ရာသီဥတုဆိုးရွားခြင်းကြောင့် မြန်မာနိုင်ငံဒေသများတွင် ရေကြီးရေလျှံနေသည့် မြင်ကွင်းများကို ဝေဟင်မှ မြင်တွေ့ရသည့်အခါ လေယာဉ်မှူးများ အနေဖြင့်လည်း စိတ်မသက်သာကြပေ။ “လုပ်နိုင်တဲ့နည်းလမ်းကတော့ ကယ်ဆယ်ရေးပစ္စည်းတွေ အမြန်ဆုံးရောက်ရှိသွားဖို့ပါပဲ”ဟု လေယာဉ်မှူး အများစုက ပြောကြားသည်။

တစ်နိုင်ငံလုံးတွင် ရေလျှံကွင်းများကိုသာ မြင်တွေ့နေရသည့်အပြင် ဝေဟင်တွင်လည်း လေတိုက်ခတ်နှုန်းသည် ပုံမှန်မရှိဘဲ အချိန်နှင့်အမျှ ပြောင်းလဲမှုကို လေယာဉ်မှူးတို့ ကြုံတွေ့နေရသည်။

“ရန်ကုန်ကနေ မန္တလေးကို နံနက်ခြောက်နာရီခွဲမှာ ထွက်ခဲ့တာ မန္တလေးကနေ ကလေးကို ပျံသန်းဖို့အတွက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ကျမှ ကွင်းက လေကြောင်းညွှန်ကြားမှုကိုရတယ်။ ရာသီဥတု ဆိုးရွားရင် ကွင်းက ပိတ်ထားလိုက်ရတဲ့အတွက် လေယာဉ်ကို အသင့်စက်နှိုးပြီး စောင့်ဆိုင်းနေရခဲ့ရတယ်”ဟု လေယာဉ်မှူးက ဆက်လက်ရှင်းပြသည်။

ထို့အပြင် မြေပြင်အနေအထားတွင်လည်း လေတိုက်ခတ်နှုန်းသည် ယခုရက်သတ္တပတ်အတွင်း ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ထက်ပိုမိုကာ တစ်နာရီလျှင် မိုင် ၅၀ ကျော် တိုက်ခတ်တတ်ခြင်းသည်လည်း လေယာဉ်မှူးများနှင့် ရဟတ်ယာဉ်မှူးများအတွက် မြေပြင်သို့ ဆင်းသက်ရန် အခက်အခဲများကို ကြုံတွေ့ရကြောင်း အတွေ့အကြုံရှိ လေယာဉ်မှူးအချို့က သုံးသပ်ပြသည်။

“ရဟတ်ယာဉ်ပေါ်ကနေ ရေဘေးကယ်ဆယ်ရေးပစ္စည်းတွေကို ချပေးတာနဲ့ပတ်သက်ပြီး ပြောဆိုနေတာကြားရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်တို့ရဲ့ အခက်အခဲတွေကို အားလုံးနားလည်အောင် ရှင်းပြဖို့ဆိုတာ အခက်အခဲရှိပါတယ်။ ဝေဟင်၌ ပျံသန်းနေချိန်မှာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ရာသီဥတုဆိုးရွားမှု၊ လေတိုက်နှုန်းပြင်းထန်မှုတွေနဲ့ ဆင်းသက်မည့် မြေအနေအထားတွေဟာ တစ်သမတ်တည်းမရှိပါဘူး။ ကယ်ဆယ်ရေးလေကြောင်းခရီးစဉ်တွေ အများစုအတိုင်း ကျွန်တော်တို့အနေနဲ့ အဆင်ပြေဆုံးဖြစ်မယ့် အနေအထားကို မျက်မြင်အခြေအနေနဲ့ ဆုံးဖြတ်ရွေးချယ်ရပါတယ်။ ရဟတ်ယာဉ်ပေါ်က ရိက္ခာတွေအားလုံး လိုအပ်သူတွေဆီ ချောချောမောမော ရောက်ရှိလိုကြတာက ပိုင်းလော့တွေအားလုံးရဲ့ ဆန္ဒပါ။ ကျွန်တော်တို့ မဆင်းသက်ရဲတာက လမ်းကြောင်းမှားယွင်းပြီး သေရမှာ စိုးရွံ့လို့မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် မြေပြင်မှာ ထိခိုက်မှုကြုံရမှာ စိုးပါတယ်” ဟု ကယ်ဆယ်ရေးပစ္စည်းများအား သွားရောက်တင်ပို့ခဲ့သူ ရဟတ်ယာဉ်မှူးတစ်ဦးကလည်း သူ့ခံစားချက်ကို ဖွင့်ဟပြောပြသည်။

ထို့အပြင် နိုင်ငံတကာကယ်ဆယ်ရေးလေယာဉ်များနှင့် ရဟတ်ယာဉ်များသည်လည်း အရေးပေါ်ကယ်ဆယ်ရေးလိုအပ်သည့် နေရာများတွင် ရိက္ခာများနှင့် အသုံးအဆောင်များကို ပေးအပ်သည့်အခါ နည်းလမ်းနှစ်မျိုးကိုအသုံးပြုပြီး ပထမတစ်မျိုးမှာ ပေးပို့သည့်ဌာနမှ စနစ်တကျ ထုပ်ပိုးတင်ဆောင်မှုများဖြင့် ကယ်ဆယ်ရေးနည်းလမ်းနှင့် ဒုတိယနည်းလမ်းမှာ အရေးပေါ်လိုအပ်သည့် ဒေသများတွင် မဖြစ်မနေလိုအပ်သည့် ပစ္စည်းများကို လူစုလူဝေးနှင့် အနီးစပ်ဆုံးနေရာများတွင် အရေးပေါ်ချထားသည့် နည်းလမ်းဟူ၍ ဖြစ်ကြောင်း သိရသည်။

“ပထမနည်းလမ်းကတော့ စနစ်ကျတဲ့ ပေးအပ်မှုဖြစ်ပါတယ်။ တစ်နေရာတည်းကနေ ပေးအပ်တာမျိုးပါ။ အသုံးအဆောင်တွေအားလုံးကိုထုပ်ပိုးပြီး လက်ခံမယ့်နေရာမှာလည်း အဆင်သင့်အနေအထားနဲ့ တာဝန်ရှိသူတွေက ကြိုတင်စောင့်ဆိုင်းလို့ အပြန်အလှန်အချက်ပြစနစ်နဲ့ ချထားပေးတဲ့ နည်းလမ်းဖြစ်ပြီး လက်ရှိမှာလည်း ကျွန်တော်တို့က ထိုနည်းလမ်းသုံးပြီး အကူအညီပေးအပ်နိုင်အောင် ကြိုးပမ်းနေပါတယ်။ နောက်နည်းလမ်းကတော့ အရေးပေါ်ဒေသတွေမှာ အကူအညီတွေကို အလျင်အမြန်ဆုံးနဲ့ အလွယ်ကူဆုံးရရှိအောင် ချပေးရခြင်းပါပဲ။ ဒီမှာက ကယ်ဆယ်ရေးပစ္စည်းတွေကို စနစ်တကျ ထုပ်ပိုးဖို့အတွက် အဆင်သင့်မဖြစ်တဲ့ အနေအထားဖြစ်နေပြီး အားလုံးက တစ်နိုင်တစ်ပိုင်လှူဒါန်းမှုတွေများကြတယ်။ ထုပ်ပိုးမှုအတွက် အချိန်ပေးနေရင်လည်း ကယ်ဆယ်ရေးလုပ်ငန်းတွေ ကြန့်ကြာနိုင်တာတွေရှိနေတာကြောင့် ပေးအပ်တဲ့အခါ လွဲချော်မှုအနည်းငယ်လည်း ဖြစ်နိုင်ပါတယ်”ဟု ရဟတ်ယာဉ်မှူးတစ်ဦးကလည်း လုပ်ငန်းအနေအထားကို ပြောကြားသည်။


**လေယာဉ်မှူး ကိုစိုင်းနောင်လတ်**

ကိုစိုင်းနောင်လတ်၏ ပြောကြားချက်အရ ယခုရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ရာသီဥတုဒဏ်ကြောင့် ဝေဟင်မှ မြင်တွေ့ရသည့် အနေအထားများမှာ အလွန်ပင် ပြောင်းလဲနေကြောင်း သိရသည်။

“အရင်က ကွင်းကိုဆင်းခါနီးပြီဆိုရင် ရာသီဥတုကောင်းရင်ကောင်းသလို အဝေးကြီးကတည်းက မြင်နေရတယ်။ အခုအချိန်မှာတော့ ကွင်းကိုဆင်းသက်ခါနီး သုံးမိုင်လောက်ကနေ တစ်မိုင်လောက်မှသာ မြင်ရတယ်။ ကျွန်တော်တို့ကတော့ အတွေ့အကြုံအရ တစ်မိုင်လောက်အကွာမှာ မြင်ရရင် ကောင်းကောင်းဆင်းသက်နိုင်ပါတယ်။ မိုးတိမ်တောင်တွေကို ရှောင်တိမ်းရသလို မြေပြင်ကနေ အမြင့်ဘယ်လောက်မှာဆိုရင် လေတိုက်ခတ်နှုန်းက ဘယ်လောက်ဆိုတာကိုလည်း ချိန်ဆနေရတာမျိုးတွေ့ရှိတယ်”ဟု လက်ရှိအနေအထားကို လေယာဉ်မှူးထံက သိရှိရသည်။

လက်ရှိတွင် ရေဘေးသင့်ဒေသများသို့ မြန်မာ့တပ်မတော်လေမှ ရဟတ်ယာဉ်များ၊ လေယာဉ်များအပါအဝင် မြန်မာ့အမျိုးသားလေကြောင်းလိုင်း၊ Air KBZ နှင့် Air Bagan လေကြောင်းလိုင်းများမှ လေယာဉ်များသည် ကယ်ဆယ်ရေးပစ္စည်းများ တင်ပို့မှုနှင့် ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားရောက်နိုင်ဖို့အရေး ရန်ကုန်နှင့် မန္တလေး လေယာဉ်ကွင်းများကို အခြေပြုကာ အခေါက်ခေါက် ပြေးဆွဲသယ်ယူပေးလျက်ရှိကြောင်း သိရသည်မှာ အားရစရာပင်ဖြစ်ကြောင်း လေယာဉ်မှူးများက ပြောသည်။

“ပိုင်းလော့တွေရော၊ လေယာဉ်မယ်တွေ လေယာဉ်မောင်တွေပါ ပရဟိတစိတ်ဓာတ်အပြည့်နဲ့ သယ်ယူပို့ဆောင်ပေးနေကြပါတယ်။ မြင်ရတဲ့မြင်ကွင်းမှာ အချို့နေရာတွေက ရေကျသွားပြီး ရွှံ့တောကြီးဖြစ်ကျန်ခဲ့တာနဲ့ တူနေတယ်။ ကျွန်မတို့အားလုံးကတော့ အဆင်ပြေစွာနဲ့ ခရီးသည်တွေ၊ ရိက္ခာတွေကို လိုအပ်တဲ့ နေရာရောက်သွားဖို့ အစွမ်းကုန်ကြိုးပမ်းနေတယ်”ဟု လေယာဉ်မယ် မရွှေရည်မြင့်မော်က ပြောကြားသည်။

မည်သို့ပင်ဆိုစေ လေယာဉ်မှူး ကိုစိုင်းနောင်လတ်တို့ မောင်းနှင်ပျံသန်းသွားသည့် ATR လေယာဉ်ကြီးကတော့ ရာသီဥတုအနေအထားကို ကြံ့ကြံ့ခံရင်း ရေဘေးသင့်ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားပြီဖြစ်သည်။

# ကျွန်တော်တို့ စစ်သားတွေ ပင်ပန်းပေမယ့်လည်း ပင်ပန်းတယ်လို့သဘောမထားပါဘူး၊ ရေဘေးသင့်ပြည်သူတွေကို ကူညီရတဲ့အတွက် ကျေနပ်ပါတယ်

တပ်ကြပ်ကြီးနိုင်လင်းစိုး

သတင်းဆောင်းပါး-ခင်မောင်ထွေး
ဓာတ်ပုံ-ဇော်မင်းလတ်

Y-8 အမျိုးအစား တပ်မတော်လေယာဉ်၏ စက်သံများက ရန်ကုန်မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၏ ဩဂုတ် ၇ ရက် နံနက်ခင်းကို ဖုံးလွှမ်းသွားခဲ့သည်။

ခရီးစဉ်၏ ဦးတည်ရာက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ ရည်မှန်းချက်က ကလေးမြို့ ရေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အလှူရှင်များ၏ ပေးပို့သော ထောက်ပံ့ရေးပစ္စည်းများကို သွားရောက်ပို့ဆောင်ပေးရန်ဖြစ်သည်။

နံနက် ၈ နာရီထိုးသည်နှင့် တပ်မတော်(လေ)၏ Y-8 အမျိုးအစားလေယာဉ်သည် ပြေးလမ်းထက်မှ တစ်ဆင့် ဝေဟင်ယံသို့ ထိုးတက်သွားသည်။ သို့တစေ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်၏ မြေပြင်ထက်တွင် တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ပျားပန်းခပ်မျှ လှုပ်ရှားနေဆဲက အဆက်မပြတ် ဝင်ရောက်လာသည့် ကားကြီးကားငယ် အသွယ်သွယ်ထက်မှ ထောက်ပံ့ရေးပစ္စည်းများကို အခေါက်ခေါက်အခါခါ သယ်ပိုးထမ်းရွက်သူတို့က ထမ်းရွက်၊ နေရာတကျဖြစ်အောင် စီစဉ်သူတို့က စီစဉ်၊ လက်ခံသူတို့က လက်ခံ၊ စာရင်းဇယားမှတ်သူ မှတ်တို့ဖြင့် သူ့တာဝန် ကိုယ့်တာဝန်ဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်နေကြ၍ ဖြစ်သည်။

ဩဂုတ် ၁ ရက်မှ စတင်၍ လာရောက်လှူဒါန်းသည့် ပစ္စည်းများကို စာရင်းဇယားသွင်း၊ အလေးချိန် ချိန်တွယ်ပြီး စနစ်တကျသိမ်းဆည်းလက်ခံကာ ရခိုင်၊ ကလေး၊ ချင်းဒေသအလိုက် တပ်မတော်(လေ)က Y-8 လေယာဉ်၊ တပ်မတော်(ရေ)က စစ်သင်္ဘောများ၊ တပ်မတော်(ကြည်း)က ယာဉ်တန်းများဖြင့် ဒေသအလိုက် ပို့ဆောင်ပေးနေကြောင်း၊ ရေဘေးကယ်ဆယ်ရေး လှူဒါန်းပစ္စည်းများ လက်ခံထိန်းသိမ်းပို့ဆောင်ရေးဦးစီးအဖွဲ့(တပ်မတော်)ဒုတိယတာဝန်ခံ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဦးစီးအရာရှိ ပထမတန်း(စစ်ထောက်) ဒုတိယဗိုလ်မှူးကြီးအေးလင်းက ပြောသည်။

"တပ်မတော်(လေ)က ရခိုင်ကို ဦးစားပေးပြီး စစ်တွေမြို့ကို အနည်းဆုံး သုံးခေါက် ပို့ဆောင်ပေးပါတယ်။ ဒီနေ့(ဩဂုတ် ၇ ရက်)မှာတော့ ကလေးကို တပ်မတော် (လေ)က Y-8 လေယာဉ်နဲ့ စတင်ပို့နေပါပြီ။ ပြန်လာရင် ရခိုင်ကိုဆက်ပို့ဖို့ စီစဉ်နေပါတယ်။ ဩဂုတ် ၆ ရက်ကလည်း တပ်မတော်(ရေ)က စစ်သင်္ဘောတစ်စင်း စစ်တွေကိုထွက်သွားပြီး မုံရွာ၊ ကလေးနဲ့ ချင်းအတွက်လည်း တပ်မတော်က ကားခုနစ်စီး ထွက်သွားပါပြီ။ လက်ရှိမှာ ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ၃၄၈ တန်ကျော် လက်ခံရရှိပြီး လေယာဉ်၊ သင်္ဘောနဲ့ ၂၄၈ တန်ကျော်ပို့ပြီးပါပြီ။ ဆက်လက်ပို့ဆောင်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များလှူဒါန်းသည့် ဆန်၊ ရေသန့်၊ ဆေးဝါး၊ အဝတ်အထည်၊ အစားအစာ၊ သက်န်း၊ သပိတ်နှင့် အထွေထွေပစ္စည်း ၃၄၈၃၄၄ ကီလို လက်ခံရရှိပြီး ၂၃၈၄၀၃ ကီလိုကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောနှင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ရေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ပြီး လက်ကျန် ၁၀၉၉၄၁ ကီလိုကို ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ဒုတိယဗိုလ်မှူးကြီးအေးလင်း၏ ရှင်းပြမှုကို နားစိုက်နေဆဲမှာပင် မြန်မာ့ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့် ရှောက်ပေးနေသည့် တပ်မတော်(လေ)မှ တိုက်လေယာဉ်များ၏ အင်ဂျင်စက်နှိုးသံကြောင့် ရုတ်တရက် လှမ်းမျှော်ကြည့်မိရာ လေယာဉ်ပြေးလမ်းဘေးစပ်မှ တစ်ဆင့် အလှူရှင်အချို့၏ ထောက်ပံ့ပစ္စည်းများ တင်ဆောင်လာသော ယာဉ်တန်းများကို ဝင်ချည်တစ်လှည့် ထွက်ချည် တစ်လှည့် ထပ်မံမြင်တွေ့ရပြန်ပါသည်။

လူ/ကယ/ပြန်၊ နယ်စပ်ရေးရာ၊ မွေးမြူရေးနှင့် ကျေးလက်၊ ကျန်းမာရေး၊ ဆက်သွယ်ရေး စသည့် ဌာနဆိုင်ရာများက တိုက်ရိုက်လှူဒါန်းကြသကဲ့သို့ လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ တစ်ဦးချင်း လှူဒါန်းမှုများကိုလည်း နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ လက်ခံပေးလျက်ရှိကြောင်း သိရသည်။

"တစ်နေ့တာလာရောက်လှူဒါန်းသမျှကို စာရင်းချုပ်ရတာကြောင့် ည ၉ နာရီအထိ မပြီးဘူး။ ဒါ့အပြင် အထက်ဌာနအဆင့်ဆင့်ကိုလည်း တင်ပြရပြီး အဲ့ဒီကနေ လေယာဉ်နဲ့စီစဉ်ရမလား၊ သင်္ဘော သို့မဟုတ် ကားနဲ့စီစဉ်ရမလား ဆိုတာမျိုးကြောင့် ညနေ ၅ နာရီအထိ လက်ခံပြီးစာရင်းချုပ်ရခြင်းဖြစ်ပါတယ်။ တချို့ကလည်း လာရောက်လှူဒါန်းမှုကို ညအထိ လက်မခံဘူးဆိုတာမျိုး ပြောလာမှာစိုးလို့ လာရင်လည်း လက်ခံပေးပါတယ်။ သတ်မှတ်ချိန်အတွင်းဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့ဗျာ"ဟု ဒုတိယဗိုလ်မှူးကြီး အေးလင်းက ဆိုသည်။

ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ခွဲဝေဖြန့်ဖြူးခြင်းကို အချိန်နှင့်တစ်ပြေးညီ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ လေးခုဖြင့် ဖွဲ့စည်းဆောင်ရွက်နေကြောင်း သိရသည်။

တာဝန်ခံဖြစ်သူ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးအောင်ကျော်ထွန်းက "လေယာဉ်နဲ့ တစ်ခေါက်ကို ခြောက်တန်သာ ပို့ပေးနိုင်ပါတယ်။ စစ်တွေကိုတော့ ဩဂုတ် ၁ ရက်ကတည်းက ပို့နေတာ ဩဂုတ် ၆ ရက်ဆို ၁၆ ခေါက်ရှိပြီး ပစ္စည်းတန်ချိန် ၉၂ တန်ကျော်သွားပါပြီ။ ကလေးကိုတော့ ဒီနေ့ ဩဂုတ် ၇ ရက်မှာ စတင်ပို့နေပါပြီ။ လေယာဉ်ပျံကွင်းမရှိတဲ့ ဟားခါးနဲ့ ချင်းတောင်ကို တပ်မတော်ရဟတ်ယာဉ်များနဲ့ ပို့ပေးနေပါတယ်။ ကလေးက လေယာဉ်ပျံကွင်း ရေမမြုပ်တာက တစ်ခုကံကောင်းသွားတာပဲ။ လေယာဉ်ပျံကွင်းသာ မြုပ်ရင် ပိုဆိုးသွားမယ်"ဟုပြောသည်။

ထို့အပြင် အလှူရှင်များ စိတ်အနှောင့်အယှက်မရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အလှူပစ္စည်းများ ပါရှိသွားကြောင်းကိုလည်း သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများကို ပြန်ကြားရေးဆပ်ကော်မတီမှတစ်ဆင့် ဆက်သွယ်ဖြေကြားပေးလျက်ရှိကြောင်း ၎င်းက ဆိုသည်။

လက်ခံပစ္စည်းစာရင်းချုပ်ကို သက်ဆိုင်ရာ အထက်အဖွဲ့အစည်းအဆင့်ဆင့်ကို ပြန်လည်တင်ပြရသကဲ့သို့ အထက်အဖွဲ့အစည်းအဆင့်ဆင့်ကလည်း သက်ဆိုင်ရာဒေသရှိ ဝန်ကြီးချုပ်များ တင်ပြသည့် လတ်တလော ဆောင်ရွက်ပေးရမည့် ရေဘေးသင့်ဧရိယာနှင့် လိုအပ်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို အချိန်နှင့် တစ်ပြေးညီပေးပို့ရန် ပြန်လည်ညွှန်ကြားသဖြင့် နံနက်ပိုင်း လေယာဉ်တန်းထွက်၍ရအောင် ထောက်ပံ့ရေးပစ္စည်းများကို ညနေကတည်းက လေယာဉ်ပေါ်တင်ထားပြီး သားဖြစ်စေရန် ဆောင်ရွက်ရကြောင်း သိရသည်။

ပြည်သူတွေ ရေဘေးဒုက္ခ ခံစားနေရတာကို ကျွန်တော်တို့လည်း ထပ်တူခံစားရတယ်။ ကိုယ်ချင်းစာပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သက်ဆိုင်ရာနဲ့ ပူးပေါင်းပြီး စေတနာနဲ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနေပါတယ်။ အားမငယ်ကြပါနဲ့၊ လိုအပ်တဲ့ပစ္စည်းတွေ အမြန်ဆုံးရောက်အောင်ပို့ပေးနေပါတယ်။ ပြည်သူတွေကို ပြည်သူ့တပ်မတော်က ကူညီနေမှာပါ။ ကျွန်တော်တို့ကတော့ မိမိလုပ်နေတဲ့အလုပ်ကို ထိရောက်အောင်မြင်အောင် လုပ်ဆောင်နေမှာပါပဲ" ဟု မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး အောင်ကျော်ထွန်းက ဆိုသည်။

အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယ ရဲအုပ် ဇင်ပိုင်စိုးက ရေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင် မလှူနိုင်ပေမယ့်လည်း ယခုလို လုပ်အားဖြင့် လှူဒါန်းရခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူပါသည်ဟု ပြောသည်။

ရေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ စေတနာရှင် အလှူရှင်များ၏ လာရောက်လှူဒါန်းသော ထောက်ပံ့ရေးယာဉ်တန်းများက အဆက်မပြတ် ဝင်ရောက်နေဆဲ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့ကလည်း ဆိုခဲ့ပါထောက်ပံ့ရေးပစ္စည်းများကို အခေါက်ခေါက်အခါခါ သယ်ပိုးထမ်းရွက်နေကြဆဲပင်။

"ကျွန်တော်တို့ ဒီမှာ တာဝန်ထမ်းဆောင်နေတာ နှစ်ရက်ရှိပါပြီ။ ကျွန်တော်တို့စစ်သားတွေ ပင်ပန်းပေမယ့်လည်း ပင်ပန်းတယ်လို့သဘောမထားပါဘူး။ ရေဘေးသင့်ပြည်သူတွေကို တစ်တပ်တစ်အား ဝင်ရောက်ကူညီရတဲ့အတွက် ကျေနပ်ပါတယ်" ဟု ဆိုလာသည့် အမှတ်(၁) ယာဉ်သိုလှောင်ရေးတပ်ရင်းမှ တပ်ကြပ်ကြီး နိုင်လင်းစိုး၏ ရင်တွင်းစကားသံကလည်း တပ်မတော်သားတစ်ဦး၏ ပြည်သူအပေါ်ထားရှိသည့် စေတနာကို ထင်ဟပ်စေပါတော့သည်။




## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ၊ ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ဩဂုတ် ၇ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ထုတ်ဝေသက်တမ်းတိုးနှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ၁၁ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခြောက်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၃ ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၂၅ ဦးတို့အား လည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦး၊ ပုံနှိပ်လုပ်ငန်းလိပ်စာပြောင်း နှစ်ဦး၊ ဂျာနယ်လိပ်စာပြောင်း လေးဦး၊ စာပေတိုက်အမည်ပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက်သက်တမ်းတိုး ၁၀၃၁ ဦးနှင့် အသစ်လျှောက်ထားသူ ၂၂၀၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၈၈ ဦးနှင့် အသစ်လျှောက်ထားသူ ၅၀၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၁၇ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၇၆၃ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကျွန်းလှမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

**ကျွန်းလှ ဩဂုတ် ၇** စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် သစ်ရာမြိုင်ရပ်ကွက် မြို့ရှေ့ဘုန်းတော်ကြီးကျောင်းတိုက်၌ ဆောင်ရွက်သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများကို တိုင်းရင်းဆေးပညာ ဦးစီးဌာန/မြို့နယ် တိုင်းရင်းဆေးကုဌာနမှ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ဆေးဝါးများဖြင့် ပြည်သူ ၈၀ ကျော်အား အခမဲ့ကုသဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ကြည်နွယ်က ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရေဘေးသင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများ ပညာရေးဝန်ကြီးဌာနက ဆက်လက်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတစ်ဝန်းမိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် အခြေခံပညာကျောင်းများ၊ ရုံးများပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေး ကျောင်းသား ကျောင်းသူများအန္တရာယ် ကင်းရှင်းစေရေး၊ ရေကျဆင်းချိန်တွင် ကျောင်းရုံးများပြန်လည်ထူထောင်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဇူလိုင် ၂၇ရက်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဦးစီး၍ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကော်မတီများဖွဲ့စည်းပြီးနောက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာပေသင်ကြားနိုင်ရေး၊ ပစ္စည်းဆုံးရှုံးမှုများအား ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ တစ်ဦးချင်းလိုအပ်မည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံများအချိန်မီထောက်ပံ့ပေးနိုင်ရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါစီမံချက်များအရ ရေဘေးသင့်ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများနှင့် ဘောပင်များကိုဩဂုတ် ၃ ရက်မှ ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးပို့ခဲ့သည့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့မှုစာရင်းကို ဖော်ပြထားရှိသည်-

**(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးဒဏ်ခံ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့မှုစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အတန်းစုံ ပြဋ္ဌာန်းစာအုပ် (အစုံလိုက်) | ဗလာစာအုပ်ဒါဇင် | | ခဲတံ(ဒါဇင်) | | ဘောပင်(ဒါဇင်) | | စုစုပေါင်း တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် ဒါဇင် | တန်ဖိုး (ကျပ်သန်း) | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | |
| ၁ | ချင်း | ၂၁၅၁၂ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၂ | စစ်ကိုင်း | ၂၂၂၁၄၆ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၃ | မကွေး | ၂၂၃၈၉၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၄ | ရခိုင် | ၃၆၄၄၂၄ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၅ | မွန် | ၂၃၀၆၀၆ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၆ | ကရင် | ၁၁၃၂၆၃ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၇ | ပဲခူး(အရှေ့) | ၁၉၂၀၁၃ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၈ | ပဲခူး(အနောက်) | ၁၅၇၇၉၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၉ | ဧရာဝတီ | ၅၈၀၄၆၀ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၀ | တနင်္သာရီ | ၃၆၁၁၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၁ | ကချင် | ၄၃၃၉၄၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၂ | မန္တလေး | ၆၈၅၉၀၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၃ | ရှမ်း (အရှေ့) | ၅၉၈၆၃ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၄ | ရန်ကုန် | ၃၅၈၄၀၈ | ၆၀၀၀ | ၉. ၀၀၀ | ၂၀၀၀ | ၁. ၇၀၀ | ၁၀၀၀ | ၁. ၂၀၀ | ၁၁. ၉၀၀ |
| | စုစုပေါင်း | ၃၆၈၀၃၃၇ | ၁၇၆၀၀၀ | ၂၆၄ | ၅၈၆၇၄ | ၄၉. ၈၇၃ | ၂၉၃၃၉ | ၃၅. ၂၀၇ | ၃၄၉. ၀၈ |

ထို့ပြင် သဘာဝဘေးဒဏ်ခံ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ပေးခဲ့သည့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုစာရင်းကိုလည်း ဖော်ပြထားရှိသည်-

**(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးဒဏ်ခံ တိုင်းဒေသကြီး/ပြည်နယ်များသို့ အခြားအသုံးအဆောင်ပစ္စည်းများထောက်ပံ့မှုစာရင်း**

(၁) ရေဘေးသင့်ကျောင်းများ၏ သန့်စင်ခန်းများသန့်ရှင်းရေးနှင့်လိုအပ်သည်များပြုပြင်ခြင်း ၃၇၇၆ ကျပ်သိန်း
(၂) ရေဘေးသင့်ကျောင်းများ၏ ရွှံ့နွံများဆေးကြောခြင်းနှင့် လိုအပ်သည်များပြုပြင်ခြင်း ၃၇၇၆ ကျပ်သိန်း
(၃) သန့်ရှင်းသောရေရရှိရေးအတွက် ရေတုံကင်ပြုပြင်ခြင်း(ရေတွင်းတူးခြင်းအပါအဝင်) ၈၉၀၄ ကျပ်သိန်း
(၄) ရေဘေးသင့်ကျောင်းများမှ ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်း ၅၉၃၆ ကျပ်သိန်း
(၅) ရေဘေးသင့်ကျောင်းများသို့ စာသင်ခုံများထောက်ပံ့ပေးခြင်း ၇၄၂၀ ကျပ်သိန်း
(၆) ကယ်ဆယ်ရေးစခန်းအဖြစ်ပြုလုပ်သည့်ကျောင်းများအတွက် ပြင်ဆင်စရိတ်ခွဲဝေခြင်း၊ (ကျောင်း(၆၆)ကျောင်း၏ သန့်ရှင်းရေး၊ မွမ်းမံရေးတို့အတွက် ဆက်လက်စီမံဆောင်ရွက်မည်ဖြစ်ပါသည်။)
(၇) ကျောင်းထောက်ပံ့ခြင်း ကြိုတင်ထုတ်ပေးခြင်း(ငွေပမာဏသည် ကျောင်းသားဦးရေအပေါ်မူတည်ပြီးတွက်ချက်ချီးမြှင့်ရခြင်းဖြစ်၍ ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ပါသည်။)

ရေကျဆင်း၍ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ချိန်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးရည်ရွယ်လျက် အခြေခံပညာကျောင်းများအတွက် ကျောင်းထောက်ပံ့ကြေးငွေ ကြိုတင်ထုတ်ပေးခြင်း၊ ရေဘေးသင့်ကျောင်းများ၏ သန့်စင်ခန်းများသန့်ရှင်းရေးနှင့် လိုအပ်ချက်များပြုပြင်ခြင်း၊ ရေဘေးသင့်ကျောင်းများ ရွှံ့နွံများဆေးကြောခြင်းနှင့် လိုအပ်ချက်များပြုပြင်ခြင်း၊ သန့်စင်သောရေရရှိရေးအတွက် ရေတုံကင်ပြုလုပ်ခြင်း (ရေတွင်းတူးခြင်းအပါအဝင်)၊ ရေဘေးသင့်ကျောင်းများမှ ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်း၊ ရေဘေးသင့်ကျောင်းများသို့ စာသင်ခုံများထောက်ပံ့ပေးခြင်း၊ ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုသောကျောင်းများအတွက် ပြင်ဆင်စရိတ်ခွဲဝေပေးခြင်းစသည့် လုပ်ငန်းစဉ်များကို စတင်စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းအဆောက်အအုံများ ပျက်စီးမှုများကို ရေကျချိန်တွင် စိစစ်တွက်ချက်ပြီး အမြန်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ရေဘေးသင့်ပြည်သူများကို ပံ့ပိုးကူညီ



**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံအတွင်း ရေကြီး၊ ရေလျှံဖြစ်ပေါ်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများကို အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ထောက်ပံ့ကူညီရေးအတွက် ဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ အစ္စလာမ်ကောင်စီ ဌာနချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် "လတ်တလော ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်အပါဝင် အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများလှူဒါန်းနိုင်ရန်အတွက် လူမျိုးဘာသာမခွဲခြားဘဲ ရေဘေးသင့်ပြည်သူများအားလုံးကို လှူဒါန်းသွားမည်ဖြစ်ကြောင်း"ဟု လုပ်ငန်းရှင်ဦးကိုကိုလတ်က ပြောသည်။ အစည်းအဝေးတွင် အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ် ကျောင်းသားလူငယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရေဘေးသင့်ပြည်သူများ ပံ့ပိုးကူညီရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ လတ်တလောဖြစ်ပွားခဲ့သည့် ဒေသအချို့တွင် ကူညီပေးနိုင်ရန်အတွက် ရေဘေးသင့်ပြည်သူများပံ့ပိုးကူညီရေးကော်မတီက ဦးဆောင်ပြီး ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်သို့ သွားရောက်လှူဒါန်းနိုင်ခဲ့သည်။ ဒုတိယခရီးစဉ် ကို ဩဂုတ် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းဒေသရှိ မြို့များ၊ ခရီးစဉ်နှင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူခရီးစဉ်တို့ကို လှူဒါန်းနိုင်ရန် ထွက်ခွာခဲ့သည်။

ချင်းပြည်နယ် ကလေးမြို့နှင့် ရခိုင်ပြည်နယ်ဒေသများသို့ စင်းလုံးငှားကုန်တင် လေယာဉ်များငှားရမ်းပြီး အမြန်ဆုံးလှူဒါန်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်ရန် အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံးနှင့် ဘာသာရေးအဖွဲ့ ငါးဖွဲ့ရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **မျိုးဇော်**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၇ ရက်တွင် နေပြည်တော်အလှူခံဌာန၌ ငွေကျပ် ၅၈၆၅၄၇၀၀၊ အမေရိကန်ဒေါ်လာ ၂၀၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံယူကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အလားတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း စေတနာရှင်ပြည်သူများက ဩဂုတ် ၇ ရက်တွင် အလှူငွေကျပ် ၁၀၃၆၄၅၀၀၊ အမေရိကန်ဒေါ်လာ ၁၆၃၀၊ ဧရာဝတီ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ အလှူငွေကျပ် ၄၂၀၂၅၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိထားရာ ဇူလိုင် ၂၉ မှ ဩဂုတ် ၇ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၄၈၇၃၉၁၃၅၀နှင့် အမေရိကန်ဒေါ်လာ ၆၅၅၀၊ ထိုင်းဘတ် ၄၀၂၀၀၊ မလေးရှားရင်းဂစ် ၂၀၀၀ တို့ဖြစ်သည်။ အလှူငွေနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ်ရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့(ဗဟို)က အလှူငွေများထောက်ပံ့




**ဟားခါး ဩဂုတ် ၇**

နိုင်ငံနှင့်အဝန်း မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်သူများ သဘာဝဘေးဒဏ်သင့်ခဲ့ကြရာ ချင်းပြည်နယ်ရှိ သဘာဝဘေးဒဏ်သင့် ဒေသခံတိုင်းရင်းသားပြည်သူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၅၀၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့(ဗဟို)မှ ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၁၀၀ တို့ကို ပြည်နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကဒေါ်ဝါဝါမှတစ်ဆင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များထံသို့ လွှဲပြောင်းပေးပို့ထောက်ပံ့လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး မိသားစုကလည်း ယင်းဒေသရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအား ငွေကျပ် ၁၀ သိန်း လှူဒါန်းထားကြောင်း သိရှိရသည်။

**(ဟားခါး ခရိုင် ပြန်/ဆက်)**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲကျင်းပ



နေပြည်တော် သြဂုတ် ၇

**သဘာဝဘေးဒဏ်ကြောင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ တိရစ္ဆာန်နှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှု၊ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)**

အခမ်းအနားတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က သဘာဝဘေးဒဏ် ကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး သတင်းဌာနများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

၂၀၁၅ ခုနှစ် ဇွန်နှင့် ဇူလိုင်လအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ခိုင်းနွား ၆၄ ကောင်၊ ကျွဲ ၁၀ ကောင်၊ ဝက်ကောင်ရေ ၈၀၊ ဆိတ် ၁၅ ကောင်၊ ဥစားနှင့် အသားစားကြက်ကောင်ရေ ၃၈၀၃၀ သေဆုံးခဲ့ပြီး ခိုင်းနွား ၂၀ ကောင် ပျောက်ဆုံးခဲ့ရာ ဆုံးရှုံးမှု တန်ဖိုး စုစုပေါင်းငွေကျပ် ၁၇၁ ဒသမ ၉၅၅ သန်း၊ ငွေကျပ် ၁၈ ဒသမ ၅ သန်းတန်ဖိုးရှိ မွေးမြူရေးခြံ ၁၅ ခြံနှင့် ငွေကျပ် ၁၀ ဒသမ ၂၀၅ သန်းတန်ဖိုးရှိ တိရစ္ဆာန်အစာ ၉၈၈၈ ပိဿာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသော တိရစ္ဆာန်များ ပြန်လည် မွေးမြူနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ နို့စားနွားမ ၂၀၃ ကောင်၊ နို့စားနွားထီးငယ် ၅၈ ကောင်၊ ဒေသနွားမ ၄၅၃ ကောင်၊ ဆိတ် ၃၁ ကောင်နှင့် ဘဲကောင်ရေ ၇၀၀၀ တို့ကို ရေဘေးသင့်ဒေသများတွင် ပြန်လည်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသများသို့ ငွေကျပ် ၁၆၀၈ ဒသမ ၈၆ သိန်း တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆားနှင့် ရေသန့်ဘူးများ အပါအဝင် အဓိကစားသောက်ကုန်များကို လည်းကောင်း၊ တန်ဖိုးငွေကျပ် ၇၄၃ ဒသမ ၂၀ သိန်း တန်ဖိုးရှိ ဆိုလာမီးအိမ်၊ စောင်၊ ခြင်ထောင်စသည့် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း စုစုပေါင်းငွေကျပ် ၂၃၅၂ ဒသမ ၀၇ သိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရေဘေးသင့်ကျေးရွာများ၌ ရေကောင်းရေသန့်ရရှိရေးနှင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးကို လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်း၍ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဧရိယာအလိုက် စနစ်တကျကွင်းဆင်းပြီး ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရရှိမှုကို တိတိကျကျထုတ်ပြန်ပေးသွားမည်

**အင်တာဗျူး-ဇင်မြတ်ဇော်၊**
**ဓာတ်ပုံ-ကျော်ရဲဆွေ(သတင်းစဉ်)**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သဘာဝဘေးဒဏ်သင့်ဒေသများတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ တိရစ္ဆာန်များနှင့် အဆောက်အအုံပျက်စီးဆုံးရှုံးခြင်းအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ၌ ကျေးလက်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့သည် -**

**ဦးခန့်ဇော်**
**ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

ရေဘေးသင့် ဧရိယာတွေကို ဒေသခံအဖွဲ့တွေ၊ ရုံးချုပ်က တာဝန်ရှိသူတွေက ဧရိယာအလိုက်ကွင်းဆင်းပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေ ဦးစားပေးဆောင်ရွက်ပြီး ပျက်စီးဆုံးရှုံးမှုကို စာရင်းကောက်ယူပါတယ်။ လမ်းနဲ့ ပတ်သက်ရင် တစ်နိုင်ငံလုံးစာရင်းအရ လမ်းမိုင်ပေါင်း ၂၂၀ မိုင် ၇ ဖာလုံ၊ တံတားစင်းရေပေါင်း ၃၅၂ စင်း ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်တဲ့အခါ ငွေကျပ်သန်းပေါင်း ၇၂၇၅ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒီနေရာမှာ ချက်ချင်းစာရင်းကောက်ရတဲ့အတွက်ကြောင့် အချိန်ကာလသတ်မှတ်ချက်အရ တွက်ချက်မှုတွေမှာ လိုတာရှိနိုင်သလို ပိုတာတွေလည်း ရှိနိုင်ပါတယ်။



လက်ရှိမှာတော့ သောက်သုံးရေက အရေးကြီးတဲ့အတွက်ကြောင့် သောက်သုံးရေရရှိရေးကို အစုအဖွဲ့တွေဖွဲ့ပြီး တွင်းတွေ၊ ကန်တွေကို သန့်စင်တဲ့လုပ်ငန်းတွေ လုပ်ပါမယ်။ တွင်းတွေဆိုရင် တွင်းဆေးတယ်၊ တွင်းမှုတ်တယ်လို့ ခေါ်ပါတယ်။ မကွေးတိုင်းဒေသကြီးထဲက ပွင့်ဖြူနဲ့ စေတုတ္တရာမှာဆိုရင် ရေကျသွားပြီဖြစ်တဲ့အတွက်လုပ်လို့ရပါပြီ။ တိုင်းဒေသကြီးအတွင်းက အင်ဂျင်နီယာတွေ စုဖွဲ့ထားသလို မန္တလေးတိုင်းဒေသကြီးက အင်ဂျင်နီယာ ၁၀ ဦး သွားရောက်ပူးပေါင်းပြီး တွင်းဆေး၊ တွင်းသန့်တာတွေ လုပ်မယ်၊ ဆေးခတ်တာတွေလုပ်မယ်ဆိုရင် မကွေးတိုင်းဒေသကြီးက မြန်မြန်ဆန်ဆန် ပြီးသွားပါမယ်။ ကလေးမြို့က အခုအချိန်အထိ ရေမကျသေးတဲ့အတွက် ဘယ်လောက်ပျက်စီးမှုန်း စာရင်းတွေ မရသေးပါဘူး။

အလားတူ ရခိုင်မှာဆိုရင် ကန်တွေအများစုက ရေငန်တွင်းတွေဖြစ်သွားပါတယ်။ အဲ့ဒီရေငန်တွေကို ပြန်လည်စုပ်ထုတ်တာတွေ လုပ်ပါမယ်။ စုပ်ထုတ်တဲ့အချိန် တစ်ပြိုင်တည်းမှာပဲ သောက်ရေလိုနေတဲ့အတွက်ကြောင့် မြို့ပေါ်ကနေသောက်ရေခပ်တဲ့အလုပ်တွေ လုပ်ပေးနေသလို ရေသန့်စက် ၁၀လုံးကို လေယာဉ်နဲ့ ပေးပို့သွားဖို့ စီစဉ်ထားပါတယ်။

ဒီအတိုင်းပဲ Unicef ကိုလည်း အကူအညီ တောင်းထားပါတယ်။ တာပိုလင်စတွေ၊ ရေပုံးတွေ ဒါတွေက အလွန်လိုအပ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ရေငန်မလွှမ်းပေမယ့် ရေနောက်သွားတဲ့ကန်တွေကို ကျောက်ချဉ်ခပ်ရပါမယ်။ ခုနက ရေသန့်စက်လေးတွေနဲ့ ဖြန့်ရမယ့် အနေအထားရှိပါတယ်။

လမ်းလုပ်ငန်းတွေကို လမ်းကြောင်းပြတ်တောက်တဲ့ နေရာတွေမှာ အရင်ဆုံးသွားလို့ရအောင် ဦးစားပေး လုပ်ရပါမယ်။ အင်ဂျင်နီယာတွေ စုဖွဲ့ပြီးလုပ်ပါမယ်။ ဒီလိုလုပ်တဲ့အချိန်မှာ လမ်းရော၊ ရေရော ကျွန်တော်တို့ပဲ တစ်ပြိုင်တည်းလုပ်လို့ မပြီးနိုင်ပါဘူး။ ဥပမာ ရခိုင်မှာ ရေကန်တွေ ပြန်ဆယ်တယ်ဆိုရင် ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါမယ်။ ဒါမှ မြန်မြန်ဆန်ဆန် ရေတွင်းတွေ သန့်ရှင်းတာ လုပ်နိုင်သလို လမ်းလုပ်ငန်းတွေကို မြန်မြန်ဆန်ဆန်လုပ်နိုင်မှာ ဖြစ်ပါတယ်။ လမ်းတံတားအပိုင်းမှာ သတိထားရမှာက မိုးတွင်းလမ်းကြောင်း မပြတ်တောက်အောင် စဉ်းစားရသလို ပြန်လည်ပြုပြင်ထားတာတွေ မပျက်စီးအောင် စဉ်းစားရမှာ ဖြစ်တဲ့အတွက် ရာသီဥတုနဲ့ချိန်ပြီးတော့ ဆက်စပ်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

အိမ်နဲ့ ပတ်သက်လို့ကတော့ အခုလောလောဆယ် စာရင်းကောက်ထားပါတယ်။ အိမ်နဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးက တစ်ဆင့်တင်ပြပြီး မူဝါဒခံယူရမှာ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်တစ်လုံးပျက်စီးသွားတာကို ဘယ်လောက်ထောက်ပံ့မလဲ။ အမိုးပျက်ရင် ဘယ်လောက်ထောက်ပံ့မလဲ။ ဒါကို ကျွန်တော်တို့က စာရင်းပဲကောက်ရသေးတယ်၊ ဘယ်လိုပြန်လုပ်ပေးရမလဲဆိုတာကို တိတိကျကျ ဆုံးဖြတ်ပြီးရင် ချက်ချင်းလုပ်မှာ ဖြစ်ပါတယ်။ ဒါကတော့ လမ်းတွေ၊ ရေတွေ၊ အိမ်ရာတွေအတွက် လုပ်မယ့်အစီအစဉ်ဖြစ်ပါတယ်။

မြစိမ်းရောင်စီမံကိန်းထဲက အခုလတ်တလော ရေလွှမ်းသွားတဲ့ရွာတွေ စာရင်းအရဆိုရင် ရွာပေါင်း ၁၃၀ ရှိပြီး ကချင်မှာသုံးရွာ ၊ ကရင်မှာ ၁၀ ရွာ၊ ချင်းမှာနှစ်ရွာ၊ စစ်ကိုင်းမှာ ၁၄ ရွာ၊ ပဲခူးမှာတစ်ရွာ၊ မကွေးမှာ ၁၀ ရွာ၊ ရခိုင်မှာ ၆၈ ရွာ ရခိုင်ကတော့ တော်တော်လေး အခြေအနေဆိုးပါတယ်။ ရန်ကုန်မှာ သုံးရွာနဲ့ ဧရာဝတီမှာ ၁၉ ရွာ ရေမြုပ်တာပဲ သိပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ အဲ့ဒီကျေးရွာတွေကိုဆင်းပြီး အသေးစိတ်စာရင်းကောက်ယူကြည့်ပြီးမှ ပျက်စီးဆုံးရှုံးမှုကို ကြေညာရမယ့်အနေအထားဖြစ်ပါတယ်။

ဒါကြောင့်မို့ ရေမြုပ်သွားတာ တကယ်ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အဖွဲ့က စနစ်တကျ ကွင်းဆင်းပြီး စစ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့က စနစ်တကျလေ့လာ စစ်ဆေးပြီးတော့မှ ပျက်စီးတဲ့အရာတွေကို တိတိကျကျ ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။

## ပွင့်ဖြူမြို့နယ်ရှိ ရေနစ်မြုပ် လယ်ယာမြေများတွင် ထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးမည်

မင်းဘူး သြဂုတ် ၇

ပွင့်ဖြူမြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သည့် လယ်မြေများ အချိန်မီပြန်လည် ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက်ကြီး ၅၈ စီးနှင့် လက်တွန်းထွန်စက်များကို ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာစခန်းရှိရာရုံးသို့ သြဂုတ် ၆ ရက်က စတင်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

၂၀၁၅ ခုနှစ် သြဂုတ် ၇ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေမြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၀၀၀၈ | ၂၈၄၈၄ | ၁၂၄၉၂ | ၉၇၆၄ | ၃၅၄ | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကယားပြည်နယ် | ၉၉ | ၉၈ | ၅၆ | - | - | - | - | - | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | - | ၅၀၀ | - | - | - |
| ၅။ | ချင်းပြည်နယ် | ၂၆၅၉ | ၂၄၀၂ | ၂၄၅၉ | ၉၆၀ | - | - | - | - | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၄၃၃ | ၁၄၄၄၁၄ | ၁၁၇၄၉၇ | ၅၈၈၁၆ | ၂၃၇၀ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၅၀၄၆၄ | ၁၅၉၃၀၇ | ၂၉၀၈၀ | ၇၅၄၃ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၈။ | မကွေးတိုင်းဒေသကြီး | ၈၉၉၅၃ | ၇၄၃၃၀ | ၈၇၇၅၉ | ၃၀၉၅၁ | - | ၇၅၀၀ | - | - | - |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၃၇၇ | ၁၄၆ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၃၁၆ | - | - | ၁၆၃၂၀ | - | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၀၂၁၉ | ၂၉၀၂၁၉ | ၂၇၃၁၅၄ | ၂၁၄၂၅၉ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၈၆၅ | ၂၈၂၈၆ | ၁၃၄၄၆ | ၃၃၅ | - | ၅၅၀၀ | - | - | - |
| ၁၃။ | ရှမ်းပြည်နယ် | ၁၁၁၆၁ | ၉၄၃၇ | ၁၆၁၆ | ၅၀၀ | ၁၂၆ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၁၉၅၈၈၇ | ၇၅၆၁၀ | ၆၂၁၂၈ | ၄၄၁၅၇ | - | ၃၀၁၀၀ | - | - | - |
| | စုစုပေါင်း | ၁၂၄၇၄၄၆ | ၈၃၁၁၅၉ | ၆၀၀၇၆၅ | ၃၆၇၃၇၂ | ၃၅၇၅ | ၁၇၂၈၇၇ | ၈၁၈၁၅ | ၆၁၀၀၀ | ၁၃၈၀ |


# ဟင်္သာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၇**


ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များ၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ် ကျော်လွန်မြင့်တက်လျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

**(သတင်းစဉ်)**


ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ




ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ဆိပ်သာမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ငဝန်မြစ်၏ နေ့အလိုက်ရေမှတ်များ



# ရေကြီးနစ်မြုပ် ရထားသံလမ်း/တံတားများ ဆက်လက်ပြုပြင်ဆောင်ရွက်

**နေပြည်တော်  ဩဂုတ်  ၇**

မြန်မာ့မီးရထားတိုင်းအမှတ်(၉)၊ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ဒါးက-ဂုံမင်းကြား မိုင်(၁၆၆/၁၄-၁၈)နှင့် (၁၆၈/၅-၉)တို့တွင် သံလမ်းပေါ်သို့ ကိုးလက်မခန့် ရေကျော်ခြင်းနှင့် ဒါးက-ဘဲဂရက် ဘူတာကြား မိုင်(၁၇၁/၃-၆)တွင် သံလမ်းပေါ်သို့ ခုနစ်လက်မခန့် ရေကျော်ခြင်းများကြောင့် ဒါးက-ဂုံမင်း ရထားလမ်းပိုင်းအား ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီ ၆ မိနစ်တွင် လည်းကောင်း၊ ဒါးက-ဘဲဂရက် ရထားလမ်းပိုင်းအား ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း အသီးသီးပိတ်ထားခဲ့သည်။ လမ်းပိုင်းပိတ်ထားစဉ်အတွင်း ပုသိမ်-ဟင်္သာတ-ကြံခင်း ပြေးဆွဲသော အမှတ်(၁၈၁)အဆန်နှင့် (၁၈၂)အစုန်ရထားများကို ဟင်္သာတ-ကြံခင်း-ဟင်္သာတ ခရီးစဉ်အဖြစ် ဩဂုတ် ၇ ရက်မှစ၍ နေ့စဉ်ပြေးဆွဲမည်ဖြစ်ပြီး အမှတ်(၁၈၅) အဆန်နှင့် (၁၈၆) အစုန်ရထားများကို ကြံခင်း-အသုတ် ခရီးစဉ်အဖြစ် ရက်ခြားပြေးဆွဲမည် ဖြစ်သည်။ ထိုနည်းတူစွာ ပုသိမ်-ဟင်္သာတ ပြေးဆွဲသော အမှတ်(၁၈၇) အဆန်နှင့် (၁၈၈) အစုန်ရထားများကို ဟင်္သာတ-အသုတ်-ဟင်္သာတ ခရီးစဉ်အဖြစ် နေ့စဉ်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၂) ရွာထောင်-ချောင်းဦး လမ်းပိုင်း၊ ညောင်ပင်ဝန်း-ငတရော် ဘူတာကြား မိုင်(၄၁၁/၁၆-၁၇) ရှိ တံတားအမှတ် (၃၄)တွင် ဖားထပ်ခွေခြင်း၊ သံလမ်းသံပေါင်ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါ၍ အဆိုပါလမ်းပိုင်းအား ဩဂုတ် ၆ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး၊ မန္တလေး-မုံရွာသို့ အမှတ်(၁၂၃) အဆန်နှင့် (၁၂၄) အစုန်ရထားများသည်လည်းကောင်း၊ မန္တလေး-ပခုက္ကူသို့ အမှတ် (၁၃၅) အဆန်နှင့် (၁၃၆)အစုန် ရထားများသည်လည်းကောင်း၊ ဩဂုတ် ၇ ရက်မှစ၍ မူလခရီးစဉ်များအတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်။

ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

# ဩဂုတ် ၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀၀ မှ ၄၈၅၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၂၁၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၃၅၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၉၁၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ခရမ်း၊ပဲခူး၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၃၀ မှ ၂၃၃၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ မှ ၁၀၅၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀ |
| ၁၀ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀ မှ ၂၉၀၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၀ မှ ၉၅၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

# မအူပင်ခရိုင် မြို့နယ်များရှိ လယ်မြေ ၁၈၇၇၇ ဧက ရေလွှမ်း လူနေအိမ် ၂၆ လုံးနှင့် စာသင်ကျောင်း သုံးကျောင်းပျက်စီး

**မအူပင်  ဩဂုတ်  ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ်များရှိ ကျေးရွာများတွင် ဇူလိုင် ၃၁ ရက်မှစ၍ ရေဝင်ရောက်မှုကြောင့် မအူပင်မြို့နယ်တွင် အိမ်ခြေ ၁၈၈၈လုံး၊ စာသင်ကျောင်း ၃၃ ကျောင်း၊ လယ်မြေဧက ၉၉၄ ဧက ရေဝင်ရောက်ခဲ့ရာ နေအိမ်ခြောက်လုံးနှင့် စာသင်ကျောင်း တစ်ကျောင်းတို့ ပျက်စီးခဲ့ကြောင်း၊ ပန်းတနော်မြို့နယ်တွင် အိမ်ခြေ ၃၁၃၇ လုံး၊ စာသင်ကျောင်း ၈၄ ကျောင်း၊ လယ်မြေဧက ၆၆၄၀ နှင့် ညောင်တုန်းမြို့နယ်တွင် အိမ်ခြေ ၅၇၁၀၊ စာသင်ကျောင်း ၆၈ ကျောင်း၊ ဘုန်းကြီးကျောင်း ခုနစ်ကျောင်းတွင် ရေဝင်ရောက်ခဲ့ပြီး လယ်မြေ ၉၉၈၈ ဧက၊ နေအိမ်ခြောက်လုံးနှင့် စာသင်ကျောင်း တစ်ကျောင်းတို့ ပျက်စီးခဲ့ကြောင်း၊ ဓနုဖြူမြို့နယ်တွင် အိမ်ခြေ ၈၅၀၊ စာသင်ကျောင်း ၂၀၊ ဘုန်းကြီးကျောင်း တစ်ကျောင်းတို့ ရေဝင်ရောက်ပြီး လယ်မြေ ၁၁၅၅ ဧက၊ နေအိမ် ၁၄ လုံး၊ စာသင်ကျောင်း တစ်ကျောင်းပျက်စီးခဲ့ကြောင်း သိရသည်။

မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များ၏ ရေဝင်ရောက်မှုစာရင်းမှာ အိမ်ခြေပေါင်း ၁၁၅၈၅ လုံး၊ စာသင်ကျောင်းပေါင်း ၂၁၅ ကျောင်းနှင့်ဘုန်းကြီးကျောင်း ရှစ်ကျောင်းတို့ဖြစ်ပြီး လယ်မြေ ၁၈၇၇၇ ဧက၊ နေအိမ် ၂၆ လုံး၊ စာသင်ကျောင်း သုံးကျောင်းပျက်စီးခဲ့ကြောင်း၊ ညောင်တုန်းမြို့၏ မြစ်ရေသည် ယနေ့ညနေ ၄ နာရီ တိုင်းထွာချက်အရ ၂၅ ဒသမ ၈ ပေ ဖြစ်ကြောင်း သိရသည်။

**ညောင်တုန်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော်  ဩဂုတ် ၇** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှအားအသင့်အတင့်ရှိနေသည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

**အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင် နဲ့သွားကြစို့**

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉)သိန်း
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀)သိန်း
၁၁/၁၂ရက်ခရီးစဉ် အောက်တိုဘာ ၂၆၊ နိုဝင်ဘာ ၁၆၊ ဒီဇင်ဘာ ၃၀၊ ဇန်နဝါရီ ၂၅၊ — စရံပေး ဦးရာလူစနစ်
၁၄/၁၅ရက်ခရီးစဉ် အောက်တိုဘာ ၇ (၁၈ လို)၊ ၃၀၊ နိုဝင်ဘာ ၂ (၂၅ လို)၊ ၂၀၊ ဒီဇင်ဘာ၉၊ ၂၅၊ ဇန်နဝါရီ ၆၊ ၂၇၊ ဖေဖော်ဝါရီ ၃၊ ၁၀၊ ၂၄၊ မတ် ၂၊ ၁၆၊ ၂၁၊

**အောက်တိုဘာ (၇)ရက် (၁၄/၁၅ရက်)ခရီးစဉ်အား (၉.၅)သိန်းဖြင့်ပို့ဆောင်ပေးသွားပါမည်။**

ခရီးစဉ်တိုင်းတွင် သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထားသီးသန့်စီစဉ် ပေးထားပါသည်။ နိုင်ငံကူးလက်မှတ် (၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၀/–) လျှော့ပေးပါမည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက်ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိ အဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ရန်စီစဉ်ပေးထားပြီး သက်ဆိုင်ရာလေဆိပ်၊ ကားဂိတ်များသို့ အကြို အပို့ပြုလုပ်ပေးပါသည်။ ခရီးစဉ်တိုင်းတွင် ဦးဆောင်ဆရာတော်တစ်ပါး နှင့် Tour Leader တစ်ဦး အမြဲပါရှိပါမည်။ ဟိုတယ်(၂)ည အိပ်။ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။

လိုင်စင်အမှတ်–ခ–၂၈၁၅ ပုဂ္ဂလိကအဖြစ်–၃၃၁/၂၀၁၅–၂၀၁၆(ကျေး)

အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
၀၁–၅၆၀၁၆၄၊ ၅၆၀၁၆၅၊ ၀၉–၄၉၇၇၇၀၄၅၊ ၃၁၁၈၀၀၈၁၊ ၂၆၀၇၁၃၂၃၂၊ ၄၀၁၅၆၆၁၀၁၊ mgytravel@gmail.com

## ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

(၁) ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်ခြင်းကို ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အဆိုပြုတင်ဒါ လျှောက်လွှာများကို ချိပ်ပိတ်စာအိတ်ဖြင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီရှေ့မှောက်တွင် တင်သွင်း၍ မှတ်ပုံတင်သွားရန် တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့မှ နေ့စဉ်ထုတ်သတင်းစာများတွင် သတ်မှတ်ကြေညာခဲ့ပါသည်။

(၂) ယခုအခါ တင်ဒါလျှောက်လွှာဝယ်ယူသူအများစု၏ တောင်းဆိုချက်များအရလည်းကောင်း၊ အဆိုပြုလွှာများ၌ ပိုမိုပြည့်စုံကောင်းမွန်စွာ ပြုစုတင်သွင်းနိုင်ရေးအတွက်လည်းကောင်း အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်မည့်ရက်ကို ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီသို့ ပြင်ဆင်သတ်မှတ်လိုက်သည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၇

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှု မရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၂၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၆၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၆၀၃၀ | ၂. ၀၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၁၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၁၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၅၅' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၅၅' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၇၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၁၀' |
| ၁၁။ | မြောက်ယမား ရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၈၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၇၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၂၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၂၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၅၀' |
| ၂၃။ | စဉ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၁၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၀၀၀၀ | ၀. ၄၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၅၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၈. ၁၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၈. ၇၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၃၀' |
| ၃၃။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၀. ၂၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၉၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၂၅' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၃၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၃၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၀ | ၁. ၇၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၈ | ၁. ၅၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၇၂၉ | ၂၅. ၈၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၈၂၀ | ၂၇. ၆၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၂၃၄၆ | ၆. ၉၀' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၆၅၄ | ၉. ၂၀' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၂၆၇ | ၂၀. ၃၃' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၀၇ | ၅. ၁၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၄၁၄ | ၁. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၅၀၀၄၈၀ | ၃. ၀၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၇၄၃၇၂ | ၃၄. ၂၅' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၁၆၁၉ | ၁၂. ၉၅' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၈၂၄ | ၃၆၃၆၅ | ၂၁. ၄၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၉၂၀ | ၁၂. ၂၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၉၈၅၀ | ၄. ၆၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၂၅၆၈ | ၈၉. ၂၂' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၃၉၈ | ၆၀. ၂၀' |
| ၂၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၄၀၃၃၉ | ၀. ၃၀' |

(သတင်းစဉ်)

❒ **ကျော်ဖုံးမှ**

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် စင်ကာပူအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိကာ ဩစတြေးလျအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယနေရာသို့ တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲကို ဩဂုတ် ၉ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တတိယအကြိမ်မြောက် တက်ရောက်ခြင်းဖြစ်ပြီး ထိုင်းအသင်းနှင့် ဒုတိယအကြိမ်တွေ့ဆုံခြင်းလည်း ဖြစ်သည်။ မြန်မာအသင်းသည် အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယတစ်ကြိမ်ရရှိထားပြီး ဒုတိယရရှိခဲ့သည့် ၂၀၀၆ ပြိုင်ပွဲတွင် အုပ်စုပတ်လည်စနစ်ဖြင့် ကစားကာ ဒုတိယနေရာရရှိခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ **(မြန်မာ့အလင်း)**


**CLAIMS DAY NOTICE**

**M.V TRANS FUTURE -1 VOY: NO (231)**

Consignees of cargo carried by M.V TRANS FUTURE -1 VOY: NO (231) are here by notified that the vessel will arrive on about 9-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



## Global New Light of Myanmar seeks experienced journalists

The Global New Light of Myanmar, the country's longest-running English-language newspaper, is looking for experienced journalists to join its expanding editorial team.

The GNLM currently has opening for copy editors and reporters at its newsroom in Yangon.

Copy editors must have English as a native language, excellent writing and proofreading skills, and ideally an extensive background in print or online media. Experience in newspaper layout and design is a major plus.

Reporters must be fluent in Myanmar and capable of filing clear, concise news copy in English. Experience writing for English-language print or online media is an advantage.

Applicants should send a cover letter and CV to Maung Maung Than at mnmnthn2@gmail.com or phone 09-5088924 for further information.



**CLAIMS DAY NOTICE**

**M.V HOEGH CHENNAI VOY:NO (15)**

Consignees of cargo carried by M.V HOEGH CHENNAI VOY: NO (15) are here by notified that the vessel will arrive on about 8-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



## နှိုးဆော်အသိပေးချက်

ရခိုင်ပြည်နယ်၊ ရေဘေးသင့် တောင်သူလယ်သမားများအား မျိုးစပါးများ ဖြန့်ဖြူးပေးလျက်ရှိရာ စပါးပျက်စီး ဧကပမာဏမှာ များပြားသဖြင့် ပြင်ပမှအလှူရှင်များ၊ လုပ်ငန်းရှင်များ၏အကူအညီကို ရယူလိုပါသည်။ သို့ဖြစ်ပါ၍ စပါးထောက်ပံ့ပေးလိုသူများသည် ရခိုင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ-၀၄၃-၂၂၁၉၈၊ ၂၂၉၀၁၊ ၂၃၄၆၀**
**စိုက်ပျိုးရေးဦးစီးဌာန**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၇၅၈၇၈ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရထွန်း ၁၀/မလမ(နိုင်)၁၈၈၂၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဃ/၄၄၂၇၂ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းထွန်း ၁၀/မလမ(နိုင်)၁၂၂၈၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**



**ဆရာဌေး** နှင့် ဆရာမဒေါ်ဌေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ တွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဩဂုတ်လ(၅/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
**Ph: 01-375970, 0951 72096, 09254541441**

# ၂၀၂၅ ခုနှစ်ကို မျှော်နေသည့် အာဆီယံနှင့် အာဆီယံထဲက မြန်မာနိုင်ငံ




**အောင်ထူး**

အာဆီယံအသင်းကြီးကို ထူထောင်ခဲ့သည်မှာ ၂၀၁၅ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ၄၈ နှစ်တင်းတင်းပြည့်တော့မည်ဖြစ်ပါသည်။ အာဆီယံ ထူထောင်စဉ်က အာဆီယံသည် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတစ်ခုသာ ဖြစ်ခဲ့သော်လည်း ၂၀၀၃ ခုနှစ် ဘာလီကြေညာစာတမ်းကို အခြေခံကာ အာဆီယံသည် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ အဘက်ဘက်မှ ပေါင်းစည်းသည့် အာဆီယံအသိုက်အဝန်း ကို ၂၀၁၅ ခုနှစ်တွင် ထူထောင်နိုင်ရန် ကြိုးပမ်းခဲ့ကြပါသည်။

ယင်းကြိုးပမ်းမှု၏ ရလဒ်အဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံသည် ဘက်ပေါင်းစုံမှ ပေါင်းစည်းသည့် အာဆီယံအသိုက်အဝန်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ အနာဂတ်ကို အမြဲမျှော်ကြည့်နေသော အာဆီယံသည် ၂၀၁၅ ခုနှစ်အလွန်အတွက် အာဆီယံ၏မျှော်မှန်းချက်တစ်ရပ်ကိုလည်း ရေးဆွဲလျက်ရှိပါသည်။ ယင်းမျှော်မှန်းချက်သည် ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။

**မတူကွဲပြားမှုမှ စုစည်းမှုရှိသည့် အာဆီယံ**

အာဆီယံသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ များစွာကွဲပြားခြားနားသော ဒေသဆိုင်ရာအုပ်စုတစ်ခုဖြစ်ပါသည်။ အာဆီယံ၏ထုတ်ကုန် ၄၀ ရာခိုင်နှုန်းကို ဂျီ-၂၀ အုပ်စုဝင်နိုင်ငံလည်းဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်လျက်ရှိပါသည်။ တစ်ဦးကျဝင်ငွေအရ ကြည့်လျှင် စင်ကာပူသည် တစ်ဦးကျ ဂျီဒီပီ အမြင့်မားဆုံးဖြစ်ပြီး လာအိုနိုင်ငံ တစ်ဦးကျဝင်ငွေထက် အဆ ၃၀ နှင့် မြန်မာနှင့်ကမ္ဘောဒီးယားနိုင်ငံများထက် စာလျှင် အဆ ၅၀ မျှရှိပါသည်။ စင်ကာပူနိုင်ငံ၏ တစ်ဦးကျဝင်ငွေသည် ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်သည့် ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့ထက်ပင် ကျော်လွန်လျက်ရှိနေပါသည်။ အာဆီယံနိုင်ငံများတွင် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုးကွယ်သည့် ဘာသာများကအစ ကွာဟမှုရှိပါသည်။

ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် အစ္စလာမ် ဘာသာဝင်မှာ ၉၀ ရာခိုင်နှုန်း နီးပါးရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ရိုမန်ကက်သလစ် ဘာသာဝင်ဦးရေမှာ ၈၀ ရာခိုင်နှုန်းကျော်ရှိပါသည်။ ထိုင်းနိုင်ငံတွင် လူဦးရေ၏ ၉၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။

**အာဆီယံမှ ရနိုင်မည့်အကျိုး**

၁၉၉၇ ခုနှစ်တွင် အာဆီယံအသင်းသို့ဝင်ရောက်ခဲ့သည့် မြန်မာနိုင်ငံသည် ယခုနှစ်တွင် ၁၈ နှစ်သား အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါသည်။ အာဆီယံအနေဖြင့် အာဆီယံအသိုက်အဝန်းကြီးကို ထူထောင်ခဲ့ခြင်းနှင့်ပတ်သက်၍ အာဆီယံအသိုက်အဝန်းမှ မည်သို့သော အကျိုးရမည်ကို မြန်မာပြည်သူများက သိရှိလိုကြသလို အာဆီယံအသိုက်အဝန်း အထူးသဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းအတွင်း ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အကျိုးကို ထိခိုက်နိုင်မှုရှိမည်လား ဟူသည့် စိုးရိမ်ပူပန်မှုလည်း ရှိခဲ့ကြပါသည်။ မိမိထက်ပိုမိုတိုးတက်ထွန်းကားသော အာဆီယံနိုင်ငံများနှင့် ပေါင်းစည်းမှုသည် မြန်မာနိုင်ငံရှိ ထွန်းသစ်စလုပ်ငန်းများ၊ မူလသမားရိုးကျရှိနေပြီးဖြစ်သည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် ပြိုင်ဆိုင်နိုင်မှုမရှိဘဲ ပျက်သုဉ်းသွားနိုင်သည်လားဟု စိုးရိမ်မှုရှိကြလေသည်။ တစ်နည်းအားဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဟူသည့် ဒေဝေါကြီးကို မမြင်ရခင်ကပင် ကြိုတင်ကြောက်ရွံ့နေကြခြင်းဖြစ်လေသည်။ သို့သော်လည်း မြန်မာနိုင်ငံမှ ပြည်သူအချို့သည် အာဆီယံအဖွဲ့အတွင်းသို့ ဝင်ရောက်ခဲ့မှုကြောင့် ခံစားခဲ့ရသည့် လက်တွေ့အကောင်အထည်ပြနိုင်သည့် အကျိုးများကို သတိမမူ ဂူမမြင်ဖြစ်နေကြသည်လည်း ရှိလေသည်။ အာဆီယံအသိုက်အဝန်းသို့ ဝင်ရောက်ခြင်းသည် မြန်မာနိုင်ငံအတွက် အကျိုးရှိသလို၊ စိန်ခေါ်မှုများလည်းမကင်းပေ။ အသိုက်အဝန်းသို့ ဝင်ရောက်ခြင်းသည် အကျိုးကိုလို၍ ညောင်ရေလောင်းခြင်းဖြစ်သလို အသိုက်အဝန်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ထမ်းဆောင်ရမည့် တာဝန်များစွာလည်း ရှိလေသည်။ အာဆီယံအသိုက်အဝန်းမှ ပေးအပ်လာသည့် အခွင့်အလမ်းများကို အစွမ်းကုန် အပြည့်အဝအသုံးမချနိုင်လျှင်လည်း ပေးကားပေး၏ မရဆိုသလို ဖြစ်လေမည်။

သို့ဖြစ်၍ အာဆီယံအသိုက်အဝန်းကြီးမှ မည်သည့်အကျိုးရမည်ကို မေးသည်ထက် အာဆီယံအသိုက်အဝန်းကြီးမှပေးသည့် အခွင့်အလမ်းများကို မည်သို့အကျိုးရှိအောင် အသုံးချသွားရမည်ကို သိရှိထားရန်လိုအပ်မည်ဖြစ်သည်။

**စီးပွားရေးတိုးတက်မှုရှိသည့်အာဆီယံ**

ပထမဆုံးဆိုရလျှင် အာဆီယံအသိုက်အဝန်းအတွင်းသို့ ဝင်ရောက်ခြင်းသည် မြန်မာနိုင်ငံအတွက် အကျိုးမယုတ်ဟု ဆိုနိုင်ပါသည်။ အာဆီယံ၏ စီးပွားရေးခိုင်မာမှုသည် အာဆီယံအနေဖြင့် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှု အရှိဆုံးဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့လေသည်။ ၂၀၀၇ ခုနှစ်မှစ၍ ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ပျမ်းမျှ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိနေချိန်တွင် အာဆီယံဒေသ၏ စီးပွားရေးတိုးတက်နှုန်းမှာ ၅ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ယင်းသို့ လျင်မြန်သည့် စီးပွားရေးတိုးတက်မှုကို ရရှိခဲ့ခြင်းသည် အာဆီယံအတွင်းရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြင့်မားစေခဲ့ပြီး ၈၃ သန်းသော ပြည်သူများကို ဆင်းရဲတွင်းမှ ကင်းလွတ်စေလျက် လူလတ်တန်းစားအဆင့်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးခဲ့သည်။ အာဆီယံနိုင်ငံများတွင် တစ်ဦးကျဝင်ငွေတိုးတက်မှုမှာ များစွာသိသာခဲ့သည်ကို တွေ့ရပါသည်။

ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံတွင် ၁၉၉၅ခုနှစ်မှ ၂၀၀၆ခုနှစ် ၁၁ နှစ်တာကာလအတွင်း တစ်ဦးကျဂျီဒီပီကို အမေရိကန်ဒေါ်လာ ၁၃၀၀ မှ ၂၆၀၀ သို့ နှစ်ဆတိုးတက်လာခဲ့ပါသည်။ အာဆီယံနိုင်ငံများ၏ မေခရိုစီးပွားရေး တည်ငြိမ်မှုသည် စီးပွားရေးတိုးတက်မှုအတွက် အခြေခံတစ်ရပ်ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အာရှငွေရေးကြေးရေး အကျပ်အတည်းသည် အာဆီယံနိုင်ငံများအပေါ်တွင် အရိပ်သဖွယ်လွှမ်းမိုးနေသည့်တိုင်အောင် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွင် အာဆီယံနိုင်ငံများအနေဖြင့် ကြံ့ကြံ့ခိုင်ပြန်လည် ရှင်သန်လာနိုင်ကြသည့်အပြင် ယခုအခါ ပိုမိုခိုင်မာသည့် ငွေရေးကြေးရေးအခြေအနေကို ဖြစ်ပေါ်စေခဲ့သည်။ အစိုးရ၏ ကြွေးမြီအပိုင်းတွင်လည်း စုစုပေါင်းတိုင်းပြည်ထုတ်ကုန်၏ ၅၀ ရာခိုင်နှုန်းအောက်တွင်သာရှိနေကြောင်း တွေ့မြင်ရသည်။ ယူကေနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင်မူ ပြည်သူ့ကြွေးမြီအခြေအနေမှာ ဂျီဒီပီထက် ၁၀၀ ရာခိုင်နှုန်းကျော်လွန်နေသည်ကို တွေ့ရပါသည်။

စုဆောင်းမှုအပိုင်းတွင်လည်း ၂၀၀၅ ခုနှစ်မှ စတင်၍ မြင့်တက်ခဲ့ပြီး စုဆောင်းနှုန်းသည် ဂျီဒီပီ၏ သုံးပုံတစ်ပုံမျှရှိနေသည်ကို တွေ့ရပါသည်။ အာဆီယံသည် ကမ္ဘာပေါ်တွင် အမြင့်မားဆုံးရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကို လက်ခံရရှိခဲ့ပြီး စားသုံးသူဈေးကွက်ကို တိုးချဲ့နိုင်ခဲ့လျက် အခြေခံအဆောက်အအုံ ကွန်ရက်များကိုလည်း ချဲ့ထွင်နိုင်ခဲ့ပါသည်။

အာဆီယံနိုင်ငံများကို နိုင်ငံတစ်ခုအနေဖြင့် စုပေါင်း၍ကြည့်လျှင် စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ၂၀၁၃ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံရှိပြီး ကမ္ဘာပေါ်တွင် သတ္တမအကြီးဆုံး စီးပွားရေးစနစ်ဖြစ်နေပါသည်။ ၂၀၅၀ ပြည့်နှစ်တွင် အာဆီယံသည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံး စီးပွားရေးစနစ်ဖြစ်လာမည်ဟု ခန့်မှန်းထားပါသည်။ အာဆီယံ၏စီးပွားရေးတိုးတက်မှုကို လုပ်သားအင်အား တိုးတက်လာမှုနှင့် ထုတ်လုပ်မှု စွမ်းအားတိုးတက်မှုတို့က တွန်းအားပေးခဲ့ပါသည်။ အာဆီယံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် အင်အားအကြီးမားဆုံး လုပ်သားအင်အားကို ပိုင်ဆိုင်ထားပါသည်။ နုပျိုသောလုပ်သား အင်အားစုကို ပိုင်ဆိုင်ထားမှုသည် အာဆီယံ၏ အားသာချက်ဖြစ်ပါသည်။

> **အာဆီယံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ပြီးလျှင် အင်အား အကြီးမားဆုံး လုပ်သား အင်အားကို ပိုင်ဆိုင်ထား . . . . နုပျိုသော လုပ်သား အင်အားစုကို ပိုင်ဆိုင် ထားမှုသည် အာဆီယံ၏ အားသာချက်ဖြစ်**

ထို့အပြင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အာဆီယံ၏ စီးပွားရေးတိုးတက်မှု ၆၀ ရာခိုင်နှုန်းသည် လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထုတ်လုပ်မှုစွမ်းအားအများဆုံး တိုးတက်ခဲ့သည့် ကဏ္ဍများမှာ ကုန်ချောထုတ်လုပ်မှု၊ လက်လီရောင်းဝယ်မှု၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး ကဏ္ဍများတွင် ဖြစ်ပါသည်။

နယ်စပ်ဖြတ်ကျော် လမ်းပန်းအခြေခံအဆောက်အအုံများသည် ဝေးလံခေါင်ပါးသောဒေသများကို ဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်။ ပေါင်းစည်းမှု၏ အကျိုးကျေးဇူးကို ပိုမိုမျှတစွာ ခံစားလာနိုင်ကြသည်ကိုလည်းတွေ့ရသည်။ အခြေခံအဆောက်အအုံဆိုင်ရာ လမ်းပန်းကွန်ရက်ချိတ်ဆက်မှုသည် ကုန်စည်၊ မတည်အရင်းအနှီး၊ အလုပ်သမားများနှင့် စိတ်ကူးစိတ်သန်း အကြံဉာဏ်များ စီးဆင်းမှုကို အထောက်အကူပြုစေပြီး ကုန်စည်ရောင်းဝယ်မှု ကုန်ကျစရိတ်များကိုလည်း လျော့ကျစေခဲ့ကြောင်း တွေ့ရှိရသည်။

ယင်းသို့သော အကျိုးကျေးဇူးများကို အပြည့်အဝရရှိနိုင်စေရန်မှာမူ ယင်းအခြေခံ အဆောက်အအုံများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အချင်းချင်း ပိုမိုညှိနှိုင်းမှုများ လုပ်ဆောင်သွားကြရန် ဖြစ်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*




**ရေဘေးသင့်ပြည်သူများအတွက် BIDV(Bank for Investment and Development of Vietnam) JSC မှ အမေရိကန်ဒေါ်လာ နှစ်သောင်းတန်ဖိုးရှိ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်၊ ဆေးဝါးများကို ဩဂုတ် ၅ ရက်က ဗီယက်နမ်သံအမတ်ကြီး Mr.Pham Thanh Dung နှင့် BIDV မှ Investment and Development of Vietnam) JSC မှ Chief of Representative Mr.Tran Tien Dong တို့က ပေးအပ်လှူဒါန်းစဉ်။**
တင်စိုး(မြန်မာ့အလင်း)

# မဒေါက်မြို့ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ညောင်လေးပင် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင် ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် စစ်တောင်းမြစ်ရေမြင့်တက်လာခြင်းကြောင့် မဒေါက်မြို့ မြို့မ(၁)ရပ်ကွက်နှင့် မြို့မ(၂)ရပ်ကွက်တို့တွင် လည်းကောင်း၊ ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာနှင့် မုက္ခမူကျေးရွာများတွင်လည်းကောင်း ရေလွှမ်းမိုး၍ ရေကြီးနစ်မြုပ်ခဲ့သည်။

ရေဘေးသင့်ပြည်သူများကို မဒေါက်မြို့ တိုင်တစ်ရာဘုန်းကြီးကျောင်း၊ သာသနဝံသဘုန်းတော်ကြီးကျောင်း၊ တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်ပေးလျက်ရှိရာ ဩဂုတ် ၂ ရက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက စားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေများကို ထောက်ပံ့ပေးခဲ့ကြသည်။

အလားတူ ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာနှင့်မုက္ခမူကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စုများကို ဩဂုတ် ၁ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ဇော်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှတာဝန်ရှိသူများက စက်လှေများဖြင့် အိမ်တိုင်ရာရောက်သွားရောက်ကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# မိုးနည်းလို့ နေသာ နှမ်းစိုက်တောင်သူများဝမ်းသာ

**နေပြည်တော် ဩဂုတ် ၇**

ပျဉ်းမနားမြို့နယ် ဒက္ခိဏခရိုင်အတွင်းရှိ ကျေးရွာများတွင် နှမ်းစိုက်ပျိုးသောတောင်သူများသည် ယခုရက်ပိုင်းတွင် မိုးနည်းပြီး နေသာသဖြင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

"အရင်လကမိုးက နေ့စဉ်ရွာလိုက်တာ မိုးကကောင်းတော့ ကျွန်တော်တို့ နှမ်းစိုက်ပျိုးတဲ့တောင်သူတွေမှာ ဘာမှလုပ်လို့မရဘူး။ မိုးများလို့တော့ နှမ်းတွေက မပျက်စီးပါဘူး။ မိုးက နေ့စဉ်ရွာနေတော့ နှမ်းထောင် အခြောက်ခံထားသူတွေက မိုးနည်းမယ့်ရက်ကို မျှော်ကြတာပါ။ ဒါမှ နှမ်းစိုက်ပြီးရင် အခြားသီးနှံကို အချိန်မီ စိုက်ပျိုးရမှာမို့ပါ။ အခုလကစပြီး မိုးနည်းကာ နေသာသဖြင့် ကျွန်တော်တို့ နှမ်းစိုက်တောင်သူတွေလည်း နှမ်းထောင် အခြောက်လှန်းသူတွေက လှန်း၊ ခြောက်ပြီးသား နှမ်းတွေကို ခါတဲ့သူတွေကလည်း ခါနေကြပြီ"ဟု ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာမှ နှမ်းစိုက်သူ ဦးညီညီက ပြောသည်။ **မောင်ကျိုက်လတ်(ပြန်/ဆက်)**

## ကျေးရွာချင်းဆက်ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီး

**မန်စီ ဩဂုတ် ၇**

မန်စီမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းညွှန့်နှင့်အဖွဲ့ ဩဂုတ်လပထမပတ်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မံသဲ-သစ်ဆုံး ကျေးရွာချင်းဆက်ကျောက်ချောလမ်း၊ မံသဲ-ကုန်းတိမ် ကျေးရွာချင်းဆက်ကျောက်ချောလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၂ သန်းဖြင့် ကောင်းကင်လွင်ကုမ္ပဏီက ဆောက်လုပ်ခဲ့ရာ ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဆောက်လုပ်ပြီးစီးခဲ့၍ ရာသီမရွေးလွယ်ကူစွာ သွားလာနိုင်ကြသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိနေကြသည်။ **ဝါဝါ(ဗန်းမော်)**



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ကျည်တောင်ကန်-ဖြူတ်ခွဲ (အစုန်/အဆန်) ရထားလမ်းပိုင်းအား မိုးရာသီအတွင်း ခုန်/ဆောင့်/လူးများ လွတ်ကင်းပပျောက်စေရန်အတွက် တာဝန်ခံ ဦးတင်မောင်လတ် အငယ်တန်းအင်ဂျင်နီယာ (၂)သံလမ်း တပ်ကုန်းဦးစီးပြီး လုပ်သားအင်အား ၂၀ဖြင့် ED/All TM/02 စက်ပါကင်စက်ကြီးအသုံးပြု၍ တောက်လျှောက်ပါကင်ရိုက်ခြင်းလုပ်ငန်းကို ဩဂုတ်၆ ရက်က ဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှစ်မိုင်-နန့်မွန်းလမ်းတစ်လျှောက်တောင်ပြို လမ်းပန်းဆက်သွယ်ရေးအဆင်ပြေရန် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**မိုးညှင်း ဩဂုတ် ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ရှစ်မိုင်-နန့်မွန်းတောင်ပတ်လမ်းတစ်လျှောက်တောင်များပြိုကျခြင်း၊ မြေစာများလျှောကျခြင်း ဖြစ်စဉ်များကြောင့် လမ်းပန်းဆက်သွယ်သွားလာရေး အဆင်ပြေစေရန်အတွက် မိုးညှင်းခရိုင်လမ်းဦးစီးအဖွဲ့က ၂၄ နာရီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမိုးအဆက်မပြတ်ရွာသွန်းမှုဖြစ်စဉ်များကြောင့် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှစ်မိုင်-နန့်မွန်းတောင်ပတ်လမ်းများတွင်လည်း တောင်ပြိုပြီး မြေစာလျှောကျကာ လမ်းကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့သို့ဖြစ်ပေါ်နေမှုကို ရှင်းလင်းကာ လမ်းပန်းဆက်သွယ်မှုများ အချိန်နှင့် တစ်ပြေးညီဆက်သွယ်သွားလာနိုင်ရေးတို့အတွက် လမ်းခရီးသုံးမိုင်လျှင် တာဝန်ခံ (SAE)တစ်ဦး လုပ်သား ၂၀ ခန့်စီ ၂၄ နာရီအချိန်ပြည့်ပြင်ဆင် ဆောင်ရွက်နေကြောင်း တာဝန်ခံဦးလှုံဝေက ပြောသည်။

ယခုအခါ ဟိုပင်-ကုန်းသာ-လုံးတုံ-ညောင်ပင်ကားလမ်းပေါ်ရှိ (ရှစ်မိုင်တောင်ခြေမှ-နန့်မွန်းတောင်ပတ်လမ်း) ကားလမ်းမကြီးမှာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ၂၄ နာရီဆောင်ရွက်လျက်ရှိသောကြောင့် လွယ်ကူလျင်မြန်စွာ စိုးရိမ်ကြောင့်ကြမှုကင်းစွာဖြင့် ကုန်တင်မော်တော်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များစိတ် ချမ်းမြေ့စွာ သွားလာလျက်ရှိကြောင်း သိရသည်။ **နီတိုး**



## သတင်းတိုများ

### ရွေးကောက်ပွဲလုံခြုံရေးတပ်ဖွဲ့ဝင်မိသားစုများ မဲပေးနိုင်ရေးစည်းဝေး

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေး တပ်ဖွဲ့ဝင်နှင့် မိသားစုများမဲပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပစဉ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးဆောင်ရွက်မည့် အခြေအနေများ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲများနှင့် တပ်ဖွဲ့/ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် တပ်ဖွဲ့ဝင်နှင့် မိသားစုများမဲပေးနိုင်ရေးကို ဆွေးနွေးကြပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ရွေးကောက်ပွဲလုံခြုံရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏မှာကြားချက်များကို ရှင်းလင်းဆွေးနွေးရာ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ပြိုလဲသွားသောဓာတ်တိုင်များ ပြန်လည်စိုက်ထူ

ပဲခူးမြို့နယ် ညောင်အင်းစက်မှုဇုန်နှင့်အင်းတကော်မြို့တွင် ဇူလိုင်နောက်ဆုံးပတ်က လေဆင်နှာမောင်းတိုက်ခတ်၍ စက်မှုဇုန် 11KV လိုင်း ကွန်ကရစ်တိုင်ခြောက်တိုင်နှင့် အင်းတကော်မြို့နယ်တွင် 11KV လိုင်း ကွန်ကရစ်တိုင်သုံးတိုင် ကျိုးကျပျက်စီးခဲ့ပြီး ပဲနွယ်ကုန်းမြို့၌ ကွန်ကရစ်တိုင်တစ်တိုင် ပြိုလဲပျက်စီးခဲ့သဖြင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏ ဦးဆောင်မှုဖြင့် ခရိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက အမြန်ဆုံးဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အားပြန်လည်ပေးထားပြီဖြစ်ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

### ရေဘေးသင့်ကျေးရွာများသို့ ပစ္စည်းများလှူဒါန်း

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အနောက်ခြမ်းကျေးရွာအချို့တွင်မိုးများ အဆက်မပြတ် ရွာသွန်းမှုနှင့်မြစ်ရေများ လျှံတက်မှုကြောင့်ကျေးရွာအချို့တွင် ရေကြီးနစ်မြုပ်ခံရသဖြင့် ရေဘေးသင့်ကျေးရွာများသို့ ဩဂုတ် ၅ ရက်က ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက ဆန်၊ ဆေး၊ စားသောက်ကုန်၊ ရေသန့်များနှင့် အဝတ်အထည်များကို ရထားနှင့်ပေးပို့၍လည်းကောင်း၊ လူကိုယ်တိုင်သွားရောက်၍ လည်းကောင်း လှူဒါန်းကြသည်ဟု သိရသည်။ **အောင်ဆင့်**

### ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် သန်လျင်မြို့နယ် နတ်စင်တစ်ရာ ကျောင်းထိုင်ဆရာတော် ဦးပညာဇောတက မိုးကုတ်ဝိပဿနာကျောင်း၌ ဩဂုတ် ၄ ရက်က ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများသို့ ပေးအပ်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက လက်ခံယူခဲ့ပြီး ရေဘေးသင့်ပြည်သူများသို့ ငွေကျပ် ၄၅ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

### ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းနှင့် အလှူငွေများလှူဒါန်း

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၅ ရက်မှစ၍ ပစ္စည်းများ၊ အစားအစာများ၊ ရေသန့်ဘူးများနှင့် အလှူငွေများကို ပခုက္ကူရွှေသိမ်တော်ကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်း၌ လာရောက်လှူဒါန်းကြသည်။

လာရောက်လှူဒါန်းကြသည့် အလှူရှင်များမှာ- အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်နှင့် ပခုက္ကူတပ်နယ် မိသားစုများက နေ့လယ်စာ၊ ရေသန့်ဘူးများနှင့် သောက်ရေခွက်များကို လည်းကောင်း၊ မန္တလေးမြို့ ချမ်းမြေ့သုခလူမှုကူညီရေးအသင်းက ရေသန့်ဘူး ၅၄၀၀ ကို လည်းကောင်း၊ ရန်ကုန်မြို့နေ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော် (ဝေဠုကျော်ဖောင်ဒေးရှင်း)က ငွေကျပ်သိန်း ၂၀ နှင့် ပခုက္ကူမြို့ (နေနတ်သားဆေးတိုက်) မိသားစုက ငွေကျပ်ခုနှစ်သိန်းငါးသောင်းနှင့် ညစာများကို လှူဒါန်းကြကြောင်း သိရသည်။

**(၁၃၅)**

# ရေဘေးကာလမှာအသုံးဝင်မယ့် အွန်လိုင်းပေါ်က ဝက်ဘ်ဆိုက်များ

*မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ဇူလိုင်လကုန်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ဖြစ်ပွားသော ရေကြီးရေလျှံမှုများမှာ အဆိုးဆုံးဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် အကူအညီလိုအပ်လျက်ရှိကာ မြန်မာနိုင်ငံအနှံ့မှ စေတနာရှင်များက အလှူငွေများ ကောက်ခံ၍ အထောက်အပံ့များ ပေးပို့လျက်ရှိသည်။ ယခုကဲ့သို့ ရေကြီးရေလျှံမှု ဖြစ်နေသည့်အချိန်တွင် ရေဘေးသင့်ပြည်သူများနှင့် အကူအညီပေးမည့် အလှူရှင်များအား အထောက်အပံ့ဖြစ်စေရန်အတွက် နည်းပညာကျွမ်းကျင်သူများက သတင်းဝက်ဘ်ဆိုက်များပြုလုပ်၍ သတင်းများအပါအဝင် သိသင့်သည်များကို မြန်မာဘာသာဖြင့် တင်ပေးလျက်ရှိသည်။ ရေဘေးကြုံနေရသူများ၊ ရေဘေးအန္တရာယ်ကြုံတွေ့နိုင်သည့် ဒေသများမှပြည်သူများနှင့် ရေဘေးကြုံသည့်ဒေသသို့သွားရောက်မည့် အလှူရှင်များအနေဖြင့် အွန်လိုင်းပေါ်တွင် ကြည့်ရှုသင့်သည့် ဝက်ဘ်ဆိုက်အချို့ကို စုစည်းဖော်ပြပါသည်။*

သူရဖြိုး

**http://www.dmh.gov.mm/my**




dmh.gov.mm ဟာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ရေဘေးအတွက် အသစ်တင်ထားတဲ့ ဝက်ဘ်ဆိုက်သစ်တစ်ခု မဟုတ်ပေမယ့် အခုလိုရေကြီးရေလျှံဖြစ်နေတဲ့ကာလမှာ မကြည့်မဖြစ်ကြည့်သင့်တဲ့ ဝက်ဘ်ဆိုက်ဖြစ်ပါတယ်။ ခန့်မှန်းချက်၊ သတိပေးချက်၊ ထုတ်ပြန်ချက်၊ သတင်းများ၊ သဘာဝဘေးအန္တရာယ်၊ လူထုပညာပေး စတဲ့ ခေါင်းစဉ်တွေပါဝင်ပါတယ်။

ခန့်မှန်းချက်မှာ နေ့စဉ်၊ ၁၀ ရက်ပတ်နဲ့ လပတ်မိုးလေဝသ အစီအစဉ်တွေ၊ မိုးဦး မိုးလယ် မိုးနှောင်းကာလ၊ ဆောင်းရာသီကာလ မိုးလေဝသခန့်မှန်းချက်တွေ၊ ပင်လယ်ပြင်ခရီး မိုးလေဝသခန့်မှန်းချက်တွေ ပါဝင်ပါတယ်။ သတိပေးချက်မှာတော့ မုန်တိုင်းသတိပေးချက်၊ မုန်တိုင်းဒီရေ သတိပေးချက်၊ မြစ်ရေကြီးခြင်း သတိပေးချက်၊ လေပြင်းတိုက်ခတ်မည့် သတိပေးချက်၊ ဆိပ်ကမ်းများသို့ သတိပေးချက်၊ အချိန်အခါမဟုတ်မိုးသတိပေးချက်၊ ဆူနာမီသတိပေးချက်၊ မိုးရေကြီးမည့် သတိပေးချက် စတာတွေ ပါဝင်ပါတယ်။ ထုတ်ပြန်ချက်မှာတော့ မြစ်ရေအခြေအနေသတင်း၊ ထူးခြားမြစ်ရေအခြေအနေသတင်း၊ မုတ်သုံမိုးအခြေအနေသတင်း စတာတွေ ပါဝင်ပါတယ်။ သတင်းများမှာတော့ မိုး/ဇလဌာနသတင်း၊ မုန်တိုင်းသတင်းနဲ့ ငလျင်သတင်းတွေ ပါဝင်ပါတယ်။

မိုးလေဝသခန့်မှန်းချက်၊ မြစ်ရေခန့်မှန်းချက်၊ မြစ်ရေအခြေအနေ သတင်းထုတ်ပြန်ချက်တွေကို နေ့စဉ် Update တင်ပေးနေတာမို့ မိုးလေဝသအခြေအနေကို အရေးတကြီး သိဖို့လိုနေတဲ့ အခုလိုအချိန်မှာ ကြည့်သင့်တဲ့ ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။

**http://myanmardisaster.org/**




ဒီဝက်ဘ်ဆိုက်ကတော့ အခုဖြစ်ပွားနေတဲ့ ရေဘေးအတွက် ကယ်ဆယ်ရေးနဲ့ အကူအညီပေးရေးမှာ အထောက်အပံ့ဖြစ်အောင်လုပ်ထားတဲ့ ဝက်ဘ်ဆိုက်အသစ်ဖြစ်ပါတယ်။ လိုအပ်နေတဲ့ အကူအညီများ၊ ဒေသအခြေအနေများ၊ သွားကူကြမယ့်သူတွေအတွက် ဆိုတဲ့ ခေါင်းစဉ်သုံးခုပါဝင်ပါတယ်။ လိုအပ်နေတဲ့ အကူအညီများ ခေါင်းစဉ်အောက်မှာ ရေဘေးသင့်ဒေသအသီးသီးက ဒေသအလိုက် ဆန်၊ ရေ၊ ဆေးဝါး၊ စက်လှေ စသည်ဖြင့် မတူညီတဲ့ လိုအပ်ချက်တွေနဲ့ ဒေသခံတွေရဲ့ အကူအညီတောင်းမှုတွေကိုသိရှိအောင် ဖော်ပြထားပါတယ်။ ဖေ့စ်ဘုတ်မှာ ဒေသအလိုက်လူတွေ ရေးထားတာတွေကို တစ်နေရာတည်းမှာ စုစည်းပေးနေတာဖြစ်ပြီး အချိန်နဲ့အမျှ အပ်ဒိတ်လုပ်ပေးနေတာ တွေ့ရပါတယ်။

ဒေသအခြေအနေများမှာတော့ မြို့နယ်တွေမှာ ဖွင့်ထားတဲ့ ကယ်ဆယ်ရေးစခန်းများရဲ့နေရာ၊ စခန်းမှာရှိတဲ့ လူဦးရေ၊ အဲဒီစခန်းတွေအတွက် ကူညီနေတဲ့အဖွဲ့တွေနဲ့ အကူအညီရောက်ရှိနေတဲ့ အခြေအနေ၊ လက်ရှိစားသောက်နေထိုင်ရတဲ့ အခြေအနေတွေနဲ့ လိုအပ်ချက်တွေကို ကြည့်နိုင်ပါတယ်။ ဒါ့အပြင် ဒေသအလိုက် မြစ်ရေအခြေအနေနဲ့ အကူအညီပေးမယ့်အဖွဲ့တွေအနေနဲ့ သွားရောက်ရင် လိုအပ်မယ့်အချက်တွေကိုလည်း သတင်းဝက်ဘ်ဆိုက်အမျိုးမျိုးကနေ ရယူစုစည်းပြီး ဖော်ပြထားပါတယ်။

သွားကူကြမယ့်သူတွေအတွက် ခေါင်းစဉ်အောက်မှာတော့ ဆန်လိုသူတွေကို ဆန်စပါးကူညီပေးမယ့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ ကြေညာချက်၊ သောက်ရေသန့်များ အခမဲ့ပေးမယ့် Alpine သောက်ရေသန့်ရဲ့ ကြေညာချက်၊ ရေသန့်ဆေးထုပ်တွေ အခမဲ့ရယူနိုင်မယ့် ကြေညာချက်၊ ရေဘေးသင့်မြို့တွေက အခမဲ့ တည်းခိုနိုင်မယ့် နေရာတွေ၊ ရေဘေးသင့်ဒေသတွေကို သွားရောက်မယ့်လူတွေအနေနဲ့ ယူသွားသင့်တဲ့ပစ္စည်းတွေနဲ့ လုပ်ဆောင်သင့်တဲ့အချက်တွေ၊ ရေဘေးသင့်ဒေသတွေရဲ့ မြေပုံတွေ စသဖြင့် ပါဝင်ပါတယ်။

ရေဘေးသင့်ဒေသတွေမှာနေထိုင်တဲ့ ပြည်သူတွေအနေနဲ့ ကြည့်ရှုသင့်တဲ့ ဝက်ဘ်ဆိုက်ဖြစ်ပြီး အဲဒီဒေသတွေကို သွားလှူမယ့်သူတွေအတွက်ကတော့ ကြည့်ဖြစ်အောင် ကြည့်သွားသင့်တဲ့ ဝက်ဘ်ဆိုက်ဖြစ်ပါတယ်။

**http://kunyi.asia/**




ဒီဝက်ဘ်ဆိုက်ကလည်း အခုရေဘေးကြုံရတဲ့ကာလမှာ အသစ်တင်ပေးထားတဲ့ ဝက်ဘ်ဆိုက်ဖြစ်ပါတယ်။ Myanmar Barcampers နဲ့ ကောလ်စင်တာဝန်ဆောင်မှုတွေပေးနေတဲ့ Blue Ocean တို့က ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်ရဲ့ ဝန်ဆောင်မှုပေးပုံက ရိုးရှင်းပေမယ့် ထိရောက်တဲ့ ပုံစံဖြစ်ပါတယ်။ Hot Line ဖုန်းနံပါတ်တစ်ခုကို ထားပေးပြီး အဲဒီဖုန်းနံပါတ်ကို ဆက်သွယ်လာတဲ့ အကူအညီလိုအပ်တဲ့လူတွေဆီက တောင်းခံမှုတွေကို ဖော်ပြထားပါတယ်။ ကူညီမယ့်လူတွေက လှူချင်တဲ့၊ သွားရောက်နိုင်တဲ့ ဒေသတွေနဲ့ လှူနိုင်မယ့် စာရင်းကိုလည်း ဖော်ပြထားပါတယ်။ ဒါ့အပြင် လက်ရှိရေဘေးသင့်ဒေသတွေက လူဦးရေ၊ အကူအညီတောင်းခံမှုတွေနဲ့ အကူအညီရောက်ရှိပြီးတဲ့ အခြေအနေတွေကိုလည်း မြို့နယ်အလိုက် စုစည်းဖော်ပြပေးထားပါတယ်။

အကူအညီ လိုအပ်တဲ့နေရာတွေမှာ တကယ်လိုတဲ့ ပစ္စည်းမရောက်ဖို့၊ မလိုအပ်တဲ့ပစ္စည်းတွေ ပုံမနေဖို့ အထောက်အကူပြုမှာဖြစ်သလို အလှူရှင်တွေအနေနဲ့လည်း မိမိတို့ လှူလိုက်တဲ့ပစ္စည်းတွေဟာ လိုအပ်နေသူတွေအတွက် တကယ်အကျိုးပြုအောင် ဒီဝက်ဘ်ဆိုက်က အထောက်အကူပြုမှာဖြစ်ပါတယ်။

**http://myanic.com/**

Myanic ဝက်ဘ်ဆိုက်ရဲ့ အပြည့်အစုံက Myanmar Information Center ဖြစ်ပါတယ်။ လက်ရှိဖြစ်နေတဲ့ ရေဘေးအတွက် ဩဂုတ် ၁ ရက်မှာစပြီး သီးသန့်တင်ပေးထားတဲ့ ဝက်ဘ်ဆိုက်ဖြစ်ပါတယ်။ ရှိနေတဲ့ ဝက်ဘ်ဆိုက်တွေထဲမှာ အကြောင်းအရာ၊ ကဏ္ဍအစုံလင်ဆုံး ဝက်ဘ်ဆိုက်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီဝက်ဘ်ဆိုက်ရဲ့




ထူးခြားချက်က ဝက်ဘ်ဆိုက်တစ်ခုပြုလုပ်ဖို့ စိတ်ကူးရပြီး ငါးနာရီအတွင်းမှာ ဝက်ဘ်ဆိုက်စတင် အွန်လိုင်းဖြစ်ခဲ့သလို ရက်ပိုင်းအတွင်းမှာပဲ အချက်အလက်စုံလင်တဲ့ ဝက်ဘ်ဆိုက်ကြီးတစ်ခုဖြစ်လာခဲ့ခြင်း ဖြစ်ပါတယ်။

Donation ခေါင်းစဉ်မှာ ရေဘေးသင့်ဒေသတွေအတွက် အလှူသတင်းတွေကို မီဒီယာအမျိုးမျိုးကနေ စုစည်းပေးထားသလို ကုမ္ပဏီနဲ့ အသင်းအဖွဲ့တွေရဲ့ လှူဒါန်းမှုတွေ၊ ပရဟိတအဖွဲ့တွေရဲ့ ဖုန်းနံပါတ်တွေ၊ ပရဟိတအဖွဲ့တွေအနေနဲ့ ရေသန့်ဆေးထုပ်တွေ အခမဲ့ရယူသွားနိုင်မယ့် နေရာတွေ စသည်ဖြင့် အလှူနဲ့ ပတ်သက်တဲ့ သတင်းအမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုး ပါဝင်ပါတယ်။

Organization ခေါင်းစဉ်မှာတော့ ပရဟိတအဖွဲ့များ၊ ဖောင်ဒေးရှင်းများရဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ၊ ဖောင်ဒေးရှင်းတွေက လှူဒါန်းတဲ့ သတင်းတွေ၊ ပရဟိတအဖွဲ့တွေရဲ့ အလှူခံတဲ့ ကြေညာချက်တွေ အစုံအလင် ပါဝင်ပါတယ်။

Flood Info ခေါင်းစဉ်အောက်မှာတော့ ရေကြီးမှုဖြစ်ပွားနေတဲ့ ဒေသတွေက ရေအခြေအနေသတင်း၊ ဒေသတွေကို သွားရောက်ရမယ့် ခရီးစဉ်အခြေအနေ သတင်းတွေကို မီဒီယာတွေကနေ စုစည်းဖော်ပြထားပါတယ်။

Weather News ကဏ္ဍမှာ မိုးလေဝသအခြေအနေ သတင်းတွေကို မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာန ဝက်ဘ်ဆိုက်၊ ပါမောက္ခဒေါက်တာဦးထွန်းလွင်ရဲ့ ဖေ့စ်ဘုတ်၊ ဦးမောင်မောင်သန်းတို့ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာတွေကနေ စုစည်းဖော်ပြထားပါတယ်။


Public Voices ကဏ္ဍမှာတော့ ရေဘေးသင့်ဒေသတွေက ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို စုစည်းဖော်ပြထားပါတယ်။ အလှူရှင်တွေ မစဉ်းစားမိတဲ့ ခိုင်းနွား ၄၀၀၀ လောက်အတွက် နွားစာလိုအပ်လို့ အလှူခံနေတာမျိုးကို ဒီနေရာမှာ တွေ့နိုင်ပါတယ်။ လယ်သမားတွေအတွက် နွားတွေဟာ မှီခိုအားထားနေရတဲ့သတ္တဝါဖြစ်တဲ့အတွက် နွားတွေမဆုံးရှုံးဖို့လည်း အရေးတကြီးလိုအပ်နေတာ ဖြစ်ပါတယ်။ ဒါ့အပြင် သွားလှူပြီးတဲ့ အဖွဲ့တွေက သွားရောက်တဲ့ဒေသမှာ ကြုံရတဲ့အချက်တွေကို ပြန်ပြောထားတာတွေ ပါဝင်ပြီး လှေနဲ့သွားရင် အသက်ကယ်အင်္ကျီပါယူသွားဖို့ အရေးကြီးပုံ၊ ဆန်ဈေးတက်နေတဲ့ အခြေအနေ၊ ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ ဆေးလိုအပ်မှုအခြေအနေ စသည်ဖြင့် ပြည်သူ့အသံမျိုးစုံ ပါဝင်ပါတယ်။

Tips ဆိုတဲ့ ခေါင်းစဉ်မှာတော့ ရေဘေးသင့်ဒေသတွေသာမက ရေဘေးကြုံနိုင်တဲ့ ဒေသတွေက ပြည်သူတွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားသင့်တဲ့ အချက်တွေ၊ ကယ်ဆယ်ရေးအတွက် ကြိုပြင်ထားသင့်တဲ့အချက်တွေ၊ ရေဘေးသင့်ဒေသတွေကို သွားရောက်မယ့်လူတွေအတွက် ယူဆောင်သွားသင့်တဲ့ ဆေးဝါးနဲ့ အသက်ကယ်ပစ္စည်းတွေ၊ အကူအညီမရောက်သေးတဲ့ ရေဘေးသင့်ဒေသတွေမှာ သောက်ရေသန့်ရအောင် အလွယ်တကူ ရေစစ်ပြုလုပ်နည်းတွေ စသည့် ပညာပေးအချက်တွေကို ကျွမ်းကျင်သူတွေရဲ့ ရေးသားချက်တွေ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရဲ့ ကြေညာချက်တွေကနေ ရှာဖွေစုစည်းပေးထားပါတယ်။

မြေပုံများခေါင်းစဉ်အောက်မှာတော့ ရေဘေးသင့်တဲ့ မြို့နယ်တွေရဲ့ မြေပုံကိုကြည့်နိုင်ပြီး မြို့နယ်အလိုက် ရေအခြေအနေ၊ ကယ်ဆယ်ရေးစခန်းဖွင့်ထားမှု၊ လူဦးရေနဲ့ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးထားမှု စတဲ့ သတင်းတွေကို ဖေ့စ်ဘုတ်စာမျက်နှာကနေ စုစည်းဖော်ပြပေးထားပါတယ်။

Disaster Managements မှာတော့ ရေကြီးပြီးတဲ့နောက်မှာ သွားရောက်လှူဒါန်းမယ့် အလှူရှင်တွေအနေနဲ့ မသွားမီ ပြင်ဆင်သင့်တဲ့အချက်တွေ၊ ရောက်ရှိရင် ဆောင်ရွက်ရမယ့်အချက်တွေ၊ နိုင်ငံတကာမှာ ကယ်ဆယ်ရေးလုပ်ငန်းလုပ်တဲ့အခါ လုပ်ဆောင်တဲ့အချက်တွေနဲ့ ပတ်သက်လို့ ကျွမ်းကျင်သူတွေရဲ့ အကြံပေးရေးသားချက်တွေကို စုစည်းဖော်ပြထားပါတယ်။ ရေဘေးသင့်သူတွေကို လတ်တလော ကယ်ဆယ်ရေးအတွက်သာမက ရေရှည်ပြန်လည်ထူထောင်ရမယ့် ကိစ္စတွေအတွက်ပါ အကြံပြုဖော်ပြထားလို့ ပရဟိတလုပ်နေသူတိုင်းလည်း ဝင်ကြည့်သင့်တဲ့နေရာ ဖြစ်ပါတယ်။

**http://myanmarflood.info/**




ဒီဝက်ဘ်ဆိုက်ဟာလည်း အခုဖြစ်ပွားနေတဲ့ ရေကြီးရေလျှံမှုအတွက် ရေဘေးသင့်ပြည်သူတွေကို အကူအညီပေးဖို့ သီးသန့်တင်ထားတဲ့ ဝက်ဘ်ဆိုက်သစ်ဖြစ်ပါတယ်။ ပရဟိတအဖွဲ့များ၊ သတင်းများ၊ ရေလွှမ်းဒေသများနဲ့ အွန်လိုင်းအလှူဆိုတဲ့ ကဏ္ဍလေးခု ပါဝင်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ ထူးခြားတာက ပရဟိတအဖွဲ့စာရင်းကို ဝက်ဘ်ဆိုက်က တင်ပေးတာအပြင် ကိုယ်တိုင်လည်း ဝင်ရောက်ဖြည့်စွက်ခဲ့လို့ရသလို သတင်းကဏ္ဍမှာလည်း ကိုယ်တိုင်ဝင်ရောက်ရေးသားခဲ့လို့ရတာ ဖြစ်ပါတယ်။

အလှူအဖွဲ့များကဏ္ဍမှာ ပရဟိတအဖွဲ့များရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေ၊ သွားရောက်လှူဒါန်းမယ့် ဒေသအကြောင်းဖော်ပြချက်နဲ့ လိုအပ်ချက်တွေကို စုစည်းပေးထားပါပြီး အဖွဲ့ ၁၃၈ ဖွဲ့အထိကို စုစည်းပေးထားပါတယ်။ သတင်းကဏ္ဍမှာတော့ မိုးလေဝသသတင်း၊ မြစ်ရေအခြေအနေသတင်း၊ ကယ်ဆယ်ရေးလုပ်ငန်းသတင်း၊ အလှူနဲ့ ထောက်ပံ့ပစ္စည်းရောက်ရှိတဲ့သတင်း၊ အကူအညီလိုအပ်နေတဲ့ ဒေသတွေအကြောင်း စတဲ့သတင်းမျိုးစုံကို မီဒီယာတွေနဲ့ ဖေ့စ်ဘုတ်ပေါ်ကနေ စုစည်းဖော်ပြပေးထားပါတယ်။ ရေလွှမ်းဒေသများနေရာမှာတော့ ရေလွှမ်းခံရတဲ့ ဒေသတွေရဲ့ မြေပုံကို Google map ကနေတစ်ဆင့် စုစည်းဖော်ပြပေးထားလို့ အသေးစိတ်ကြည့်နိုင်မှာဖြစ်ပါတယ်။ အွန်လိုင်းအလှူကဏ္ဍမှာတော့ ရေဘေးသင့်ပြည်သူတွေကို ပြည်ပကနေ လှူဒါန်းချင်သူတွေအနေနဲ့ အလွယ်တကူလှူဒါန်းနိုင်အောင် ဆောင်ရွက်ပေးနေတဲ့ ပြည်တွင်းပြည်ပအဖွဲ့တွေစာရင်းကို ဖော်ပြထားပါတယ်။

ဒီဝက်ဘ်ဆိုက်ရဲ့ ထူးခြားမှုနောက်တစ်ခုကတော့ ဝက်ဘ်ဆိုက်အပြင် မိုဘိုင်းဖုန်းသုံးသူတွေအတွက်လည်း ကြည့်ရှုရအဆင်ပြေအောင် Application တစ်ခုကိုပါ ထုတ်ပေးထားတာဖြစ်ပါတယ်။ Application ကို ဖုန်းမှာ ထည့်ထားနိုင်ပြီး ဝက်ဘ်ဆိုက်မှာတင်တဲ့ အချက်အလက်အသစ်တွေကို အင်တာနက်မှတစ်ဆင့် ကြည့်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကွန်ပျူတာမကျွမ်းကျင်သူ လူကြီးတွေနဲ့ ကျေးလက်ဒေသကလူတွေအတွက်ပါ အဆင်ပြေစေမှာ ဖြစ်ပါတယ်။ Application ကို ဝက်ဘ်ဆိုက်ကနေ တိုက်ရိုက်ဖြစ်စေ၊ Play Store မှာ Flood Info လို့ ရှာပြီးတော့ဖြစ်စေ အခမဲ့ Download ရယူနိုင်ပါတယ်။ ။

# ရေကျသွားသဖြင့် ရုံးနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**ကလေး ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ရေပြန်ကျနေပြီဖြစ်သဖြင့် ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ရန် သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၃ ရက်က စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

ကလေးမြို့၌ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ဇူလိုင် ၂၈ ရက်မှစ၍ ရေကြီးခဲ့ခြင်းဖြစ်သည်။ ရေကြီးမှုကြောင့် ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဈေးဆိုင်များပိတ်ထားခဲ့ရာမှ ဩဂုတ် ၃ ရက် ညနေပိုင်းမှစ၍ တစ်ရက်လျှင် တစ်ပေခွဲမှ သုံးပေခန့်အထိ ရေပြန်လည်ကျဆင်းခဲ့သဖြင့် ဌာနဆိုင်ရာရုံးများကို ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဆောင်ရွက်နေကြခြင်းဖြစ်သည်။ စာသင်ကျောင်းများတွင်လည်း သန့်ရှင်းရေးလုပ်နေသကဲ့သို့ ပုဂ္ဂလိကပိုင် ဈေးဆိုင်ခန်းများနှင့် စီးပွားရေးလုပ်ငန်းများကလည်း လုပ်ငန်းများပြန်လည်ဖွင့်လှစ်လုပ်ကိုင်နိုင်ရန် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများကို ဩဂုတ် ၆ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ရန်နှင့် ဈေးဆိုင်များကိုလည်း အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက မှာကြားခဲ့သည်။ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေနစ်မြုပ်လျက်ရှိသော မင်းကင်းမြို့နယ်နှင့် ကလေးဝမြို့နယ်များသို့လည်း ဩဂုတ် ၅ ရက် ညနေပိုင်းတွင် သွားရောက်ခဲ့ပြီး ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

ကလေးမြို့ရေနစ်မြုပ်ခဲ့စဉ်က ရေအနက်ဆုံးနေရာတွင် ၂၃ ပေခန့်ရှိခဲ့ပြီး မင်္ဂလာဥယျာဉ်၊ ညောင်ပင်သာ၊ အောင်မင်္ဂလာ၊ အောင်မြေမာန်၊ ချမ်းမြေ့အောင်စည်နှင့် မြို့သာရပ်ကွက်များတွင် ၁၀ ပေခန့်ရှိခဲ့ကာ အောင်သစ္စာနှင့် အောင်ဇေယျရပ်ကွက်များတွင် သုံးပေခန့်၊ ပင်လုံရပ်ကွက်တွင် နှစ်ပေခန့် ရှိခဲ့ပြီး ကလေးမြို့သမိုင်းတွင် မကြုံစဖူး ရေကြီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(စမိ)**

## တစ်ဖက်ပိတ်လမ်းအတွင်း အထပ်မြင့်ဆောက်လုပ်၍ကန့်ကွက်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇ/တောင် ရပ်ကွက်မှ တစ်ဖက်ပိတ်လမ်းကျဉ်းအတွင်း အထပ်မြင့်ဆောက်လုပ်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ခွင့်ပြုထားခြင်းကို လမ်းသူလမ်းသားများက ကန့်ကွက်ထားကြောင်း သိရသည်။

"လမ်းကကျဉ်းပြီး တစ်ဖက်ပိတ်လမ်းဖြစ်တာကြောင့် ပုံမှန်ဝင်ရောက်တဲ့ လမ်းမိသားစုကားတွေတောင် အမြဲပိတ်ဆို့နေတတ်ပါတယ်။ အခုလို လမ်းကျဉ်းထဲမှာ အထပ်မြင့်တိုက်တွေ ဆောက်လုပ်မယ်ဆိုရင် လမ်းသွားရတာ အဆင်မပြေဖြစ်မယ်"ဟု လမ်းအတွင်းနေထိုင်သူ ဒေါ်ကေခိုင်ဦးက ပြောကြားသည်။ အဆိုပါလမ်းသည် ရှစ်ပေသာကျယ်သည့် တစ်ဖက်ပိတ်လမ်းကျဉ်းဖြစ်ကာ အိမ်ခြေအားဖြင့် ဆယ်ဂဏန်းအောက်သာရှိကြောင်း သိရသည်။

"ခွင့်ပြုမိန့်ရထားပြီးလို့ အခုစပြီး ဆောက်နေပါပြီ။ ကျွန်မတို့ လမ်းသူလမ်းသားအားလုံးက ကန့်ကွက်ပါတယ်။ ကန်ထရိုက်တိုက်ဆောက်နေတာကြောင့် လမ်းထဲမှာ ပိတ်ဆို့ထားသလိုဖြစ်နေလို့ ရေမြောင်းတွေက ရေမဆင်းတော့ပါဘူး။ ကားအဝင်အထွက်လည်း ပိုခက်ခဲနေပြီး လမ်းကကုန်းလျှောလည်း ဖြစ်နေတာကြောင့် အထပ်မြင့်တိုက်ဆောက်နေတာကို ကန့်ကွက်ရခြင်းဖြစ်ပါတယ်"ဟု လမ်းအတွင်း နေထိုင်သူတစ်ဦးက ပြောသည်။

လမ်းသူလမ်းသားအားလုံး စုပေါင်းကာ မြို့မြေစီမံဌာန သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် မီးသတ်ဦးစီးဌာနတို့ကိုပါ တွဲဖက်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဌာနသို့ တင်ပြကန့်ကွက်ထားကြောင်း သိရသည်။

**သတင်း-မောင်သဲဦး၊ ဓာတ်ပုံ-ညဏ်မိုးမြင့်**



## မုံရွာမြို့နယ်မှ တာရိုးကျိုးပေါက်များ ပြန်လည်ပြင်ဆင်လျက်ရှိ

**မုံရွာ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ရေပြန်ကျနေပြီဖြစ်သဖြင့် တာရိုးကျိုးကာ ချင်းတွင်းမြစ်ရေများ ဝင်ရောက်ခဲ့သောနေရာများမှ တာရိုးများကို ပြန်လည်ပြုပြင်ရန် ဩဂုတ် ၅ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁ ရက်တွင် စတင်တာရိုးကျိုးခဲ့သော ထနောင်းတောရွာနှင့် ပေါက်ပင်ကျေးရွာကြားမှ ပေ၈၀ကျော်ခန့်အကျယ်ရှိ တာရိုးလမ်းရေတိုက်စားလမ်းပြတ်သွားမှုကို ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှဦးဆောင်၍ ပေါင်းစပ်အဖွဲ့များဖြင့် သစ်သားတိုင်များရိုက်ကာ ကပ်ကြမ်းများကာရံ၍ ရေစီးဝင်ရောက်မှုကို ပထမတားဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မုံရွာ-အမြင့်လမ်းပေါ် မုံရွာဖက်ကသွားရင် ညာဘက်ခြမ်းမှာ မြစ်ရေတွေ အခါတိုင်းနှစ်ဝင်နေကျထက် အဆပေါင်းများစွာ ကာလစောပြီး ဝင်ရောက်ခဲ့ပါတယ်။ ရေတွေက များလှတဲ့အပြင် တာရိုးမှာ ကြွက်တွင်းနဲ့ ဂလိုင်ပေါက်တွေရှိနေတဲ့အတွက် ထနောင်းတောရွာနဲ့ ပေါက်ပင်ကျေးရွာကြားမှာ ပေ ၁၀၀ နီးပါးလောက် လမ်းတာရိုးကြီးပြတ်ပေါက်ပြီး ကျေးရွာအတော်များများကို ရေတွေဝင်၊ ဒုက္ခတွေများခဲ့ကြရပါတယ်။ အဲဒါက ဩဂုတ် ၁ ရက်မှာဖြစ်ခဲ့ပြီး ဩဂုတ် ၃ ရက်မှာတော့ ကြာပိုင်ကျေးရွာနဲ့ ကူတောပလင်ကျေးရွာကြားမှာ တာရိုးတစ်ခုနဲ့ ကူတောပလင်နဲ့ ထနောင်းတောကြားမှာ တာရိုးတစ်ခု ထပ်ပေါက်တော့ မုံရွာမြို့နယ်တင်မက ချောင်းဦးမြို့နယ်ထဲက ကျေးရွာတွေမှာပါ ရေဝင်ခဲ့ပါတယ်"ဟု အိမ်ခြေအများဆုံး ရေဝင်ခံခဲ့ရသော သစ်ဆိမ့်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုကြောင့် မြို့ပေါ်ရပ်ကွက်နှစ်ခုဖြစ်သော စစ်ပင်ရပ်၊ အလုံရပ်နှင့် ကျေးရွာအုပ်စုများဖြစ်သော ကော်လပြ၊ ခဝဲကျင်း၊ မရိုးတော၊ ကျွဲရဲ၊ ဆူးလေကုန်း၊ ကိုးရှင်းကျွန်း၊ ကျွန်းရွာသစ်၊ ပေါက်ပင်၊ ဘုဘ၊ ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ပုဏ္ဏားမော်၊ နတ်ကြီးကျွန်း၊ ဘုမ္မနိုး၊ ကျွန်းကြီး၊ ထနောင်းတော၊ ကြာပိုင်၊ တောပု၊ ပုရစ်ကုန်း၊ မြေနဲ၊ မအူနှင့် မင်းရွာကျေးရွာအုပ်စုများတွင် ရေများဝင်ရောက်ခဲ့သည်။ ရေဝင်ရောက်မှုကြောင့် ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၂၂ ခုမှ အိမ်ခြေ ၈၀၀၀ ကျော်မှ ဒေသခံပြည်သူ အိမ်ထောင်စု ၈၅၀၀ ကျော်၊ လူဦးရေ လေးသောင်းနီးပါး ရေဘေးသင့်ခဲ့သည်။ အိမ်ခြေ ၃၆၀၀ ကျော်မှ လူဦးရေ နှစ်သောင်းကျော်ကို ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ကူညီစောင့်ရှောက်ထားကြောင်းသိရသည်။

ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ လယ်ဆည်နှင့် စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီး ဦးစီးမှူးများ၊ မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်စိုးနှင့် အဖွဲ့များက လိုအပ်သည့်အကူအညီများ ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရေဘေးရှောင် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**သရက် ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းမှ ရေဘေးရှောင် ပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူးထံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဩဂုတ် ၅ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ ခရိုင်နှင့် မြို့နယ်မှဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ၈၀၄၀၀၀ ကျပ်၊ ခိုင်ထူးကုမ္ပဏီက ကျပ် ၁၅၀၀၀၀၀၊ ကုန်သည်ကြီးများအသင်းက ကျပ် ၂၁၅၁၀၀၀ ကျပ်၊ ပန်းသီးကုမ္ပဏီက ကျပ် ၁၁၁၆၀၀၀၊ Full Strengthကုမ္ပဏီမိသားစုက ကျပ် ၁၁၁၆၀၀၀နှင့် တန်ဖိုးကျပ်၂၄၃၁၅၀၀ရှိ ဆီပိသာ ၂၀၀ ၊ အာလူးပိဿာ ၂၀၀၊ ငါးခြောက်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကုလားပဲစသည့် စားသောက်ကုန်များကို ခရိုင်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်စည်ပင်မိသားစုနှင့် အခြားအလှူရှင်များကလည်း အလှူငွေများ၊ ဆန်အိတ်များ၊ ဆီဘူးများ၊ အဝတ်အထည်ထုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ၊ မုန့်အမျိုးမျိုးနှင့် ရေသန့်များ စုစုပေါင်းပစ္စည်းတန်ဖိုး ကျပ် ၃၈ သိန်းကျော်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်မြို့နယ်များတွင် မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး စီစဉ်လျက်ရှိ

**စစ်တွေ ဩဂုတ် ၇**

ဘင်္ဂလားပင်လယ်အော်တွင် တိုက်ခတ်ခဲ့သော ကိုမန်ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကာ မြို့နယ် ၁၂ မြို့နယ်တွင် မိုးစပါးစိုက်ဧကများ ထိခိုက်ပျက်စီးခဲ့ပြီး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိခိုက်ပျက်စီးသည့် လယ်ဧကများတွင် မိုးစပါးများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းဝင်း ဦးဆောင်သောအဖွဲ့သည် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်ရှိ လယ်ဧကများသို့ ဩဂုတ် ၄ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး တောင်သူများနှင့်တွေ့ဆုံဆွေးနွေးကာ စပါးစိုက်ပျိုးရေးအတွက် လတ်တလော လိုအပ်ချက်များဖြစ်သည့် မျိုးစေ့၊ စက်သုံးဆီနှင့် နည်းပညာများ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်နိုင်ထွန်း (ပြန်/ဆက်)**

**ပွင့်ဖြူမြို့နယ်တွင် ရေများကျသွားပြီဖြစ်၍ နေအိမ်များ၊ ရုံးများ၊ လမ်းများတွင် တင်ကျန်ရစ်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များနှင့် လမ်းဘေးဝဲယာတွင် လဲပြိုနေသည့် သစ်ပင်ကြီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဩဂုတ် ၆ ရက်တွင် ကူညီဖယ်ရှားရှင်းလင်းစဉ်။**

(ခရိုင် ပြန်/ဆက်)



# ဝက်စ်ဘရွန်းတိုက်စစ်မှူးကို ပဲလေ့စ်ခေါ်ယူ

မာလီလက်ရွေး စင်တောင်ပံတိုက်စစ်မှူး ဘာစရေး ဆာကိုအား ခရစ္စတယ်ပဲလေ့စ်က အလွတ်ပြောင်းရွှေ့မှုနဲ့ ခေါ်ယူလိုက်ပါတယ်။ ဆာကိုဟာ ပြီးခဲ့တဲ့လက စာချုပ်သက်တမ်းကုန်ဆုံးပြီး ဝက်စ်ဘရွန်းမှ ထွက်ခွာခဲ့ပါတယ်။ ဘယ်တောင်ပံတိုက်စစ်မှူး ဆာကိုဟာ ပြီးခဲ့တဲ့ရာသီက ချန်ပီယံရှစ်မှာ ၁၆ ဂိုးသွင်းယူခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်က ယခုနှစ်နွေရာသီမှာ ဆာကိုအား ငါးဦးမြောက်စာချုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ ဆာကိုဟာ တောင်လန်ဒန်ကလပ် ခရစ္စတယ်ပဲလေ့စ်သို့ အလွတ်ပြောင်းရွှေ့ခဲ့ပြီး သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တယ်လို့ ဆိုပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ဝက်စ်ဘရွန်းနဲ့အတူ ချန်ပီယံရှစ်မှာ ၁၆ ဂိုးအထိ သွင်းယူခဲ့ပြီး အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ စနေနေ့မှာ ကစားမယ့်ပွဲမှာ နေ့ဝှစ်အသင်းဘက်သို့ ဂိုးသွင်းယူပေးမယ့်တိုက်စစ်မှူးလို့ ခရစ္စတယ်ပဲလေ့စ်ရဲ့ တရားဝင်ဝက်ဆိုက်မှာ ဖော်ပြထားပါတယ်။




# ကျောနံပါတ်(၇)ကိုမှ ဝတ်လိုတဲ့ ဒီပေး

မန်ယူမှာ ကျောနံပါတ်(၇)ဟာ ကမ္ဘာကျော်ဘောလုံးသမားတွေဝတ်ရတဲ့ အင်္ကျီဖြစ်ပါတယ်။ မန်ယူရဲ့ ကျောနံပါတ်(၇)ကို ကမ္ဘာကျော်ဘောလုံးသမားတွေဖြစ်တဲ့ စီရော်နယ်ဒို၊ ဂျော့ဘက်စ်အစရှိတဲ့ ကစားသမားတွေ ဝတ်ဆင်ခဲ့



တာပါ။ လောလောဆယ်မှာတော့ ဒီမာရီယာဝတ်ဆင်နေပါတယ်။ ဒီမာရီယာဟာ ပြင်သစ်ကလပ် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်တဲ့အတွက် မမ်ဖစ်ဒီပေးက ကျောနံပါတ်(၇) အင်္ကျီကို တောင်းဆိုထားတယ်လို့ ဆိုပါတယ်။ ရာသီအကြိုပြိုင်ပွဲတွေမှာတော့ ဒီပေးဟာ ကျောနံပါတ်(၉) ဂျာစီကို ဝတ်ဆင်ကစားခဲ့တာပါ။ လူငယ်တိုက်စစ်မှူး ဒီပေးအနေနဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေ ဝတ်ဆင်တဲ့ ကျောနံပါတ်ကိုမှ ဝတ်ဆင်ချင်တဲ့ အာဂလူငယ်ကစားသမားလေးပါပဲ။ ဒီကျောနံပါတ်ဟာ ဒေးဗစ်ဘက်ခမ်း ဝတ်ဆင်ခဲ့တဲ့နံပါတ်လည်း ဖြစ်ပါတယ်။ နည်းပြ ဗန်ဟားလ် အနေနဲ့ ဒီပေးရဲ့ တောင်းဆိုမှုအပေါ် တုံ့ပြန်ပြောဆိုခြင်း မရှိသေးပါဘူး။ ဒီပေးကတော့ မန်ယူရဲ့ အထင်ကရ ကျောနံပါတ်(၇)ကို ဝတ်ဆင်ခွင့်ရဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။




# ပီအက်စ်ဂျီတို့ တာထွက်ကောင်းနိုင်ပါ့မလား

*၂၀၁၅–၂၀၁၆ ပြင်သစ်လီဂူး–၁ ပွဲစဉ်တွေကို ဩဂုတ် ၉ ရက်မှာ စတင်တော့မှာဖြစ်ပါတယ်။ တာထွက်ကောင်းဖို့ အသင်းကြီးတွေအပြိုင်အဆိုင် အားထုတ်ကြမှာဖြစ်သလို အသင်းငယ်တွေရဲ့ ပြင်းထန်တဲ့ခုခံအားတွေကိုလည်း မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ စိတ်ဝင်စားမှုတဖြည်းဖြည်းရလာတဲ့ လီဂူး–၁ပွဲစဉ်တွေကတော့ ရာသီအဖွင့်မှာကတည်းက စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နေဦးမှာဖြစ်ပါတယ်။*

**မိုးမြင့် လင်းလက်**

**လိုင်လီနှင့် ပီအက်စ်ဂျီ**

ဖရန့်ဖတ်အသင်းမှ ထရပ်ကို ယူရို ၉ သန်းနဲ့ ခေါ်ယူထားသလို စပါးမှ စတမ်အော်လီကိုလည်း ယူရို ၈ ဒသမ ၆ သန်းနဲ့ အားဖြည့်ထားတဲ့ ပီအက်စ်ဂျီတို့ဟာ လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ကိုကာကွယ်ဖို့အတွက် အားထုတ်ပါလိမ့်မယ်။ ပြီးခဲ့တဲ့ရာသီက အဆင့်(၈)ရရှိခဲ့တဲ့ လိုင်လီတို့ကလည်း ပီအက်စ်ဂျီကို အနိမ့်ဆုံးသရေကစားမှာမို့ ပီအက်စ်ဂျီတို့ အမှတ်ပြည့်ရဖို့ ခက်ခဲပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာ ပီအက်စ်ဂျီတို့က သုံးကြိမ်နိုင်ပွဲရထားပြီး နှစ်ကြိမ်သရေပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းအရ လိုင်လီတို့ အိမ်ကွင်းဖြစ်ပေမယ့် အမှတ်မျှော်လင့်လို့ မရတဲ့ပွဲပါ။

**နိုက်စ်နှင့် မိုနာကို**

ထရာအိုရီ၊ အယ်လ်ရှာရာစီနဲ့ ဟယ်ဒါကော်စတာတို့ကို ခေါ်ယူအားဖြည့်ထားတဲ့ မိုနာကိုတို့ကတော့ နိုက်စ်ကို အမှတ်ခွဲပေးဖို့ ကြိုးစားမှာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့နှစ်က တတိယနေရာရရှိခဲ့တဲ့ မိုနာကိုတို့က ဒီနှစ်မှာ ဖလားရရှိရေးအထိ မျှော်မှန်းနေတာမို့ နိုက်စ်ကို အမှားအယွင်းနည်းအောင် ကစားပါလိမ့်မယ်။ နိုက်စ်နဲ့ဆုံတိုင်း မိုနာကိုအနိုင်ရတာများတာမို့ အစဉ်အလာတိုင်း နိုင်ပွဲရမလားစောင့်ကြည့်ရမယ့်ပွဲပါ။

**မာဆေးနှင့် ကိန်း**

ပြီးခဲ့တဲ့ရာသီက ယူရိုပါလိဂ်ဝင်ခွင့်နဲ့ ကျေနပ်ခဲ့ရတဲ့ မာဆေးဟာ ဒီနှစ်မှာတော့ အနိမ့်ဆုံးချန်ပီယံလိဂ်ဝင်ခွင့်ကို မှန်းနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာမို့ မာဆေးတို့ အဖွင့်ပွဲစဉ်မှာ သုံးမှတ်အပြည့်ယူပါလိမ့်မယ်။ မာဆေးဟာ ကိန်းနဲ့နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့တာမို့ ရလဒ်ကောင်းတဲ့ မာဆေးတို့ပဲ အနိုင်ရလဒ်ပိုင်ဆိုင်ပါလိမ့်မယ်။

**နန့်တက်စ်နှင့် ဂူရင်ဂမ့်**

ခြေစမ်းပွဲနှစ်ပွဲစလုံး ရှုံးပွဲမရှိတဲ့ နန့်တက်စ်ဟာ အိမ်ကွင်းဆိုပေမယ့် ဂူရင်ဂမ့်ကို ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ နန့်တက်စ်ဟာ အိမ်ကွင်းရလဒ်လည်း မကောင်းတတ်တာမို့ ဂူရင်ဂမ့်ကို သေသေချာချာကစားမှ ရပါလိမ့်မယ်။ ဂူရင်ဂမ့်ဟာ အဝေးကွင်းမှာ တစ်ခါတစ်ရံခြေပေါ်တတ်တာမို့ နန့်တက်စ်တို့ အမှတ်ခွဲပေးရမယ့်ကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**မောင့်ပယ်လီယာနှင့် အန်ဂါးစ်**

တစ်လှည့်စီအနိုင်ယူနေပြီး သရေပွဲတွေလည်း များနေတတ်တဲ့ ဒီနှစ်သင်းရဲ့ အားပြိုင်မှုက အကြိတ်အနယ်ရှိပါလိမ့်မယ်။ လီဂူး-၁ပွဲစဉ်တွေမှာ ဆုံတွေ့ခဲ့မှု အကြိမ် ၂၀ မှာ မောင့်ပယ်လီယာတို့က ကိုးပွဲနိုင်ပြီး ဧည့်သည်တို့က ငါးပွဲနိုင်ကာ သရေပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် မောင့်ပယ်လီယာတို့က အိမ်ကွင်းစွမ်းဆောင်မှုကောင်းတာကို ထည့်တွက်ရမှာမို့ အမှတ်ပြည့်ဆိုတာ အိမ်ရှင်အတွက် ဖြစ်ပါလိမ့်မယ်။

**ဘက်စ်တီယာနှင့် ရန်းနက်စ်**

ဘက်စ်တီယာနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရန်းနက်စ်တို့ တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။ လောလောဆယ်မှာ ဘက်စ်တီယာတို့က ရလဒ်တွေလည်းကောင်းနေပြီး ခြေစမ်းပွဲတွေမှာ ခြေစွမ်းပြနိုင်နေပါတယ်။ ရန်းနက်စ်တို့က အသင်းလိုက်ကစားအားကောင်းတာမို့ ဒီပွဲဟာ အမှတ်ခွဲယူရမယ့်ကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ထရိုရက်စ်နှင့် ဂါဇီလက်**

ခြေစွမ်းတူညီတဲ့ နှစ်သင်းဖြစ်ပြီး တစ်လှည့်စီအနိုင်ယူလိုက်၊ သရေဖြစ်လိုက်နဲ့ အပြန်အလှန်အသာစီးရအောင် အားပြိုင်နေတဲ့အသင်းတွေဖြစ်ပါတယ်။ တန်းတက်မျက်နှာသစ်နှစ်သင်း ရာသီအဖွင့်ပွဲစဉ်မှာ ထိပ်တိုက်တွေ့ဆုံမှုက ပွဲကောင်းတစ်ပွဲအဖြစ် အကြိတ်အနယ်ရှိမှာသေချာပြီး တစ်မှတ်စီခွဲယူရမယ့်ကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။ ။

# ချယ်လ်ဆီးက ခေါ်ယူဖို့ နီးစပ်နေတဲ့ ရာမန်



ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေနဲ့ နောက်တန်းကစားသမားတစ်ဦးကို ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ အဓိကပစ်မှတ်ထားနေတဲ့ နောက်တန်းကစားသမားကတော့ အော့ဂစဘတ်လူငယ် နောက်ခံကစားသမား ဘာဘာရာမန်ကို ပစ်မှတ်ထားနေတာပါ။ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဂါနာဝဲနောက်တန်း ကစားသမား ရာမန်ကို ချယ်လ်ဆီးက ပေါင် ၁၇ သန်းခွဲနဲ့ ခေါ်ယူဖို့ ကြိုးစားနေတာပါ။ စာချုပ်ဖို့ အတော်လေးနီးစပ်နေပြီလို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းကိုလည်း ချဉ်းကပ်နေပါတယ်။ တတိယအကြိမ်မြောက် ကမ်းလှမ်းမှုတွေပြုလုပ်နေတာပါ။ ဂါနာနောက်တန်းလူ ရာမန်ကိုတော့ ပထမဦးစားပေးခေါ်ယူဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ စတမ်းဖို့ဒ်ဘရစ်သို့မရောက်မီ ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရထားပြီလို့ ဆိုပါတယ်။ လာမယ့်ရက်များအတွင်းမှာ စာချုပ်နိုင်လိမ့်မယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**




## အရောင်းကိုယ်စားလှယ်များ

**လွင်နှင့်စွမ်း မော်တော်**
ကန်တော်ကလေးလမ်းနှင့်ပိုလ်မင်းခေါင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၁ - ၂၅၂၃၈၈၊ ၂၅၃၁၈၃ ၊ ၀၁ - ၃၇၁၇၆၂၊ ၃၉၃၀၇၀၊ ၀၉ ၇၉၅၁၅၉၉၅၇

**အောင် မော်တော်**
အမှတ် - ၃၃၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၆၆၇၉၁၆၊ ၆၅၅၈၁၃၊ ၀၁ - ၇၀၉၄၄၈၊ ၆၅၆၂၀၀

**မျိုး မော်တာ**
အမှတ် - ၁၉၂/၂၄၈ (ခ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၄၀၀၁၂၃၊ ၄၀၀၃၉၉၊ ၀၁ - ၅၅၆၆၈၅၊ ၅၄၆၃၄၅

**ရဲနဒီ မော်တော်**
အမှတ် - (၅၀၊၅၁)၊ ဗိုလ်ချုပ်အောင်ဆန်း လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၀၁၆၁၉ (Hot Line) ၊ ၀၁ - ၂၀၂၁၄၃၊ ၀၁ - ၂၉၆၆၀၅၊ ၀၁ - ၂၉၇၂၁၄

**အေအိုင်ဂျီ မော်တော်**
၆/၂ သိပ္ပံလမ်း၊ ၆၀ X ၆၁ လမ်းကြား၊ ချမ်းမြေသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၇၃၀၄၀၃၆၆ ၊ ၀၉ ၇၃၀၄၀၃၇၇

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

၁မိနစ်ကို ၂၀၀ ကျပ်တည်းနဲ့ နိုင်ငံတကာကို အရင်ကထက် ဖုန်းပိုပြောနိုင်ပါပြီ

# ၁မိနစ် - ၂၀၀ကျပ်

## အာဆီယံနိုင်ငံများနှင့် အခြား (၈)နိုင်ငံ

အာဆီယံနိုင်ငံများ - ထိုင်း ▪ စင်္ကာပူ ▪ မလေးရှား ▪ ဘရူနိုင်း ▪ အင်ဒိုနီးရှား ▪ ဖိလစ်ပိုင် ▪ ဗီယက်နမ် ▪ လာအို ▪ ကမ္ဘောဒီးယား
အခြား(၈)နိုင်ငံ - ဂျပန် ▪ တရုတ် ▪ တောင်ကိုရီးယား ▪ ထိုင်ဝမ် ▪ ဟောင်ကောင် ▪ မကာအို ▪ ဘင်္ဂလားဒေ့ရှ် ▪ အိန္ဒိယ



ကျန်နိုင်ငံများသို့ ဖုန်းခေါ်ဆိုခ နှုန်းထားများကို သိရှိရန် www.mpt.com.mm နှင့် www.facebook.com/mptofficialpage ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အသေးစိတ် သိရှိလိုပါက www.mpt.com.mm ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CALL CENTER 106
free hotline, 24 hours everyday

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းရေလွှမ်းဒေသကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေစေရန်အတွက် ရေလွှမ်းဒေသအတွင်းပါဝင်သော ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆက်လက် ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ိ/-)၊ သဲကားတစ်စီး (၂၀၀၀ိ/-)၊ ဘိလပ်မြေ (၁)အိပ် ၆၀၀ိ/-၊ ဂဝံမြေ (၁)ကျင်း ၁၅၀၀ိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ဩဂုတ်လ (၁၅၊ ၁၆)ရက်တွင် ၅၀-ကြိမ်မြောက် မျက်စိဝေဒနာရှင်ဦးရေ (၆၄၅၀)ပြည့် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ထည့်သွင်း၍ဖြစ်စေ၊လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း။** (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ **ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စေမာသီရိလင်္ကာရ (AccountNo.00750100701690301)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်- ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀-၁၂-၁၀၀-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း ၀၉၂၁၁၀၃၀၅၊ ၀၉-၇၈၇၆၆၆၇၀၊ ၀၉-၇၈၇၈၈၇၉၆၉၊ ၀၉-၂၆၃၂၄၄၄၇၇)

## တိပိဋကကျောင်းတော် (၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် (၂၁)ကြိမ်မြောက် ဆွမ်းပဒေသာပင် (၂၀၀၀)ရေစက်ချအခမ်းအနား

# ဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋကကျောင်းတော်တွင် (၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂၁)ကြိမ်မြောက် ဆွမ်းပဒေသာပင် (၂၀၀၀)ရေစက်ချအခမ်းအနားကိုပါ တစ်ပါတည်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တိ=နိ ရာသက်ပန်အဖွဲ့ဝင်များနှင့် အကျိုးတော်ဆောင်များ၊ စေတနာရှင်ဓမ္မမိတ်ဆွေများ (ဆွမ်းပဒေသာပင်များ လှူဒါန်းထားကြသော အလှူရှင်များ)ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့) ၁၅-၈-၂၀၁၅ရက် (စနေနေ့)
**အချိန်** - မွန်းလွဲ ၂:၀၀ နာရီ
**နေရာ** - တိပိဋကကျောင်းတော်(ရွှေရတုခန်းမ)

ကြွရောက်လာသည့် ဧည့်ပရိသတ်များအား မွန်းလွဲ ၁နာရီတွင် ရွှေတောင်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးပါမည်။
တိ=နိသာသနာပြုဥပဋ္ဌာကအဖွဲ့၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉

## ရန်ကုန်စက်မှုတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ သူငယ်ချင်းများစုံညီတွေ့ဆုံပွဲ(1984-1993)

မိသားစုနှင့်ဆရာတို့၏ ကျန်းမာရေးအခက်အခဲများကို ဝိုင်းဝန်းကူညီနိုင်ရန် သူငယ်ချင်းများ စုံညီတွေ့ဆုံပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၁၉၈၄ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကို ဝင်ရောက်လာသော၊ ၁၉၉၃ခုနှစ်တွင် ဘွဲ့ရသော၊ ၁၉၈၄ထက်စော၍ ဝင်ရောက်လာသော်လည်း ကျောင်းပျော်ကာ ၁၉၈၄အတန်း(Intake) နှင့် ကံဆုံခဲ့သော သူငယ်ချင်းတို့၏သားသမီးများအား ဒီဇင်ဘာလတွင် ပညာရည်ချွန်ဆုပေးရန်အတွက် ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးနှင့်အောင်မြင်သူများ အနေဖြင့် စာရင်းပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

**နေရာကြိုတင်စီစဉ်ရပါသဖြင့် ကြိုတင်စာရင်းပေးပါရန်။**

**ဆက်သွယ်ရန်**
- **နေ့ရက်** ဩဂုတ်လ ၁၆ ၂၀၁၅ (တနင်္ဂနွေ)၊ ညနေ (၃)နာရီ အရောက်လာပါရန်
- **နေရာ** Golden Hall, M3 Food Center, Bahan Sport Ground, Bahan Tsp.

အေးကိုကို(Ec)(095181133), ညဏ်စိုး(Ec)(09254106277), မြင့်သူ(Ec)(095124577)
ဇော်မိုး(Mech)(0973060117), မိုးဇော်ဦး(Mech)(092002924), ကျော်စိုး(Mech)(098627852)
သန့်ဇော်(Chemical)(09450011680), ဇော်ထွန်းသင်(Civil)(095128593)

## ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲဖိတ်ကြားခြင်း

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့မှ ဦးစီးကျင်းပသည့် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၀၀နာရီတွင် လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ကြံခင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကုသိုလ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းလိုပါက အောက်ပါအမှုဆောင်များထံ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဦးစိန်ရွှေ | ဖုန်း-၀၉-၅၁၃၂၁၅၈ | ဒေါ်ခိုင်ခိုင်စိုး | ဖုန်း-၀၉-၅၁၆၅၇၀၁ |
| ဒေါ်တင်တင်ထွေး | ဖုန်း-၀၁-၅၄၁၀၆၅ | ဒေါ်အေးအေးညွှန့် | ဖုန်း-၀၉-၄၉၃၃၁၉၃၃ |
| ဒေါက်တာကျော်စိုးလင်း | ဖုန်း-၀၉-၈၆၃၀၃၄၁ | ဦးလှဝင်း | ဖုန်း-၀၉-၄၅၀၆၄၅၄၃ |

## စလင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁ရက် (၂၀၁၅ခုနှစ် ဩဂုတ် ၁၆ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်ရှိ မြဝတီကျောင်း(စလင်း)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်းပူဇော်ကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဦးငွေကြွယ် ဖုန်း-၂၉၉၇၂၆၊ ဦးမျိုးချစ် ဖုန်း-၆၆၅၆၂၇၊ ဦးဝင်းလှိုင် ဖုန်း-၀၉-၄၃၀၂၄၉၅၈၊ ဦးစန်းညိုအောင် ဖုန်း-၆၈၀၄၂၀၊ ဒေါ်မေခင်ညွှန့် ဖုန်း-၀၉-၂၅၄၉၅၅၂၈၊ ဗိုလ်မှူးသန်းအေး(ငြိမ်း) ဖုန်း-၀၉-၅၀၇၉၄၇၁၊ ဦးစိုးညွှန့် ဖုန်း-၀၉-၇၃၀၉၅၀၁၉၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၄၀၅၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၁၂၊ မြေကွက်တည်နေရာအမှတ် ၃၀၊ (၂)ရပ်ကွက်၊ မြတ်သီရိလမ်း၊ ရွှေပြည်သာမြို့နယ် (ဒေါ်ကြည်ကြည်စိန်) ၁၂/ကမရ(နိုင်)၀၁၂၃၀၆၊ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်နှင့် အမည်ပေါက်၏ခင်ပွန်း ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးအောင်ကြည်ဝင်း ၁၂/ဒဂန(နိုင်)၀၀၅၈၃၀၊ ဒေါ်နုနုဝေ ၁၂/ကမရ(နိုင်)၀၁၂၈၉၂၊ ဦးအောင်ကျော်မြင့် ၁၂/ကမရ(နိုင်)၀၁၂၁၄၀တို့မှ မိခင်၊ ဖခင်တို့၏ သေစာရင်းမိတ္တူများ၊ သားသမီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေပါရမီ

### ကျန်းမာရေးဖောင်ဒေးရှင်း မှ ဆေးဝါးများလှူဒါန်းပါမည်

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသအသီးသီးတွင် ပါဝင်ကယ်ဆယ် ကူညီနေကြသော ကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအဖွဲ့အစည်းများအတွက် လိုအပ်သည့် ဆေးဝါးများကိုတိုက်ရိုက် ပါဝင်လှူဒါန်းလိုပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်ပါရန် ဖိတ်ခေါ်အပ်ပါသည် ။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသို့ ဆေးဝါး ၊ ရေဘေးတွင် လိုအပ်သည့် ပစ္စည်း နှင့် ငွေကြေးများ လှူဒါန်းလိုသောအလှူရှင်များကိုလည်း ဖိတ်ခေါ်အပ်ပါသည် ။

- ရုံးဖုန်း – ၀၁-၂၄၉၅၇၃ ၊ ဖက်စ် – ၀၁-၃၈၅၀၄၄
- ဦးသိန်းထိုက်ဦး – ၀၉-၅၀၀၀၄၃၉ (Ph / Viber)
- ဦးစန်းမင်း – ၀၉-၇၃၁၀၃၆၃၂ (Ph / Viber)
- ဦးငွေးမြင့် – ၀၉-၅၀၁၀၄၂၇ (Ph / Viber)
- ဦးငွေးအောင် – ၀၉-၅၁၅၃၃၄၈ (Ph / Viber)

ရုံးချိန်အတွင်း ဆက်သွယ် နိုင်ပါသည် ။

# ဝန်ထမ်းအမြန်အလိုရှိသည်

နိုင်ငံတကာအဆင့်မီ အထပ်မြင့်အဆောက်အအုံများကို နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းတည်ဆောက်မည်ဖြစ်၍ စိတ်ပါဝင်စားသည့် ပုဂ္ဂိုလ်များ လျှောက်ထားနိုင်သည်-

- M&E Manager ကျား(၁)ဦး
- ME,BE,B Tech (Electrical,Mechanical) ဘွဲ့ရဖြစ်ရမည်။
- အသက်(၃၅)နှစ်မှ (၅၅)နှစ်အတွင်း ဖြစ်ရမည်။
- Electrical/Plumbing/Sanitary/Fire Protection System/ Maintenance/M&E Installation လုပ်ငန်းများအား ဦးဆောင်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- နိုင်ငံခြားသားများနှင့် ပြောဆိုဆက်ဆံလုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခြင်းအတွေ့အကြုံ (၅)နှစ်နှင့် အထက် ရှိရမည်။

**လျှောက်ထားရမည့်လိပ်စာ-** (ဝန်ထမ်းစီမံရေးရာဌာန) ၂၃/C၊ သုခဝတီလမ်း၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၆၀၅၀၀၃၊ ၀၁-၈၆၀၅၀၀၄၊
၀၁-၈၆၀၅၀၄၄၊၀၁-၈၆၀၅၀၄၅(လိုင်းခွဲ ၀-၂၁၇)
Email address;hrdeptmgw@gmail.com

## ထားဝယ်အသင်း
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ထားဝယ်အသင်း၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အလုံမြို့နယ်၊ အလုံလမ်းရှိ ဇမ္ဗူရတနာပါဠိ တက္ကသိုလ်ကျောင်းတိုက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ ထားဝယ်သူ ထားဝယ်သားများ၊ မိတ်ဆွေသင်္ဂဟများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်းတိုက်တွင် လာရောက်လှူဒါန်းနိုင်ပါသည်)

**အမှုဆောင်အဖွဲ့(ထားဝယ်အသင်း)**

## ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၅) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအား ၂၃-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ရွှေတိဂုံစေတီတော်ရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကန့်ဘလူမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂၀၁၅ တက္ကသိုလ်ဝင်ဂုဏ်ထူးရ အသင်းဝင်တို့၏ သားသမီးများ၊ အသက်(၇၅) နှစ်ထက်အဘိုးအဘွားများ၊ ဆက်သွယ်လှူဒါန်းလိုသူများသည် အောက်ဖော်ပြပါ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| **ဦးအောင်သိန်း(ဥက္ကဋ္ဌ)** | **ဒေါ်သန်းသန်းဝင်း(ဘဏ္ဍာရေးမှူး)** |
| **ဖုန်း-၀၉-၄၃၂၀၂၂၁၁** | **ဖုန်း-၀၉-၅၀၅၁၉၉၁** |
| **ဦးစိုးသူရ** | **ဒေါ်ခင်သန်းညွန့်(စာရင်းစစ်)** |
| **အတွင်းရေးမှူး** | **ဖုန်း-၀၉-၄၂၁၀၈၇၃၂၇** |
| **ဖုန်း-၀၉-၅၀၁၀၅၀၆** | |

**အလုပ်အမှုဆောင်အဖွဲ့**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
**တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂**
**ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၃**

ဒေါ်အေးအေးလွင် **နှင့်** ၁။ ဦးဝင်းသိန်းဦး
၂။ ဒေါ်ကြူကြူခိုင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ယခင်အမှတ် ၁၉၊ ၂ လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တို မြို့နယ်နေ ဦးဝင်းသိန်းဦးနှင့် ဒေါ်ကြူကြူခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၅တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၄ ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**မြို့နယ်တရားသူကြီး**
**ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံး**

## ဦးညွန့်နိုင် ၁၂/အစန(နိုင်)၀၉၉၇၁၁နှင့် အများသိစေရန်ကြေညာခြင်း

ဦးမောင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၂၈၇၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ ဦးညွန့်နိုင်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဝင်း၏ မြတ်သီတာပွဲရုံ (ခ/၃၇/၃၈၊ ကန့်ကော်လမ်းမကြီး၊ ဘုရင့်နောင်)တွင် အရောင်းစာရေးအဖြစ် ဆောင်ရွက်နေသူဖြစ်ပါသည်။

ဦးညွန့်နိုင်သည် မြတ်သီတာပွဲရုံသို့ ပေးသွင်းသောငွေများနှင့်ပတ်သက်၍ မြတ်သီတာပွဲရုံနှင့် စာရင်းရှင်းလင်းရန်နှင့် ငွေပြန်လည်ပေးသွင်းရန် လိုအပ်နေပါသည်။

သို့ပါ၍ ယခုအကြောင်းကြားစာပါသည့်ရက်မှ ၁၄ရက်အတွင်း ဦးညွန့်နိုင်သည် မြတ်သီတာပွဲရုံသို့ လူကိုယ်တိုင်လာရောက်ပြီး စာရင်းရှင်းလင်း၍ ငွေပြန်လည် ပေးသွင်းရန် ဦးညွန့်နိုင်နှင့် အများသိစေရန် အကြောင်းကြားသိစေအပ်ပါသည်။

အကယ်၍ အကြောင်းကြားစာပါရက်အတွင်း ဦးညွန့်နိုင်မှ မြတ်သီတာပွဲရုံသို့ လာရောက်ပြီး ကျွန်ုပ်၏မိတ်ဆွေဦးမောင်မောင်ဝင်းနှင့် အကြောင်းကြားစာပါအတိုင်း ဆောင်ရွက်ခြင်း ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးညွန့်နိုင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တင် (LL.B, H.G.P.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ်(၁၅)၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၃၃၁၊ ၀၉-၄၉၅၇၄၂၀၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မဒေါ်မေကြီး ၁၄/ပသန(နိုင်)၀၁၂၂၁၉၏သား မောင်ညီညီထွေး ၁၄/ပသန(နိုင်) ၀၀၃၅၂၂သည် ပြောဆိုဆုံးမမရဘဲ မိခင်ကြီးအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှအပြီးတိုင် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ဤမိသားစုနှင့် မသက်ဆိုင်ပါကြောင်းနှင့် ယခုလက်ရှိဒေါ်မေကြီးနေထိုင်သော အိမ်မှာလည်း ၎င်းနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်မေကြီး**
**၁၄/ပသန(နိုင်)၀၁၂၂၁၉**

## မွေးနေ့ မင်္ဂလာဆုတောင်း

၈.၈.၂၀၁၅ မင်္ဂလာရက်မြတ်တွင် ကျရောက်သော သားလေး**မောင်ပြည့်စုံချမ်းသာ** [Grade V အ.ထ.က(၁)ဒဂုံ] ၏ မွေးနေ့ရက်မြတ်မှသည် ကိုယ်၊ စိတ် နှစ်ပါး ကျန်းမာချမ်းသာ သက်ရှည်စွာဖြင့် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားများ လိုက်နာကျင့်သုံးပြီး ငြိမ်းအေးချမ်းသာသောဘဝကို တည်ဆောက်နိုင်ပါစေကြောင်း ......

ဘွားဘွားကြီး ဒေါ်စန်းမြင့် နှင့် နှစ်ဖက်ဆွေမျိုးများ
ချစ်ဖေဖေ၊မေမေ – ဦးချမ်းသာ + သီဟသုဓမ္မသိင်္ဂီ ဒေါ်ဥမ္မာမြင့်
ချစ်မမ – မဖြူစင်ချမ်းသာ [Grade VII အထက(၁)ဒဂုံ]
ဝန်ထမ်းများ – ချမ်းသာအောင်မြင် Travels & Tours Co.,Ltd

သုခစုံ ပြည်တွင်း/ပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုကုမ္ပဏီနှင့်စက်မှုလက်မှုသင်တန်းကျောင်း
သုခစုံ စက်မှုနှင့်လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်း ဝန်ထမ်းမိသားစု၊ သုခစုံ ဆန်စက်ဝန်ထမ်းမိသားစု

## မွေးနေ့မင်္ဂလာဆုတောင်း

အနန္တကျေးဇူးရှင်ချစ်ဖေဖေ ဦးထွန်းထွန်းဦး(ပညာ့အိမ်နည်းပြသင်တန်း) ဒဂုံ(တောင်)၏ ၈-၈-၂၀၁၅ရက်တွင် ကျရောက်သော (၅၆)နှစ်မြောက်မွေးနေ့မှသည် နောင်မွေးနေ့ရတုပေါင်းများစွာကို ဖြတ်သန်းလျက် ဘာသာ၊ သာသနာအကျိုးကိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းလျက် ချစ်သောဖေဖေ အသက်ရာကျော်ရှည်ပါစေ-

**ချစ်ဇနီး** – ဒေါ်ရွှေဝါသောင်း
**တစ်ဦးတည်းသောချစ်သမီး** – ဒေါက်တာသူသူထွန်းဦး(အလုပ်သင်ဆရာဝန်)
ရန်ကင်းကလေးဆေးရုံ

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆E)၊ လူနေရပ်ကွက်အမှတ် ကမာရွတ်၊ မြေကွက်အမှတ် (၈၉ H/၅)၊ ဧရိယာ ၀ ဒမ ၁၁၂ ဧကရှိ မြေပိုင်မြေ(မစိုက်ပျိုးမြေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၁၀ ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၁၀၁/၅ B)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးချန်ကင်သော်(ခ)ဦးတင်ထွန်း ၁၂/အလန(နိုင်)၀၃၇၃၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)**
**တိုက်အမှတ် (၃၂)၊ အခန်းအမှတ် (၁၀)၊ ဒုတိယထပ်၊**
**၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

## အကြင်လင်မယားအဖြစ်မှ ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ် (၅၅၈)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မျိုးသက်(ခ)ဖူးဖူး ၁၁/မပတ(နိုင်)၀၃၅၇၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မျိုးသက်(ခ)ဖူးဖူးနှင့် ဦးဝင်းမြင့်ထွန်း(ခ)အားချန့် ၁၂/လသန (နိုင်)၀၂၁၆၉၆တို့သည် ၁၅-၁၂-၂၀၀၆ရက်တွင် ထိမ်းမြားလက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့စဉ်ကာလမှစ၍ ယနေ့ထိ သားသမီးမွေးဖွားထွန်းကားခဲ့ခြင်းမရှိပါ။ ထိုသို့ပေါင်းသင်းနေထိုင်စဉ်ကာလတွင် အိမ်ထောင်ရေးကိစ္စအဆင်မပြေမှုများကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေတွင် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခံစားခဲ့ရပါသည်။ ယခုအခါ ကျွန်ုပ်တို့မိတ်ဆွေ၏ခင်ပွန်း ဦးဝင်းမြင့်ထွန်း(ခ)အားချန့်သည် ကျွန်ုပ်တို့၏မိတ်ဆွေအား ကိုယ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ၂၇-၇-၂၀၁၅ရက်ညမှစ၍ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးဝင်းမြင့်ထွန်း(ခ)အားချန့်တို့သည် ယနေ့မှစ၍ အကြင်လင်မယားအဖြစ်မှ ပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဦးဝင်းမြင့်ထွန်း(ခ)အားချန့်နှင့်ပတ်သက်သောလူမှုရေး၊ စီးပွားရေး အရှုပ်အရှင်းကိစ္စအဝဝတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးသက်(ခ)ဖူးဖူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးသော်ဇင်** | **ဦးငြိမ်းချမ်းထွေး** | **ဦးစွမ်းထက်ပိုင်** |
| **LL.B (၃၁၈၅၄)** | **LL.B (၂၉၃၃၉)** | **LL.B (၄၀၇၉၅)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၄၂၁၀၁၆၆၇၉** | **ဖုန်း-၀၉-၄၃၀၉၄၆၇၂** |

**အထက်တန်းရှေ့နေများ**
**တိုက် (၄၆)၊ အခန်း (C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်။**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးဇော်မင်းထက်(ဘ)ဦးငွေးမြင့် ၁၂/ကမရ(နိုင်)၀၄၈၆၂၈၊ အမှတ် (၂/၁၇)၊ ဝေဟင်လမ်း၊ (၂)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူနှင့် ဒေါ်ဇာဇာမိုး(ဘ) ဦးအောင်မိုး ၁၂/ဥကမ(နိုင်)၁၇၄၈၁၇တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ (၁၉၉၈) ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ကြရာ သားတစ်ယောက်၊ သမီးနှစ်ယောက်မွေးဖွားခဲ့ပါသည်။

ဒေါ်ဇာဇာမိုးသည် ဦးဇော်မင်းထက်နှင့်အတူ ပေါင်းသင်းနေထိုင်စဉ်၂၆-၁၂-၂၀၁၄ရက်တွင် တစ်ကြိမ်ဆင်းသွားခဲ့သော်လည်း သားသမီးမျက်နှာထောက်၍ ပြန်ခေါ်ခဲ့ပါသည်။ ၂၈-၃-၂၀၁၅ရက်တွင် နေအိမ်မှလက်ဝတ်လက်စားနှင့် ငွေကြေးများသယ်ဆောင်ပြီး အိမ်ပေါ်မှ ထပ်မံဆင်းသွားခဲ့ပါသည်။ ယနေ့အချိန်ထိ ပြန်မလာပါ။ ခင်ပွန်းဖြစ်သူအပေါ် မယားဝတ္တရားမကျေပွန်းသည့်အပြင် သားသမီးများအပေါ် မိခင်ဝတ္တရားပျက်ယွင်းကာ နေအိမ်မှမကြာခဏ ကာလကြာမြင့်စွာ ဆင်းသွားလေ့ရှိသဖြင့် ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

နောင် ဒေါ်ဇာဇာမိုးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်မင်းထက်** | **ဦးနန္ဒ(အထက်တန်းရှေ့နေ)** |

## အမည်မှန်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သိမ်ကြီးရိုးလမ်းနေ ဦးထွန်းကြည်၏သား ၇/ဇကန(နိုင်) ၀၀၆၇၂၇ အမည်မှန်မှာ ဦးခင်မောင်ဦး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့ အထက(ခွဲ) ရွှေဥဩကျောင်း အဋ္ဌမတန်းမှ မအိရွှေစင်(ခ) မအိမြတ်မွန်၏ ဖခင်မည်မှန်မှာ ဦးကျော်မင်းထွေး ဖြစ်ပါသည်။

**ဦးကျော်မင်းထွေး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့၊ အထက တက္ကသိုလ်ဝင်တန်း (C) မှ မစုမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် အစား ဦးသန့်ဇော်နိုင် ၇/သကန(နိုင်)၁၂၀၂၁၃ ဖြစ်ပါကြောင်း။ **ဦးသန့်ဇော်နိုင်**

## ဦးသန်းကြည် ၁၁/စတန(နိုင်)၀၄၄၁၃၉၊ ဦးအောင်ထွန်းသာ ၁၁/ပဏတ(နိုင်)၀၃၀၂၈၅ နှင့် အများသိစေရန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နေ ဒေါ်အုံးတင်၏ သမီးဒေါ်သွယ်သွယ်အေး ၁၁/စတန(နိုင်)၀၁၂၀၉၃ နှင့် ဦးသန်းရွှေ၏သားများဖြစ်ကြသော ဦးအောင်ကျော်မြင့် ၁၁/စတန(နိုင်)၀၃၃၅၃၆၊ မောင်သန်းနိုင် ၁၁/စတန(နိုင်)၀၃၃၈၅၅၊ မောင်အေးသန်း ၁၁/စတန(နိုင်) ၀၃၆၁၉၆ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက် ဦးပိုင်အမှတ်(၂)၊ အကွက်အမှတ် ၁၈၊ ရွာကြီးမြောက်အကွက် မြေဧရိယာ ၉ဒသမ၇၀၉ဧကရှိ မြေကွက်မှာ ဦးအဝိန်ပါ(၁၄)ဦး အမည်ပေါက်ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက်ဖြစ်ပါသည်။ဦးအဝိန်ပါ(၁၄)ဦးတို့မှာ အသီးသီးကွယ်လွန်သွားခဲ့ကြပြီးဖြစ်၍ ၎င်းတို့၏အမွေကိုကျန်ရစ်သူ သား/သမီး မြေးများကအမွေဆက်ခံပိုင်ဆိုင်လာကြပါသည်။ဖော်ပြပါ မြေကွက်ဧရိယာ ၉ဒသမ၇၀၉ အနက် မှ မြေကွက်အချို့ကို အမွေဆက်ခံသူက ခွဲစိတ်ရောင်းချခဲ့ကြသဖြင့် ယခုအခါ မီးခြစ်စက်ဝင်းနှင့် ရေကန်ရှိသောမြေနေရာများအပါအဝင် မြေချိန်ဧရိယာ ၂ဒသမ၈၉၅ ဧကသာကျန်ရှိနေခဲ့ပါသည်။

မြေကွက်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအဝိန်(ကွယ်လွန်)တွင် (၁)ဒေါ်အုံးတင်၊ (၂) ဦးသန်းရွှေ၊ (၃)ဦးသန်းကြည်ဟူ၍ သားသမီး(၃)ဦးထွန်းကားခဲ့ရာ ဒေါ်အုံးတင်နှင့် ဦးသန်းရွှေတို့မှာအသီးသီးကွယ်လွန်သွားခဲ့ကြသော်လည်း ၎င်းတို့၏အမွေကို ကျန်ရစ်သူသားသမီးများကဆက်ခံလာခဲ့ကြပါသည်။သို့ဖြစ်ပါ၍ မြေချိန် ၂ဒသမ၈၉၅ ဧကမှာ ကျွန်ုပ်၏အမှုသည်များအပါအဝင် အခြားအမွေဆိုင်များက ပိုင်ဆိုင်သောအမွေဘုံမြေကွက်ဖြစ်ပါသည်။

အဆိုပါအမွေဘုံအဖြစ်ကျန်ရှိနေသော မြေကွက် ၂ ဒသမ ၈၉၅ ဧကကို ဦးအဝိန်(ကွယ်လွန်)၏သား တစ်ဦးဖြစ်သူ ဦးသန်းကြည်က ဦးအောင်ထွန်းသာဆိုသူအား ငွေကျပ်သိန်း (၁၅၀)(ကျပ်သိန်းတစ်ရာငါးဆယ်တိတိ)ဖြင့် ၃-၄-၂၀၁၃ ရက်က အရပ်စာချုပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခဲ့သော ၂ဒသမ၈၉၅ ဧကရှိ မြေကွက်မှာ ဦးသန်းကြည် တစ်ဦးတည်းအပိုင်မဟုတ်ဘဲ အထက်ဖော်ပြပါကျွန်ုပ်၏ အမှုသည်များကလည်း အမွေဆက်ခံပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်ဖြစ်သဖြင့် ၃-၄-၂၀၁၃ ရက်က ဦးသန်းကြည်နှင့်ဦးအောင်ထွန်းသာတို့အရပ် စာချုပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းမှာ တရားမဝင်ပျက်ပြယ်ပါကြောင်းနှင့် ကန့်ကွက်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သွယ်သွယ်အေး၊ ဦးအောင်ကျော်မြင့်၊ မောင်သန်းနိုင်**
**မောင်အေးသန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောလှိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၃၃)**
**အမှတ် ၅၅၊ ကုန်သည်လမ်း၊ မောလိပ်ရပ်ကွက်၊ စစ်တွေမြို့**

## အသိပေးကြေညာခြင်း

အမှတ်-၂၃၊၂၅၊ခတ္တာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ ဦးဇော်ဝင်းဟန်(ခ)တိုးလွင် (၁၂/စခန(နိုင်)၀၀၀၈၇၂) မှ အများသိစေ ရန်ကြေညာအပ်ပါသည်။

အမှတ် ၂၃၊၂၅၊ ခတ္တာလမ်း၊ သီရိခေမာရပ်ကွက် အဆောက်အအုံတည်ရှိရာသည့် ဦးဇော်ဝင်းဟန်နှင့်ညီကို(၄)ဦးပူးတွဲ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၂၂-၁၁-၂၀၁၂နေ့ မှစ၍ အဆိုပါမြေနှင့်စပ်လျဉ်း၍ မည်သူ့ကိုမျှ ဦးဇော်ဝင်းဟန်၏ ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်ပေးခြင်းမရှိပါသဖြင့် ဦးဇော်ဝင်းဟန်သဘောတူညီချက်မပါရှိဘဲ ဆောင်ရွက်သည့်ကိစ္စရပ်များအား ကန့်ကွက်ပါကြောင်းနှင့် ဦးဇော်ဝင်းဟန်အား အသိပေးပါရန် အသိပေးဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်းဟန်
၁၂/စခန(နိုင်)၀၀၀၈၇၂

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သီပေါမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ညောင်ပင်ကွင်းကျေးရွာနေ (ဦးအိုက်ရွှေ)-ဒေါ်ရှောလံ ၁၃/သပန(နိုင်)၀၃၄၄၆၈တို့၏သား မောင်ကျော်ကျော်ခိုင် ၁၃/သပန(နိုင်) ၀၃၅၄၆၀နှင့် သမီးဖြစ်သူ မနန်းမြဟန် ၁၃/သပန(နိုင်)၀၃၄၄၆၇ တို့သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲမိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်နေသဖြင့် ၎င်းတို့နှစ်ဦးအား သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းတို့နှင့်ပတ်သက်သည့် လူမှုရေးကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဒေါ်ရှောလံ ၁၃/သပန(နိုင်)၀၃၄၄၆၈**

CAFETERIA & B-2-B Meeting

Enjoy Drinks, Food & Wifi

COFFEE Vending Machine

FREE High Speed WIFI by REDLINK

# MiTA MYANMAR

## MEDICAL AND HEALTHCARE EXHIBITION & CONFERENCE 2015

7th-9th Aug 2015 Friday ~ Sunday 9 am - 5 pm Tatmadaw Hall, Yangon

3 Exhibitions in 1 International Event
- Medical & Healthcare
- Pharmaceutical
- Sports, Fitness & Cosmetics

Entry Free

Myanmar Healthcare Inv. Conference
- Famous Foreign & Myanmar Speakers

AGENDA: http://bit.ly/1dMGD8Q

Amazing Event ... Opportunity to meet:
- More than 55 International & Local Companies
- Prominent Medical Professors & Doctors

MITA MYANMAR your MYANMAR MARKET PARTNER www.mitaservices.com www.mitamyanmar.com www.myanmarinvestmentbusiness.com

---

**HOLLY HOTEL**

## Opportunity!

Are you ready to explore new challenges?

Our Holly Hotel has the following opportunities available;

| Position | No. | Position | No. |
|---|---|---|---|
| **Management Position** | | **Sales & Marketing** | |
| Operation Manager | 1 | Sales Executive | 3 |
| Executive Chef (Thai) | 1 | | |
| **Accounting** | | **Engineering:** | |
| Accounting Officer | 3 | Engineering Officer | 3 |
| **Front Office** | | **Housekeeping** | |
| Guest Service Supervisor | 3 | Housekeeping Supervisor | 2 |
| Guest Service Agent | 8 | Room Attendant | 8 |
| Concierge/ Bellman | 4 | Public Areas – Cleaner | 4 |
| **F&B Service** | | **F&B Service** | |
| F&B Supervisor | 2 | Sous Chef | 1 |
| F&B Agent | 8 | Chef de Partie | 1 |
| Bartender | 1 | Commis I, II – Preparation | 4 |
| | | Steward – Dish Washer | 3 |

**We offer:**
- Service Charge
- Bonus
- Staff Incentive Program
- Staff Discounted Program
- Career Training
- Career Development Plan
- Duty Meal
- Uniform
- Staff Recognition Program
- Birthday Present

* * * * * *



**To begin your journey – simply go to;**

Pre-Opening Office;
**GMP Co., Ltd (Ga Mone Pwint Co., Ltd)**
245, Bargayar Road Sanchaung Township, Yangon, Myanmar
Tel: 95-1-516533-6
Fax: 95-1-526926
Website: www.gmp-myanmar.com
Or send your resume to email: info@hollyhotelmyanmar.com

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဟ/၅၀၃၃ Zong Shen 200 ZHS သုံးဘီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဝမ်းမောင် ၁၃/မရတ(နိုင်) ၀၀၂၃၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လားရှိုး)**

---

# MCC Training Institute

**ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး အလုပ်အကိုင်ပါတစ်ပါတည်းရလိုသူများအတွက်**



**ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့ သင်တန်းများ**

**B.Sc (Hons) Business IT, University of Greenwich, UK**
- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

www.facebook.com/mcc.institute

| | |
|---|---|
| Yangon Campus | Ph - 01-245762, 249152, 395512, 01-246634 |
| Mandalay Campus | Ph - 09-402671562, 011-202113, 02-77930, 09-91034062 |
| Naypyitaw Campus | Ph - 09-31354842, 09-254148940 |
| Yatanarpon Campus | Ph - 02-5178112, 02-5178113, 02-5178132, 09-43104966 |

August Intake Enroll Now!

**Hot-Line : 01-246634, 01-2304156**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်၊ လွိုင်လင်မြို့၊ ရပ်ကွက်(၂)၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၂၄၊ နယ်မြေ(၁)နေ ဦးပီးသမ်ဘာရ်ပန်ဒေး၏သား MORKESH ၁၃/လလန(ပြု)၀၀၀၂၄၁ နှင့် မောင်စိုးမင်းထွေး သချ်ာဘာသာ(တောင်ကြီးတက္ကသိုလ်၊ ဘွဲ့ရမှတ်ပုံတင်အမှတ် 8765)သည် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

**MORKESH(ခ)မောင်စိုးမင်းထွေး**
**၁၃/လလန(ပြု)၀၀၀၂၄၁**

---

## မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

**ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊**
**၀၉-၂၆၀၆၆၄၄၉၀**

---

**SEVEN စံ** ဖုံ

**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?

SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။

အိမ်အရောက်ငွေပေးချေသည်။

"ပွဲခ လုံးဝ မယူပါ"

Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၃၃၄၄၊ Nissan CABS TAREF22, L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဉမ္မာ ၁၂/ဥကမ(နိုင်)၀၀၉၅၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၆၁၂၁၉၊ SUFAT 110, MC ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းထွန်း ၁၂/သလန(နိုင်)၀၀၁၈၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RLG/1046, Toyota Mark II , S/L (4x2) ယာဉ်လက်ဝယ်ရှိသူ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဓမ္မသီရိက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

## ဒေါ်ဖြူစင်ဝါနှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံအရှေ့ဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းရိပ်မွန်၊ နှင်းဆီလမ်း၊ တိုက် ၃၂၊ အခန်း ၂၀၂နေ ဦးဇော်မျိုးပိုင်ဆိုင်သော ယာဉ်အမှတ် 2F/41449 (CALDINA) အဖြူ CHASSIS No-ST210-4048983 ကို ဒေါ်ဖြူစင်ဝါ ၁၂/ပဘတ(နိုင်)၀၁၂၉၇၄က ၆-၆-၂၀၁၅ရက်မှ ၆-၉-၂၀၁၅ ရက်အထိ စပေါ်ငွေကျပ် (၄)သိန်း (၁)လလျှင် ၄၅၀၀၀၀/-ဖြင့် ငှားရမ်းသွားပြီး (၁)လခွဲစာငွေလည်းမပေး၊ ကားလည်းလာရောက်ပြန်ပေးခြင်းမရှိပါ။ အခြားသူတစ်ပါးကို ကားအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းအစရှိသည်တို့ မပြုလုပ်ရန်နှင့် ပြုလုပ်ထားပါက လက်ခံထားသူများမှ အကြောင်းကြားပေးရန် သို့မဟုတ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ပြီး ကားကိုလက်ရောက်အပ်နှံပါရန်နှင့် အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမသောင်း LL.B, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၇၈)**
**ဒေါ်ဆွေသဥ္ဇာထွန်း LL.B အထက်တန်းရှေ့နေ (စဉ်-၄၃၂၈၉)**
**ဒေါ်ထွေးရီဖြိုး LL.B, D.B.L, D.L 101 WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၅၄၉)၊**
**ဖုန်း-၀၉-၄၂၀၁၈၇၂၆၈၊ ၀၉-၄၅၀၀၃၂၃၁၃၊ ၀၉-၄၄၈၀၄၈၆၃၁**

---

## ဒေါ်ဖြူစင်ဝါနှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံအရှေ့ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ A-၁၁လမ်း၊ တိုက် ၁၈၊ အခန်း ၁၀၂ နေ ဦးဝဏ္ဏဟန်ပိုင်ဆိုင်သောယာဉ်အမှတ် ၄ဂ/၃၄၁၀ (ဖြူ+မီးခိုး) Toyota Mark II Gx 100 ကို ဒေါ်ဖြူစင်ဝါ ၁၂/ပဘတ(နိုင်)၀၁၂၉၇၄က ၁၆-၆-၂၀၁၅ ရက်မှ ၁၆-၁၂-၂၀၁၅ ရက်အထိ စပေါ်ငွေကျပ်(၃)သိန်း (၁)လလျှင် ၅၅၀၀၀၀/-ဖြင့် ငှားရမ်းသွားပြီး လစာငွေလည်းမပေး၊ ကားလည်းလာရောက်ပြန်ပေးခြင်းမရှိပါ။ အခြားသူတစ်ပါးကို ကားအားပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း အစရှိသည်တို့မပြုလုပ်ရန်နှင့် ပြုလုပ်ထားပါက လက်ခံထားသူများမှ အကြောင်းကြားပေးရန် သို့မဟုတ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ပြီး ကားကိုလက်ရောက်အပ်နှံပါရန်နှင့် အကယ်၍လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမသောင်း LL.B,D.I.L တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၇၈)**
**ဒေါ်ဆွေသဥ္ဇာထွန်း LL.B အထက်တန်းရှေ့နေ(စဉ်-၄၃၂၈၉)**
**ဒေါ်ထွေးရီဖြိုး LL.B,D.B.L,D.L 101 WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၅၄၉)**
**ဖုန်း-၀၉-၄၂၀၁၈၇၂၆၈၊ ၀၉-၄၅၀၀၃၂၃၁၃၊ ၀၉-၄၄၈၀၄၈၆၃၁**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၅ ရပ်ကွက်၊ မစိုးရိမ်လမ်းသွယ် ၃ လမ်း၊ အမှတ် ၅၀၈ ဟုခေါ်တွင်သော (၆၅ ပေ× ပေ ၅၀)ကျယ်ဝန်းသည့် မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား မိမိတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် စီမံရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအိ ၉/မမန(နိုင်)၀၈၇၄၆၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၉)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၃၁၀၅၈၄၄**

## ဦးအေး(ခ)ရှာရန်စူး (ကျောက်တန်း)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ မင်းကျောင်းလမ်း၊ အမှတ် ၁၇နေ ဒေါ်မြနု၏ခင်ပွန်း၊ ဦးခင်မောင်ဦး-ဒေါ်ခင်ခင်စန်း၊ ဦးအောင်မိုးခိုင်-ဒေါ်ချိုချိုမာ၊ ဒေါ်ယဉ်ယဉ်နုတို့၏ဖခင်၊ မဟန်ဇာမော် [B.E (Civil) First Year GTU သန်လျင်]၊ မောင်လွင်ထူးမြတ်တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကျောက်တန်းတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)
### နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ်(ငြိမ်း)
### စစ်တက္ကသိုလ်အမှတ်စဉ်(၁)
### သူရဲကောင်းမှတ်တမ်းဝင်နှစ်ထပ်ကွမ်း
### အသက်(၈၂)နှစ်

ဒေါ်ရီရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းကို-ဒေါ်မာလာလှိုင်(ဝင်းမာလာအောင် သစ်အရောင်းထည်စက်ရုံ)၊ မန္တလေးမြို့၊ ဦးထေရလှိုင်-ဒေါ်စန္ဒာမိုး၊ (ဦးပုညလှိုင်)-ဒေါ်ခင်မာကြည်၊ (ဦးတေဇလှိုင်-ဒေါ်ကြည်ကြည်အေး)တို့၏ဖခင်၊ မအေးမြတ်မွန်၊ မောင်ကောင်းဝေယံလှိုင်-မခင်မြတ်သူတို့၏အဘိုး ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)သည် ၁-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူတကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ရင်
### (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် 4D (1)နေ ဒေါ်မြမြအေး (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ရင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်) အသက်(၆၉)နှစ်သည် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ရင် အသက်(၆၉)နှစ်
### ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် 4D (1) နေ (စက်ရှင်တရားသူကြီး ဦးကြည်ဟန်-ဒေါ်ဒေါ်ညွန့်)တို့၏သား၊ ဒေါ်မြမြအေး (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းဇော်မော်-ဒေါ်ခိုင်ခိုင်၊ ဦးကျော်ကျော်အောင်-ဒေါ်ခိုင်ဖြူစိုးတို့၏ချစ်လှစွာသောဖခင်၊ မမြတ်မဒ္ဒီဖြိုးဝေ၊ မောင်လင်းမင်းသန့်၊ မောင်Davinမော်၊ မောင်ညီဟိန်းခန့်တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၀း၁၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက် (စနေနေ့)နံနက် ၁၀း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းနွဲ့ အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၃၃နေ (ဦးရန်ကျက်-ဒေါ်ဒေါ်ရှင်)တို့၏သမီး၊ (ဦးပါ)၏ဇနီး၊ ဦးခင်မောင်အေး-(ဒေါ်ခင်အေးသက်)၊ (ဦးသောင်း-ဒေါ်မြင့်သိန်း)၊ ဦးသန်းအောင်-(ဒေါ်ခင်သောင်းမြင့်)တို့၏အစ်မ၊ ဒေါ်ခင်ဆွေနွဲ့၊ ဦးလှထွန်း(ကျောင်းအုပ်ကြီး၊အထက-၄၊မင်္ဂလာတောင်ညွန့်)-ဒေါ်ခင်ဆွေမြင့်တို့၏မိခင်၊ ဦးကျော်လတ်ခိုင်-မဝင့်သီရိဝင်း၊ ကိုချမ်းငြိမ်းကို-မအေးသန္တာဝင်း၊ မောင်ထွန်းသူရဦးတို့၏အဘွား၊မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည်၇-၈-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းဆွေ
### အသက်(၈၅)နှစ်

သူငယ်ချင်း ဗိုလ်မှူးချုပ်ကျော်နိုင်ဦး(ငြိမ်း)-ဒေါ်ခင်သက်မွန်တို့၏ဖခင် ဦးဝင်းဆွေ အသက်(၈၅)နှစ်သည် ၇-၈-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၄)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း ဒါယကာကြီး
## ဒေါက်တာအေးချို (ပါမောက္ခ၊ ငြိမ်း)
**B.V.S, M.Phil, M.V.Sc**

ရှိသေလေးစားရပါသော ဆရာကြီး ဒေါက်တာအေးချို (ပါမောက္ခ၊ ငြိမ်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)သည် ၁-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ နှမြောဝမ်းနည်းကြေကွဲရပါသည်။

ဆရာကြီး ကောင်းရာဘုံဘဝမှာ နားခိုနိုင်ပါစေ။

**ဒေါက်တာညီညီသက်**
**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်တင်တင်မြိုင် (ဒုတိယပါမောက္ခချုပ်၊ ငြိမ်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)၏ခင်ပွန်း ဘုရား၊ ရဟန်း ဒါယကာကြီး ဒေါက်တာအေးချို(ပါမောက္ခ၊ ငြိမ်း)သည် ၁-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းလျက်-

**ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန မိသားစု**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးဝိုင်း(ထမ္ဘနိုင်) အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၁၆၂နေ (ဦးမဲ- ဒေါ်လှရေး)တို့၏သမီး၊ (ဦးသောင်းစိန်)၏ဇနီး၊ ဒေါ်ကျင်ကီး(ဦးစီးအရာရှိ၊ သ/မဦးစီး၊ ငြိမ်း)၊ (ဦးငွေးမြင့်၊ မြို့တော်စည်ပင်၊ ငြိမ်း)-ဒေါ်ကျင်မွေး (မြို့တော်စည်ပင်၊ ငြိမ်း)၊ ဦးစိုးလွင်-ဒေါ်မိမိမော်တို့၏မိခင်၊ ဦးအောင်လေး (YESC စမ်းချောင်း)-မခင်ဝင်းမော်၊ ဦးကောင်းထက်ဝင်း-ဒေါ်ဝင်းဝင်းငွေး J & J Co.,Ltd. ၊ ဦးကျော် ဇေယျလွင် Total Myanmar ၊ ကိုအောင်သော်လွင် MIC တို့၏အဘွား၊ မောင်အောင်ဇင်ဝင်း၊ မောင်ချစ်ကိုကိုကျော်တို့၏အဘွားသည် ၇-၈-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးမြင့်သိန်းဦး(သန်လျင်မြို့)
### ဆသရ(စစ်ဆေးရေးမှူး)
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှတ် ၄၀၊ လမ်းမတော်လမ်း၊ မြို့မတောင်ရပ်ကွက်နေ ဒေါ်နီနီခင် (နီနီခင် ရွှေဆိုင်)၏ခင်ပွန်း၊ ဒေါ်ဆန်းဆန်းဦး၊ ဦးဆွေမြင့်-ဒေါ်ဆွေဆွေဝင်း (ဆွေမြင့်ရွှေဆိုင်)၊ (မမဋ္ဌု၊ မမြင့်သူ) တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့)ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း
### အလုပ်ရုံခွဲမှူး(ငြိမ်း)
### အလုံအချိုရည်စက်ရုံ
### စက်မှုဝန်ထမ်းဟောင်းများအသင်း
### အသင်းဝင်အမှတ်-၁၀၄၁
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ယဿဝတီလမ်း၊အမှတ် ၁၀၇၂နေ (ဦးဘိုးရှိန်း - ဒေါ်စိန်လာ) တို့၏သား၊ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ကိုသန်းထွန်းဦး-မယုယုခိုင်၊ ကိုစိုးလှဖြူ-မဇင်မာလာထွေးတို့၏ ဖခင်သည် ၇-၈-၂၀၁၅ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်ရှိန်
### ကျောင်းအုပ်ဆရာမကြီး
### အထက(၁)မြဝတီ
### အသက်(၆၀)

မြဝတီမြို့၊ (၃)ရပ်ကွက်၊ ဗိုလ်တေဇလမ်းနေ (ဦးဘညွန့်-ဒေါ်အမာ)တို့၏သမီး၊ ဒေါ်ခင်ခင်ရှိန်၊ ဒေါ်တင်တင်ရှိန်၊ (ဦးခင်မောင်)၊ ဦးသန်းအောင်၊(ဦးကျော်တင့်)တို့၏ညီမ၊ ဦးရဲအောင်(မူလွန်-၆၊ ကျောင်းအုပ်ဆရာကြီး)၏ဇနီး၊ မောင်ရဲဇော်ဇော်ထွန်း - မနော်သင်းသင်းစိုး၊ မောင်သိန်းနိုင်ထွန်း - မနန်းနီနီရဲရှိန်တို့၏မိခင်သည် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၈-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မြဝတီမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းငွေး(ခ)တန်စာပေါ
### (ကျိုက်လတ်မြို့)
### အသက်(၆၆)နှစ်

ကျိုက်လတ်မြို့၊ (၃) ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၁၅နေ (ဦးထိုင်စူ-ဒေါ်ကျိုစွက်)တို့၏သား၊ (ဦးစံ-ဒေါ်ကျင်အေး)တို့၏သားသမက်၊ ဒေါ်ညွန့်ညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးလှိုင်ထွန်း-မယဉ်ယဉ်ချို၊ ကိုဝင်းအောင်လှိုင်-မဇင်ဇင်အောင်၊ကိုကျော်စိုးဟိန်း-မမင်းမင်းသန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကြည်ခင် (ထားဝယ်)
### အသက်(၈၃)နှစ်

ထားဝယ်မြို့၊ တလိုင်းထိန်ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၃၇၀နှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၉၅နေ ဒေါ်စန်းမွေး၏ခင်ပွန်း၊ ဦးမိုးဇော်-ဒေါ်တင်တင်ဝင်း၊ ဦးမောင်မောင်လှထွန်း-ဒေါ်မြမြမူ၊ ဦးထွန်းနိုင်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၇-၈-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း(အောက်ဘလောက်)၊ အမှတ် ၉၅ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pu. Mang Kho Cin
### တပ်ကြပ်ကြီး(ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်နီ ၄လမ်း၊ အမှတ် ၃၃၈ (မြေညီထပ်)နေ Pi. Hat Kho No ၏ ချစ်လှစွာသော ခင်ပွန်း၊ ချင်းပြည်နယ်၊တွန်းဇံမြို့၊ အန်းလွန်ကျေးရွာနေ (Pu.Vum Za Kam-Pi. Cing Kho Don) တို့၏သား၊ Pi. Man Za No, Pu. Kam Kho Mang, Pu. Go Cin Kap, Pi. Hat Za Nieng တို့၏ညီ/အစ်ကို/မောင်၊ Pa. Kam Suon Mung, Pa. Kam Suon Pau, Pa.Mang En Thang-Nu Daw Khaing Khaing Win, Pa Mang Suon Lien-Nu Pau Lien Dim တို့၏ ဖခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၇-၈-၂၀၁၅ရက် (သောကြာနေ့)နံနက် ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။[ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၇/၈လမ်းဆုံ၊ အင်းစိန်ဗိုလ်ကုန်းမှတ်တိုင်၊ ပုလဲ/ပတ္တမြားနီလာမှတ်တိုင်၊ လှိုင်သာယာ မန္တလေးလမ်းဆုံ၊ ယုဇနဥယျာဉ်မြို့တော်ပိတောက်ကွေ့မှတ်တိုင်နှင့်နေအိမ်တို့မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်နွယ်ဦး(ဆသရ၊ငြိမ်း)
### အသက်(၅၉)နှစ်

ပုသိမ်မြို့၊ အုန်းတောလမ်း၊ အမှတ် ၃နေ(ဦးတင်ဝင်း-ဒေါ်ရည်လေး)တို့၏သမီး၊(ဦးမောင်ချစ်-ဒေါ်အုံးမြင့်)တို့၏သမီးချွေးမ၊ ဦးသန်းဦး (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၏ဇနီး၊ ကိုစည်သူအောင် - မမွန်သူသူထက် (ခေတ္တ-စင်ကာပူ)တို့၏ချစ်လှစွာသောမိခင်၊ (ဦးတင်ထွန်း)-ဒေါ်ခင်ဝင်းမာတို့၏ညီမ၊ ဒေါ်ခင်သက်မူ (ပုသိမ်ပညာရေးကောလိပ်)၊ ဒုဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) - ဒေါ်ခင်အေးမူ၊ ဗိုလ်ကြီးအောင်သူဦး(ငြိမ်း) (ဟိုတယ်/ခရီး) - ဒေါ်မေငွေးနွယ်တို့၏ အစ်မ၊ တူ/တူမ ၁၄ယောက်တို့၏အဒေါ်၊မြေးတစ်ယောက်၏အဘွားသည် ၇-၈-၂၀၁၅ရက်(သောကြာနေ့)နံနက် ၄း၂၅နာရီတွင်ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာအား ဂူသွင်းမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်မေ (မြစ်ဝ)
### အသက်(၉၇)နှစ်

ပန်းတနော်မြို့နယ်၊ သံပုရာချောင်း မြစ်ဝရွာနေ (ဦးဂေါ်ရာ-ဒေါ်ဖွားသိန်း) တို့၏သမီး၊ ညောင်တုန်းမြို့၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ ကန္နားနေ (ဦးအထောင်-ဒေါ်စောကြွယ်)တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၇-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ညောင်တုန်းမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်နှင်း (ရွာသစ်၊ ပဲခူးမြို့)
### အသက်(၉၃)နှစ်

ဦးတိက္ခဉာဏ [ကုန်းကျောက်ကြီး၊ ဇာလီကျောင်းတိုက်၊ မင်းတုန်းမြို့နယ်၊ ဦးလေးအောင်(ငြိမ်း)၊ကထိက၊ ရန်ကုန်စက်မှုတက္ကသိုလ်] - ဒေါ်ခင်ခင်အေး (ငြိမ်း၊ ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင်၊ ဦးမြင့်အောင် (ငြိမ်း၊ အင်ဂျင်နီယာမှူးကြီး၊ မန္တလေး)-ဒေါ်မူမူကျော်တို့၏ အဒေါ်၊ ဦးသူရကျော်အောင် (မြန်မာ-ဝင်ဆန်ကုမ္ပဏီ)၊ဒေါ်မြင့်မြင့်စိန်(Minty)၊ဒေါ်အောင်မြတ်ကြူ (ခေတ္တ-ထိုင်း)တို့၏အဘွား၊မမင်းမာန်ပြည့်၏ဘွားဘွားကြီးသည် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ၁၂း၅၀နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်း၊အမှတ် ၁၉၇ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယကာကြီး
## ဦးမောင်မောင်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးကြွယ်-ဒေါ်မမကြီး)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအီစွမ်း-ဒေါ်သန်းစိန်)တို့၏သားသမက်၊စမ်းချောင်းမြို့နယ်၊ ကျွန်းတော(လယ်)ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် ၄၃၊ မြေညီထပ်နေ ဒေါ်ခင်စီ၏ခင်ပွန်း၊ ဒေါ်စန်းစန်းကြည်(ခ)မမီးမီး(ကိုမျိုးမြင့်)-ဒေါ်ဝင်းဝင်းမို၊ ဒေါက်တာတင်တင်ဝင်း(ခ)ညိုညိုခိုင်(ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးအောင်နေဇာမင်း-ဒေါ်ဝါဝါခိုင်(လ/ထ ကထိက၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်)၊(ကိုတိုးမြင့်)တို့၏ချစ်လှစွာသောဖခင်၊ မခိုင်မိုမို ဝင်း၊ မသိမ့်သူသူဝင်း၊ မခိုင်နွေသိမ်း၊ မခိုင်သဇင်ဟိန်းတို့၏ အဘိုးသည် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၂၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၈-၂၀၁၅ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းဆွေ
### အသက်(၈၅)နှစ်

ပဲနွယ်ကုန်းမြို့နေ(ဦးဖိုးဝင်း-ဒေါ်ပု)တို့၏သား၊ ဘီးလင်းမြို့နေ(ဦးသိန်းဖေ-ဒေါ်ခင်)တို့၏သားသမက်၊ ဘီးလင်းမြို့နယ်၊ ရပ်ကွက်ကြီး(၇)နေ ဒေါ်ခင်နှင်းရီ၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ကျော်နိုင်ဦး(ငြိမ်း) - ဒေါ်ခင်သက်မွန်(ဦးအောင်နိုင်ဦး)၊ (ဦးမြင့်ကြည်)-ဒေါ်ဝေဝေနိုင်၊ ဦးလှနိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၇-၈-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင်ဘီးလင်းမြို့ ဘီးလင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှမွန်းတည့် ၁၂နာရီအထိ ဘီးလင်းမြို့နယ်၊ ရပ်ကွက်ကြီး(၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဏိရတနာရာမမြတောင်တိုက်
### အဓိပတိဩဝါဒါစရိယ
### အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ
### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
### နိုင်ငံတော်ဩဝါဒါစရိယ
### အနန္တဂိုဏ်းဝင်ကျေးဇူးတော်ရှင် သက်တော်ရှည် ရွှေဝါဝင်းဆရာတော်ကြီး
## ဘဒ္ဒန္တသာသနာဘိဝံသ
### သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

သည် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ရက်) ၆-၈-၂၀၁၅ရက် (ကြာ သပတေးနေ့) နံနက် ၈း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်) ၁၂-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ဈာပနအခမ်းအနားကျင်းပပြီး ညနေ ၃နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော်အနောက်ဘက် ရွှေမန်းတောင်အားကစားကွင်း (ယခင် မြင်းပြိုင်ကွင်း)သို့ပင့်ဆောင်၍အန္တိမအဂ္ဂိဈာပနဆင်ယင်ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဈာပနကျင်းပရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်
### ကာ/ယ(ငြိမ်း)၊ အထက(၁) (ဝါးခယ်မ)
### သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၁၇)ဝါ

ဦးမျိုးညွန့် (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)၏ဖခင် ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်သည် ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာနနှင့်**
**အရာထမ်း၊ အမှုထမ်းများ**

## မင်းလှအသင်း(ရန်ကုန်)
## ဦးဘကြည် အသက်(၈၇)နှစ်
### အင်ဂျင်နီယာချုပ်(အငြိမ်းစား)၊ (ဘ·ခ·ရ)

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၂၃၃(A)၊ အခန်း ၄နေ ဒေါ်လဲ့လဲ့မေ၏ခင်ပွန်း၊(ဗိုလ်မှူးကြီးဘရီ)-ဒေါ်အုန်းကြည်တို့၏ညီ၊ (ဒေါက်တာဘစီ)-(MARLAN BASI) UK၊ (ဦးမောင်ကလေး)-ဒေါ်တင်တင်မြိုင်(ခ) ဖလောရင့်စ်မြိုင် [(အထက၊ တောင်ဥက္ကလာပ) (အထက၊ လသာ-၁၊ ငြိမ်း)]၊ [ဦးဘကျော်(ကြယ်ငါးပွင့်သင်္ဘော)]-ဒေါ်စိန်အေးတို့၏အစ်ကိုကြီး၊ ဦးမြင့်ဟန် (G-Oceac PTD. Ltd., Singapore)-ဒေါက်တာဒေါ်သွယ်သွယ်ဦး(ကျောင်းအုပ်ကြီး၊ အထက-၄၊ သာကေတ)၊ ဦးကျော်သူရ(G.S.M Shipping)-ဒေါ်သူသူစိုး၊ ဒေါ်ခင်ဖြူ မော်(ခ)ခင်မင်းထွဋ်-ဦးမင်းထွဋ်တို့၏ဖခင်၊ မမြရည်ရှင်းသန့်၊ မောင်ဘုဏ်လင်းထက်၊ မောင်မင်းသူခန့်၊ Jonathan Min Htut, Jason Min Htut တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၄၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၅ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးလွင်စိုး
### ကြည်း-၁၇၃၆၈ (တေဇ-၉)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိ ၃လမ်း၊ အမှတ် ၃၅၀(A)နေ [ဗိုလ်မှူးတင်ကွန့် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကျဉ်းဦးစီးဌာန)]-ဒေါ်မြရီတို့၏စတုတ္ထသား၊ ဦးစု-ဒေါ်တင်တင်ထွေးတို့၏သားသမက်၊ (ဒေါ်ယဉ်နှင်းမိုး)၏ခင်ပွန်း၊မောင်လင်းစက်ရောင်စိုး၏ချစ်လှစွာသောဖခင်၊ [ဗိုလ်မှူးကြီးအုန်းမြင့်(ကရင်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ငြိမ်း)]-ဒေါ်ခင်သိန်းဝင်း၊ ဦးဇော်လွင်-ဒေါ်သီတာ(အကျဉ်းဦးစီးဌာန၊မုပ္ပလင်)၊ ဦးကွမ်းခြံ-ဒေါ်သန်းသန်းဝင်း၊ ဦးလွင်မိုးဇော်-ဒေါ်စန္ဒာသွယ်တို့၏အစ်ကို/ညီ/မောင်၊ ဒေါက်တာသူသူအုန်းမြင့်၊ ဦးသိန်းထွဋ်တင်-မဝင့်ဝါအုန်းမြင့်၊ ကိုစစ်နိုင်ဦးတို့၏ချစ်လှစွာသောဦးလေးသည် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးမင်းသိန်း(ဆရာကြီး)
### အသက်(၆၇)နှစ်

မြင်းခြံမြို့နေ (ဦးဘို-ဒေါ်မေဟံ) တို့၏သားကြီး၊ မြောင်းမြမြို့နေ (ဦးသော် - ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးကြည်မင်း)-ဒေါ်ငွေးမြင့်၊ ဦးမျိုးဝင်း-ဒေါ်ခင်အေးကြူ၊ ဦးကျော်မင်း-ဒေါ်နီနီဝင်း၊ ဒေါ်မျိုးသီတာနွယ်၊ ဦးမျိုးနိုင်-ဒေါ်ဝင်းဝင်းမော်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးကြီး၊ မပေါက်ပေါက်(ခ)မမျိုးမျိုးအေး၏ ချစ်လှစွာသောဖခင်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ နွယ်နီလမ်း၊ အမှတ် ၁၄နေ ဒေါ်သန်းသန်းအေး (စိန်နန်းတော်၊ အမျိုးသမီးဆောင်)၏ချစ်လှစွာသော ခင်ပွန်းသည် ၇-၈-၂၀၁၅ရက်(သောကြာနေ့) နံနက် ၃း၁၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ နွယ်နီလမ်း၊ အမှတ် ၁၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်လှ(ခ)
## ဟိုဖိန်ရှု (ပြည်မြို့)
### အသက်(၈၀)

ပြည်မြို့၊ကုန်သည်လမ်းနေ(ဦးပေါ-ဒေါ်ငန်)တို့၏သမီး၊ (ဒေါ်ခင်မေ)၊ (ဦးကျင်)၊ ဦးတင်ဝင်း(USA)၊ ဦးခင်အောင်၊ (ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်တင်တင်ဝင်း (USA)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၉၈၊ ငါးလွှာ၊ ၄၉ လမ်းနေ ဒေါက်တာဦးသန်းဝင်း(ခွဲစိတ်အထူးကုဆရာဝန်ကြီး)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်သိန်း-ဒေါ်ကြည်ကြည်ဝင်း(ရွှေသိန်းဘုရားသား)၊ ဦးဖုးစိန်(CE MAERSK TANKERS)-ဒေါ်မေရီလှ၊ ဦးအောင်မျိုး-ဒေါ်စန်းစန်းဝင်း [PETRONAS IRAQ GARRAF LTD(UAE)]၊ ဒေါ်မာမာဝင်း၊ ဒေါ်ခင်လှဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်သော်မင်းလတ် (Sing)၊ မအိအိခိုင် (Sing)၊ မောင်အောင်မြင့်မြတ်၊ မရီရီဝင်း၊ မောင်အောင်သုတဘုဏ်(UAE)တို့၏အဘွားသည် ၅-၈-၂၀၁၅ရက် ည ၉း၂၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၈-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ယာဉ်ပေါ်ကရိက္ခာတွေအားလုံး လိုအပ်သူတွေဆီ အမြန်ဆုံးနဲ့ ချောချောမွေ့မွေ့ရောက်သွားဖို့က ပိုင်းလော့တိုင်းရဲ့ ဆန္ဒပါ

**နေပြည်တော်   ဩဂုတ်   ၇**

လေကြောင်းအချက်ပြတာဝါမှ စကားသံကိုနားစွင့်ရင်း မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူး ကိုစိုင်းနောင်လတ်တစ်ယောက် လေယာဉ်ကို ဦးတည်ရာလမ်းကြောင်းပြောင်းလိုက်သည်။ ဝေဟင်အနေအထားမှာပင် လေတိုက်ခတ်နှုန်း၊ လေလမ်းကြောင်းများနှင့် မိုးတိမ်တောင်များသည် မူလရည်မှန်းထားသည့်အတိုင်း တစ်သဝေမတိမ်းဖြစ်လာဖို့အတွက် မည်သို့မျှ မမျှော်မှန်းနိုင်ကြောင်း အတွေ့အကြုံအရ သူကောင်းစွာသိခြင်းကြောင့် ဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❍

**ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များလှူဒါန်းထားသည့် ရေဘေးကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်စစ်ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိ**

*စာမျက်နှာ - ၇*

**ကျွန်တော်တို့စစ်သားတွေပင်ပန်းပေမယ့်လည်း ပင်ပန်းတယ်လို့ သဘောမထားပါဘူး၊ ရေဘေးသင့်ပြည်သူတွေကိုကူညီရတဲ့အတွက် ကျေနပ်ပါတယ်**

*စာမျက်နှာ - ၉*



## ယနေ့ မာတိကာ

**အီဂျစ်စူးအက်တူးမြောင်းသစ် ဖွင့်လှစ်**

စာ ၄

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရန် နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ နေပြည်တော်တွင်တွေ့ဆုံမည်**

စာ ၅

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်း လာအိုကိုနိုင်ပြီး ထိုင်းအသင်းနှင့် ဗိုလ်လုမည်



မြန်မာနှင့်လာအိုအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

**ဖနောင်ပင်   ဩဂုတ်   ၇**

အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် လာအိုအသင်းကို အနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းက လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက ဩစတြေးလျအသင်းကို သုံးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် ရှုံးပွဲမရှိခဲ့သည့် လာအိုအသင်းကို အကောင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် လာအိုအသင်းတို့ပွဲမှာ ပွဲစကတည်းက အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၃၂ မိနစ်တွင် ပြည့်စုံနိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးရပြီးနောက်ပိုင်းတွင် လာအိုတိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်ကာ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ မြန်မာအသင်းသည် တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်သည့် ခြေစွမ်းကိုပြသနိုင်ခဲ့ပြီး နည်းပြ အဲရစ်ဝီလျံ၏ နည်းဗျူဟာကောင်းမွန်မှုကြောင့်လည်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❒


## ဩောင်းဩာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း



မြန်မာနိုင်ငံရဲ့ အကောင်းဆုံး ထဲက တစ်ခု

ဆရာသောင်း (ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ၊ မြန်မာ့အသံရေဒီယိုမှာ ပြုးပဒေသာဟာသတွေကို ဆရာသောင်း(ရမည်းသင်း) အမည်ဖြင့်ရေးသားနေပြီး မြို့မ(ရမည်းသင်း) တေးဂီတအဖွဲ့မှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက် လေဖြန်းသွားပါလေရောဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင် အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့ အလှကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကိုရောက်လာပြီး **"ဆရာ...ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ် ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို ညအိပ်ယာဝင်တိုင်း လိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူး မကုန်ခင်မှာဘဲ အညောင်းအညာ အကိုက်အခဲတွေလည်း သက်သာလာပါတယ်။ အရင်ကခံစားခဲ့ရတဲ့ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ၊ စာလည်းရေးနိုင်ပြီ၊ သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ... **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်...

ဆရာသောင်း(ရမည်းသင်း) အလီမွှာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့။

ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်တင်နွဲ့ရီ၊ ရွှေမိုးငွေမိုးပီနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့။



(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့်ဖိတ်ခေါ်အပ်ပါသည်)


မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS